
Food and Agriculture Organization of the United Nations



# ကောင်းစွာကြိုတင်အသိပေး၍ လွတ်လပ်သော သဘောထားတောင်းခံခြင်း လုပ်ငန်းစဥ်အား လေးစားလိုက်နာခြင်း

မြေသိမ်းဆည်းမှုနှင့် စပ်လျဉ်း၍ အစိုးရများ၊ ကုမ္ပဏီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဌာနေတိုင်းရင်းသားပြည်သူများနှင့် ဒေသခံလူထုတို့အတွက် လက်တွေ့လိုက်နာသင့်သော လမ်းညွှန်ချက်များ



ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များ စီမံအုပ်ချုပ်မှုဆိုင်ရာ နည်းပညာလမ်းညွှန်စာအုပ်များသည် နိုင်ငံတော်အစိုးရများ၏ လုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှုများ တိုးတက်စေရန် စွမ်းရည်မြှင့်တင်ပေး၍ *အမျိုးသားစားနပ်ရိက္ခာ ဖူလုံရေးအတွက် မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများ လုပ်ပိုင်ခွင့်အား တာဝန်ယူမှုရှိစွာ စီမံအုပ်ချုပ်ခြင်းဆိုင်ရာ မိမိဆန္ဒအလျောက် လိုက်နာနိုင်သော* ***လမ်းညွှန်ချက်များ*** ကို ပိုမိုကျင့်သုံးလာနိုင်စေရန် ရည်ရွယ်၍ ကမကထပြု ဆောင်ရွက်သည့် လုပ်ငန်း၏ တစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များ စီမံအုပ်ချုပ်မှုဆိုင်ရာ နည်းပညာလမ်းညွှန်စာအုပ်များအား နည်းပညာကျွမ်းကျင် ပညာရှင်များက ရေးသားပြုစုထားခြင်းဖြစ်ပြီး ကဏ္ဍမျိုးစုံမှ ဆောင်ရွက်နေကြသူများ အသုံးပြုနိုင်ရန်ဖြစ်ပါသည်။ ဤလမ်းညွှန်စာအုပ်များတွင် -


- "လမ်းညွှန်ချက်များ"မှ အခြေခံမူများကို လက်တွေ့ယန္တရားများ၊ လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ချက်များ အဖြစ် အကောင်အထည်ဖော်ရန် ရှင်းလင်းဖော်ပြထားသည်၊
- ခေတ်မီနည်းစနစ်များ၏ ဥပမာများကို - မည်သို့ကိစ္စကို၊ မည်သည့်နေရာတွင်၊ မည်သည့်အတွက်ကြောင့်၊ မည်ကဲ့သို့ ဆောင်ရွက်ခဲ့သည် စသည်ဖြင့် ဖော်ပြထားသည်၊
- မူဝါဒနှင့် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်၊ အကောင်အထည်ဖော်သည့် စီမံချက်များနှင့် ကြားဝင်ဆောင်ရွက်ပေးရာတွင်လိုက်နာရန် လမ်းညွှန်ချက်များ အတွက် ဒီဇိုင်းပုံစံများကဲ့သို့သော ဆောင်ရွက်ချက်များအတွက် အသုံးဝင်သည့် ကိရိယာများကို ပံ့ပိုးပေးထားပါသည်။

လမ်းညွှန်ချက်များနှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ လုပ်ပိုင်ခွင့်အုပ်ချုပ်ရေးဆောင်ရွက်ချက်များအကြောင်း ပိုမို သိရှိလိုပါက - **www.fao.org/nr/tenure** သို့ ဝင်ရောက်လေ့လာနိုင်ပါသည်။

လုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှု **နည်းပညာလမ်းညွှန်** စာအုပ် အမှတ် (၃)

# ကောင်းစွာကြိုတင်အသိပေး၍ လွတ်လပ်သော သဘောထားတောင်းခံခြင်း လုပ်ငန်းစဉ် အား လေးစားလိုက်နာခြင်း

မြေသိမ်းဆည်းမှုနှင့် စပ်လျဉ်း၍ အစိုးရများ၊ ကုမ္ပဏီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဌာနေတိုင်းရင်းသားပြည်သူများနှင့် ဒေသခံလူထုတို့အတွက် လက်တွေ့လိုက်နာသင့်သော လမ်းညွှန်ချက်၊



**ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့**

ရောမမြို့၊ ၂၀၂၁

ရည်ညွှန်းလျှင် အသုံးပြုရန် စာသား -

FAO. 2021. *ကောင်းစွာကြိုတင်အသိပေး၍ လွတ်လပ်သော သဘောထားတောင်းခံခြင်း လုပ်ငန်းစဥ်အားလေးစားလိုက်နာခြင်း - မြေသိမ်းဆည်းမှုနှင့် စပ်လျဥ်း၍ အစိုးရများ၊ ကုမ္ပဏီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဌာနေတိုင်းရင်းသားပြည်သူများနှင့် ဒေသခံလူထုတို့အတွက် လက်တွေ့လိုက်နာသင့်သော လမ်းညွှန်ချက်*။ လုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှုဆိုင်ရာ နည်းပညာလမ်းညွှန် အမှတ် ၃၊ ရောမမြို့

ဤစာအုပ်အား *Respecting free, prior and informed consent -Practical guidance for governments, companies, NGOs, indigenous peoples and local communities in relation to land acquisition. Governance of Tenure Technical Guide No. 3. Rome.* အမည်ဖြင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ မူရင်းအဖြစ် ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ မြန်မာဘာသာပြန်အား Landesa မှ ပြန်ဆိုပြုစုခြင်းဖြစ်သည်။ ကွဲလွဲမှုများရှိပါက မူရင်းမူသည်သာ အတည်ဖြစ်သည်။

ဤစာအုပ်သည် အမျိုးသားစားနပ်ရိက္ခာဖူလုံရေးအတွက် မြေယာ၊ ငါးလုပ်ငန်း နှင့် သစ်တောများ လုပ်ပိုင်ခွင့်အား တာဝန်ယူမှုရှိစွာ စီမံအုပ်ချုပ်ခြင်း ဆိုင်ရာ မိမိဆန္ဒအလျောက်လိုက်နာနိုင်သော လမ်းညွှန်ချက်များ၊ ကို အသုံးပြုရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။ ယင်းသည် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးကော်မတီ၏ ၂၀၁၂ ခုနှစ်၊ မေလ၊ ၁၁ ရက်နေ့က ထပ်ဆင့်ထောက်ခံထားသည့် လမ်းညွှန်ချက်များပါ အသုံးအနှုန်းများနှင့်သော်လည်းကောင်း အကောင်အထည်ဖော်သည့်နိုင်ငံများ၏ အခန်းကဏ္ဍများ နှင့်သော်လည်းကောင်း ဝိရောဓိ ဖြစ်စေရန် မရည်ရွယ်ပါ။

ဤစာအုပ်အား ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) နှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရန်ပုံငွေ (IFAD) တို့၏ ငွေကြေးထောက်ပံ့မှုဖြင့်ရေးသားပြုစုခဲ့ပြီး ဥရောပသမဂ္ဂ (အီးယူ) ၏ ငွေကြေးထောက်ပံ့မှုဖြင့် ထုတ်ဝေခဲ့ပါသည်။ ဤစာအုပ်တွင် ပါရှိသည့် အမြင်များသည် စာရေးသူများ၏ အမြင်များသာဖြစ်ပြီး FAO, IFED နှင့် EU တို့၏ တရားဝင်မူဝါဒများနှင့် အမြင်များကို ထင်ဟပ်ထား ခြင်း မဟုတ်ပါ။

ဤလမ်းညွှန်စာအုပ်ထုတ်ဝေရာတွင် အသုံးပြုထားသည့် ရာထူးအမည်များနှင့် အကြောင်းအရာများသည် နိုင်ငံတစ်နိုင်ငံ၊ နယ်မြေ၊ မြို့တော် သို့မဟုတ် ဧရိယာ၏ တရားဝင်အဆင့် သို့မဟုတ် အာဏာပိုင်များနှင့်စပ်လျဥ်း၍ သော်လည်းကောင်း နိုင်ငံတစ်နိုင်ငံ သို့မဟုတ် နယ်မြေ တစ်ခု၏ နယ်နိမိတ်သတ်မှတ်ခြင်းနှင့် စပ်လျဥ်း၍သော်လည်းကောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏အာဘော်ကို ဖော်ပြထားခြင်း မရှိစေရပါ။ ဤစာအုပ်တွင်ဖော်ပြထားသော ကုမ္ပဏီ သို့မဟုတ် ထုတ်လုပ်သူများ၏ ထုတ်ကုန်များသည် မူပိုင်ခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ဖော်ပြမထားသော သဘာဝအားဖြင့် တူညီသည့် အခြားကုမ္ပဏီများ၊ ထုတ်ကုန်များထက် သာလွန်သည်ဟု ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က အတည်ပြုပေးသည်ဟု ယူဆခြင်း မရှိစေရပါ။

ဤလမ်းညွှန်စာအုပ်တွင် ပါရှိသည့်အမြင်များသည် စာရေးသူ (များ) ၏ အမြင်များသာဖြစ်ပါသည်။ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ အမြင်များ သို့မဟုတ် မူဝါဒများကို ထင်ဟပ်ခြင်းမရှိပါ။

**ISBN 978-92-5-134142-1**
**© FAO, 2021**

© FAO, 2014 (English edition)

အချို့သော မူပိုင်ခွင့် ကန့်သတ်ချက်များရှိပါသည်။ ဤစာစောင်ကို Creative Commons Attribution-NonCommercial-ShareAlike 3.0 IGO licence (CC BY-NC-SA 3.0 IGO; https://creativecommons.org/licenses/by-nc-sa/3.0/igo/legalcode) လိုင်စင်အရ ထုတ်ဝေခြင်း ဖြစ်ပါသည်။

ဤလိုင်စင်အရ ဤပုံနှိပ်စာစောင်ကို သင့်လျော်စွာ ရည်ညွှန်းချက်ပေး၍ စီးပွားဖြစ် ရည်ရွယ်ချက်အတွက်မဟုတ်ဘဲ ကူးယူခြင်း၊ ပြန်လည်ဖြန့်ဝေခြင်းနှင့် ကိုးကားဖြည့်စွက်ခြင်းများပြုလုပ်နိုင်သည်။ ဤစာစောင်အား မည်သို့အသုံးပြုသည်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု တစ်ခုခုအား FAO မှ ထောက်ခံသည်ဟု အဓိပ္ပါယ်သက်ရောက်စေခြင်း မရှိစေရပါ။ FAO အမှတ်တံဆိပ်အား အသုံးပြုခွင့်မရှိပါ။ ဤစာစောင်ကို ကိုးကားဖြည့်စွက်လျှင် တူညီသော သို့မဟုတ် အလားတူ Creative Commons လိုင်စင်အောက်တွင် မှတ်ပုံတင်ရမည်။ ဤစာစောင်အား ဘာသာပြန်ဆိုခဲ့လျှင် “ဤဘာသာပြန်မှုသည် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ ဖန်တီးပြုစုခြင်းမဟုတ်ပါ။ ဘာသာပြန် အကြောင်းအရာ သို့မဟုတ် တိကျမှုအတွက် FAO တွင် တာဝန်မရှိပါ။ မူရင်း (ဘာသာစကား) မူသည်သာ အတည်ဖြစ်သည်။” ဟူသော ငြင်းဆိုချက်နှင့် သက်ဆိုင်ရာ ရည်ညွှန်းချက် ထည့်သွင်းရမည်။

လိုင်စင် အငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းနိုင်ခြင်းမရှိပါက ဤစာစောင်တွင် အခြား တစ်နည်းပြဋ္ဌာန်းထားခြင်းမရှိပါက လိုင်စင် ပုဒ်မ ၈ တွင်ဖော်ပြထားသော ကြားဝင်စေ့စပ်ခြင်းနှင့် ခုံသမာဓိကြားနာခြင်း နည်းလမ်းများဖြင့် ဖြေရှင်းရမည်။ ကြားဝင်စေ့စပ်ခြင်း စည်းမျဥ်းများမှာ ကမ္ဘာ့ဥာဏပစ္စည်းအဖွဲ့အစည်း၏ ကြားဝင်စေ့စပ်မှုစည်းမျဥ်းများ http://www.wipo.int/amc/en/mediation/rules နှင့် အညီ ဖြစ်သင့်ကာ ခုံသမာဓိကြားနာခြင်းကို ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဥပဒေဆိုင်ရာ ကော်မရှင် (UNCITRAL) ၏ ခုံသမာဓိကြားနာခြင်း စည်းမျဥ်းများနှင့် အညီ ဆောင်ရွက်သင့်ပါသည်။

**တတိယအဖွဲ့အစည်းပိုင် အရင်းအမြစ်များ** - တတိယအဖွဲ့အစည်းတစ်ရပ်ရပ်အား မူပိုင်ခွင့်ရည်ညွှန်းထားသော ဇယားများ၊ ကိန်းဂဏန်းများ သို့မဟုတ် ရုပ်ပုံများအား ပြန်လည်အသုံးပြုလိုသူများသည် ထိုသို့ပြန်လည်အသုံးပြုရန် မည်သည့်ခွင့်ပြုချက်များလိုသည်ကို စုံစမ်းရန်နှင့် မူပိုင်ခွင့်ရှိသူထံမှ လိုအပ်သော ခွင့်ပြုချက်တောင်းခံရန် တာဝန်ယူရပါမည်။ ဤစာစောင်ပါ တတိယအဖွဲ့အစည်းပိုင် အရင်းအမြစ်တစ်ရပ်အား သုံးစွဲမှုကြောင့် မူပိုင်ခွင့်ချိုးဖောက်မှုဖြစ်၍ နစ်နာကြောင်း အရေးဆိုလာပါက အသုံးပြုသူတွင်သာ လုံးဝတာဝန်ရှိပါသည်။

**ရောင်းချခြင်း၊ ခွင့်ပြုချက်နှင့် လိုင်စင်** - FAO ၏ အချက်အလက် ထုတ်ကုန်များကို FAO ဝက်ဆိုက် (www.fao.org/publications) တွင် ရယူနိုင်ပြီး publications-sales@fao.org ထံမှ ဝယ်ယူနိုင်ပါသည်။ စီးပွားဖြစ်အသုံးပြုရန် www.fao.org/contact-us/licence-request မှ တဆင့် ဆက်သွယ်ခွင့်တောင်းရပါမည်။ မူပိုင်ခွင့်နှင့် လိုင်စင်ဆိုင်ရာ စုံစမ်းမေးမြန်းရန် copyright@fao.org ကို ဆက်သွယ်ရပါမည်။

# အသိအမှတ်ပြုလွှာ

ဤနည်းပညာလမ်းညွှန်စာအုပ်ကို သစ်တောအမှီပြု နေထိုင်ကြသူများအစီအစဉ် (Forest People's Programme) မှ အဖွဲ့သားများနှင့် ကင်မရွန်းနိုင်ငံ၊ the Centre pour l'Environnement et le Développement (CED) မှ Samuel Nguiffo တို့ပူးပေါင်းကာ Francesca Romano ၏ ညွှန်ကြားမှုအောက်တွင် ရေးသားပြုစုထားခြင်းဖြစ်ပါသည်။

ဤစာအုပ်ရေးသားပြုစုရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသော Messe Venant, Ali Kaba, Alfred Brownell, Francis Collee, Jean-Marie Muanda, Norman Jiwan, Tang Men Kon, Arun Venkatarman, Alexandra Booth, Frédéric Parfait Harold, Nina Koubahangoue, Henri Muyembe Ngasili, Hon. Dr Walter Wisner, Hon. Dr Brahima Kaba, Jean-Marie Vianney Bendegue, Philippe Karpe, Joseph Bisso, Jean-Guy Motto-Mallo နှင့် Alain Bernard Atangana Tabi တို့ပေးပို့သည့်အကြောင်းအရာများပေါ် အခြေခံ၍ မားကပ်စ်ကော်လ်ချက်စတာ နှင့် ဆိုဖီချောင်း တို့က ဤလမ်းညွှန်စာအုပ်ကို ရေးသားထားပါသည်။

အထူးသဖြင့် တောတွင်းနေထိုင်ကြသူများအစီအစဉ် (Forest People's Programme)မှ အဖွဲ့သားများ၊ Tom Lomax, Emmanuel Freudenthal, Stéphanie Vig, John Nelson, Justin Kenrick, CED မှ Valérie Couillard နှင့် Fergus MacKey ၊ Samuel Nguiffo နှင့် Pauline Ebelle Bessoka တို့၏ အနီးကပ်ပူးပေါင်းဆောင်ရွက်မှုမရှိပါက ဤစာအုပ်ထွက်ပေါ်လာနိုင်မည် မဟုတ်ပါ။

ဤစာအုပ်အား အဆင့်တူအဖွဲ့အစည်းများမှ Paolo Groppo, Margret Vidar, Thea Hilhorst, Christopher Tanner, Lorenzo Cotula, Laura German, Antonella Cordone, Joanna Athlin, Alexandre Ghelew နှင့် German Agency for International Cooperation (GIZ) မှ ဂျာမန်မြေယာလုပ်ငန်းအဖွဲ့ တို့က ပြန်လည်သုံးသပ် ပေးထားပါသည်။ ဤစာအုပ်အား အန်နာ ဘားနတ်တည်းဖြတ်ပေးထားပြီး ဒီဇိုင်းအပြင်ဆင်မှာ လူကာ ဖလီဇီယာနီ၏ လက်ယာဖြစ်ပါသည်။

ဤစာအုပ်အား ပြန်လည်သုံးသပ်သည့်အဆင့်တွင် သဘောထားမှတ်ချက်နှင့် အကြံဉာဏ်များ ပေးခဲ့ကြသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး နှင့် ဌာနေတိုင်းရင်းသားများ၏အခွင့်အရေးဆိုင်ရာ အထူးသတင်းထောက် တို့အား FAO က ကျေးဇူးအထူးတင်ရှိပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် သုတေသနလုပ်ငန်းနှင့် မူကြမ်းရေးသားပြုစုရေးအတွက် FAO နှင့် the International Fund for Agricultural Development (IFAD), ရန်ပုံငွေပံ့ပိုးပေးခဲ့ကြပြီး ပုံနှိပ်ရေးအတွက် ဥရောပသမဂ္ဂ က Improved Global Governance for Hunger Reduction Programme အစီအစဉ်မှတစ်ဆင့် ရန်ပုံငွေ ပံ့ပိုးပေးခဲ့ပါသည်။

# ဥယျောဇဉ်

လုပ်ပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်အားစီမံအုပ်ချုပ်ရေးတို့သည် ပြည်သူများ၊ ရပ်ရွာလူထုနှင့် အခြားသော သူများမှနေ၍ မြေယာနှင့် အခြားသောသဘာဝ အရင်းအမြစ်များအား အသုံးပြုခွင့်နှင့် ထိမ်းချုပ် စီမံခွင့်ရှိ-မရှိနှင့် မည်ကဲ့သို့ ဆောင်ရွက်နိုင်မည်ဆိုသည်တို့ကို ဆုံးဖြတ်ပေးသည့် အရေးကြီးသော အချက်ဖြစ်ပါသည်။ လုပ်ပိုင်ခွင့်အား တာဝန်ယူမှုရှိစွာ အုပ်ချုပ်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုပပျောက် ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ပေါ်ပေါက်လာရေးတို့အတွက် အထောက်အကူ ဖြစ်စေသည့် ရေရှည်တည်တံ့သော လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားပေးပါသည်။ တာဝန်ယူမှုရှိသော လုပ်ထုံးလုပ်နည်း များအတွက် အကိုးအကားဖြစ်စေပြီး အခြေခံမူများနှင့် နိုင်ငံတကာက လက်ခံနိုင်သည့် စံချိန်စံညွှန်းများကို ပြဋ္ဌာန်းထားသည့် အမျိုးသား စားနပ်ရိက္ခာဖူလုံရေးအတွက် မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများအား တာဝန်ယူမှုရှိစွာ စီမံ အုပ်ချုပ်ခြင်းဆိုင်ရာ မိမိဆန္ဒအလျောက် လိုက်နာနိုင်သော လမ်းညွှန်ချက်များ (“လမ်းညွှန်ချက် များ”) ၏ ဦးတည်ချက်မှာ လုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှု တိုးတက်စေရေး ဖြစ်သည်။

ကမ္ဘာပေါ်တွင် လူဦးရေတိုးတက်လာခြင်း၊ လူနေမှုအဆင့်အတန်းများမြင့်မားလာခြင်း၊ လူ သုံးကုန်ပစ္စည်းများဈေးနှုန်းမြင့်တက်လာမှု၊ ကမ္ဘာ့ကုန်သွယ်ရေးနှင့် စိုက်ပျိုးရေးလောင်စာများ ကဲ့သို့သော စားကုန်သီးနှံများအသုံးပြုမှုစသည့် နောက်ခံအခြေအနေတွင် မြေယာနှင့် သဘာ ဝ အရင်းအမြစ်များအား စီမံအုပ်ချုပ်ပုံအားနည်းပြီး လုပ်ပိုင်ခွင့် မခိုင်မာပါက လယ်ယာမြေများ နှင့် သစ်တောများအပေါ် ကြီးလေးသော ဝန်ပိစေပါသည်။ ဥပဒေအရ စိစစ်ကြပ်မတ်မှု အားနည်း သည့် မြေသိမ်းဆည်းမှုများသည် အထူးသဖြင့် အာဖရိကတိုက် ဆာဟာရတောင်ပိုင်းဒေသနှင့် အရှေ့တောင်အာရှတို့တွင် ကြီးမားသောပြဿနာများ ဖြစ်လာစေကာ စားနပ်ရိက္ခာဖူလုံရေး၊ ဒေသခံ များ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် ရေရှည်တည်တံ့သည့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုတို့အတွက် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်စေပြီး မြေယာပဋိပက္ခများနှင့် လူ့အခွင့်အရေး အလွဲသုံးမှုများကို စတင်ဖြစ်ပေါ်စေသည်။ အထူးသဖြင့်အန္တရာယ်ရင်ဆိုင်နေကြရသူများမှာ ဌာနေ တိုင်းရင်းသားများ၊ အခြားသော ဓလေ့ထုံးတမ်းမြေပိုင်ရှင်များ၊ အမျိုးသမီးများ၊ ဇာတ်နိမ့်သူများနှင့် တိုင်းရင်းသားလူနည်းစုများအပါအဝင် ခွဲခြားဆက်ဆံခံရသော လူမှုရေးအုပ်စုများဖြစ်ကြပါသည်။

မြေသိမ်းမှုများ ပိုမိုဖြစ်ပေါ်လာခြင်းကြောင့် ရေရှည်တွင် လူမှုရေးနှင့် ပတ်ဝန်းကျင်အပေါ်ထိခိုက် မည့်အရေးစိုးရိမ်မကင်းမှုများ မြင့်မားလာရာ နိုင်ငံတကာလူ့အခွင့်အရေးနှင့် စံချိန်စံနှုန်းသတ်မှတ် ရေးအဖွဲ့အစည်းများသည် ဤလုပ်ငန်းစဉ်ကိုတရားဥပဒေနှင့်အညီ ဖြစ်စေရန် အကူအညီပေး ရေးအတွက် ဒီဇိုင်းရေးဆွဲမည့် စံချိန်စံညွှန်းနှင့် လုပ်ငန်းစဉ်အသစ်များ ရှာဖွေအသုံးပြုရန် စတင် ဆောင်ရွက် လာကြသည်။ ရည်ရွယ်ချက်မှာ ရင်းနှီးမြှုပ်နှံမှုများကို အားမပေးရန် သို့မဟုတ် လယ်ယာမြေသစ်များ ဖော်ဆောင်ရေးကိုတားဆီးရန် မဟုတ်ဘဲ၊ ထိုသို့ချဲ့ထွင်မှုများကို လုပ်ဆောင် ရာ၌ အခွင့်အရေးများကိုလေးစားလိုက်နာကာ၊ သင့်တော်၍ ရေရှည်တည်တံ့သည့်အ သက်မွေး ဝမ်းကျောင်း လုပ်ငန်းများ ခိုင်မာစေပြီး၊ ဒေသခံများ၏ စားဝတ်နေရေးအတွက် အရေးကြီးသည့်

ဧရိယာများနှင့် သဘာဝပတ်ဝန်းကျင်အရ အရေးပါသည့် နေရာများတွင် ဖိအားမသက်ရောက်စေသည့် နည်းလမ်းများဖြင့်ဆောင်ရွက်စေရန်သာ ရည်ရွယ်ပါသည်။

ဤလမ်းညွှန်ချက်များတွင် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများသည် အခြားသူများအတွက် ထိခိုက်ဆုံးရှုံးမှုများ မဖန်တီးသင့်ကြောင်း၊ ခိုင်"လုံ"သောလုပ်ပိုင်ခွင့်ရှိသူများ၏ ပိုင်ဆိုင်မှုများ လက်လွှတ်ဆုံးရှုံးရမှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှုများမရှိစေရန် ကာကွယ်ပေးသင့်ကြောင်း နှင့် လူ့အခွင့်အရေးများကို လေးစားသင့်ကြောင်း ဖော်ပြထားပါသည်။

ဤကောင်းစွာကြိုတင်အသိပေး၍ လွတ်လပ်သော သဘောထားတောင်းခံခြင်း (FPIC) လုပ်ငန်းစဉ်အား လေးစားလိုက်နာရေး နည်းပညာ လမ်းညွှန်စာအုပ်တွင် “လမ်းညွှန်ချက်များ”တွင် ထပ်ဆင့်ထောက်ခံထားသည့်အတိုင်း အစိုးရဌာနများအနေနှင့် FPIC အား လေးစားလိုက်နာ၊ ကာကွယ်ပေးရန် လက်တွေ့ဆောင်ရွက်နိုင်သည့် နည်းလမ်းများနှင့် ကမ္ဘာတစ်ဝှမ်းမှ မြေအသုံးပြုသူများနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ အနေနှင့် FPIC နှင့် သက်ဆိုင်သည့် ၎င်းတို့၏ တာဝန်ဝတ္တရားများအား ဖော်ပြထားပါသည်။

**မာရီယာ ဟယ်လန်ဒါ ဆီမီဒို**
*ဒုတိယ ညွှန်ကြားရေးမှူးချုပ်*
သဘာဝအရင်းအမြစ် ညှိနှိုင်းရေးမှူး

# မာတိကာ


အသိအမှတ်ပြုလွှာ . . . . . . . . . . . . . . . . . . . . . . . . . . V
ဥယျောဇဥ် . . . . . . . . . . . . . . . . . . . . . . . . . . VI

**နိဒါန်း** **၁**

ဤလက်တွေ့လမ်းညွှန်အား ဘာကြောင့်လိုအပ်ပါသလဲ။ . . . . . . . . . . . ၃
တာဝန်နှင့်ဝတ္တရားများ . . . . . . . . . . . . . . . . . . . . . ၇
မည်သူ့ထံမှ FPIC ကိုရယူသင့်ပါသလဲ။ . . . . . . . . . . . . . . . ၉
FPIC ၏အကျိုးကျေးဇူးများ . . . . . . . . . . . . . . . . . . ၁၁

**လက်တွေ့လမ်းညွှန်"ချက်"က** **၁၂**

အကောင်းအထည်ဖော်ရေးအတွက် အခြေခံများချမှတ်ခြင်း . . . . . . . . . . . ၁၅
‘ကြိုတင်’ ဆိုသည်မှာ မည်မျှ ကြိုတင်ဆောင်ရွက်ရမည်လဲ . . . . . . . . . . ၁၈
မူလ ရပိုင်ခွင့် ရှိထားသူများအား ဖော်ထုတ်သတ်မှတ်ခြင်း . . . . . . . . . . ၁၉
ယင်းကို မည်ကဲ့သို့အကောင်အထည်ဖော်သင့်ပါသလဲ။ . . . . . . . . . . . ၂၀
မြေယာ၏ တရားဝင်အနေအထားကို သေခြာအောင်ဆောင်ရွက်ခြင်း . . . . . . . . ၂၃
ယင်းကို မည်ကဲ့သို့အကောင်အထည်ဖော်သင့်ပါသလဲ . . . . . . . . . . . ၂၄
မြေတောင်းခံရန်နှင့် အသုံးပြုရန်မြေပုံထုတ်ခြင်း . . . . . . . . . . . . ၂၇
ယင်းကို မည်ကဲ့သို့အကောင်အထည် ဖော်သင့်ပါသလဲ . . . . . . . . . . . ၂၇
ထည့်သွင်းစဉ်းစားရန်အချက် . . . . . . . . . . . . . . . . . . ၃၀
မြေပုံထုတ်သည့်လုပ်ငန်းစဉ်အား ဆောင်ရွက်ခြင်း . . . . . . . . . . . . ၃၂
ဆုံးဖြတ်ချက်ချမည့် အဖွဲ့အစည်းများနှင့်ကိုယ်စားလှယ်များအား ဖော်ထုတ်သတ်မှတ်ခြင်း . . . . . ၃၃
ယင်းကို မည်ကဲ့သို့ အကောင်အထည်ဖော်သင့်ပါသလဲ . . . . . . . . . . . ၃၃
အပြန်အလှန်ဆွေးနွေးတိုင်ပင်မှုများနှင့် သတင်းအချက်အလက် ဝေမျှမှုများ ဆောင်ရွက်ခြင်း။ . . . . ၃၆
သတင်းအချက်အလက်နှင့် အကြံဉာဏ်များ အတွက် လွတ်လပ်သည့်ရင်းမြစ်များ ရယူသုံးစွဲနိုင်ရန် ပံ့ပိုးခြင်း . ၄၂
ယင်းကို မည်ကဲ့သို့ အကောင်အထည်ဖော်သင့်ပါသလဲ . . . . . . . . . . . ၄၃
သဘောတူညီချက် ရယူခြင်းနှင့် ထိရောက်အောင်ဆောင်ရွက်ခြင်း . . . . . . . . ၄၃
ယင်းကို မည်ကဲ့သို့အကောင်အထည်ဖော်သင့်ပါသလဲ . . . . . . . . . . . ၄၄
သဘောတူညီချက်များအား စောင့်ကြည့်၊ အတည်ပြုခြင်း။. . . . . . . . . . . ၄၆
ယင်းကို မည်ကဲ့သို့ အကောင်အထည်ဖော်သင့်ပါသလဲ . . . . . . . . . . . ၄၆
နစ်နာကြေးပေးသည့် လုပ်ငန်းစဉ်တည်ဆောက်ခြင်း . . . . . . . . . . . . ၄၇
ကုစားမှုနှင့် ပဋိပက္ခဖြေရှင်းမှုရရှိရန် ပံ့ပိုးပေးခြင်း . . . . . . . . . . . . ၄၉
ယင်းကို မည်ကဲ့သို့ အကောင်အထည်ဖော်သင့်ပါသလဲ . . . . . . . . . . . ၄၉


## နောက်ဆက်တွဲ ၅၁


နောက်ဆက်တွဲ ၁- FPIC အား လေးစားလိုက်နာခြင်း လုပ်ငန်းစဉ်အတွက် အကြံပြု အဆင့်များ. . . . . ၅၃
နောက်ဆက်တွဲ ၂ - အသုံးဝင်သည့် မေးခွန်းများ . . . . . . . . . . . . . . . . . ၅၄
ဌာနေတိုင်းရင်းသား ပြည်သူများနှင့် ဒေသခံ ရပ်ရွာလူထုတို့ မိမိကိုယ်ကိုမိမိ မေးရန် မေးခွန်းများ . . . . ၅၄
ကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံသူများ မိမိကိုယ်ကို မိမိမေးရန် မေးခွန်းများ . . . . . . . . . . . ၅၈
အစိုးရအရာရှိများ မိမိကိုယ်ကို မိမိ မေးရန် မေးခွန်းများ . . . . . . . . . . . . . . ၅၉
NGO များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဌာနေတိုင်းရင်းသား အဖွဲ့အစည်းများ
မိမိကိုယ်ကို မိမိ မေးရန် . . . . . . . . . . . . . . . . . . . . . ၆၁
နောက်ဆက်တွဲ ၃ - ကိုးကားစာရင်းနှင့် ဆက်လက်ဖတ်ရှုရန် စာအုပ်စာတမ်းများ . . . . . . . ၆၂


## ဇယားကွက်များ


FPIC နှင့် "လမ်းညွှန်ချက်များ . . . . . . . . . . . . . . . . . . . . . . ၃
ကောင်းစွာကြိုတင်အသိပေး၍ လွတ်လပ်သော သဘောထားတောင်းခံခြင်း လုပ်ငန်းစဉ်၏ အစိတ်အပိုင်းများ ၆
ဖိလစ်ပိုင်နိုင်ငံရှိ ဌာနေတိုင်းရင်းသား ပြည်သူများ၏ အခွင့်အရေးများ အက်ဥပဒေ (IPRA) . . . . ၈
FPIC တွင် ရလဒ်များသာမက လုပ်ငန်းစဉ်သည်လည်း အရေးကြီးပါသည်။ . . . . . . . . . ၁၁
FPIC အား လိုက်နာရန် လိုအပ်သည့် အချိန်နှင့် အရင်းအမြစ်များနှင့် ဆိုင်သည့် အချက်များ . . . . . . ၁၄
ဓလေ့ထုံးတမ်းအခွင့်အရေးများဆိုသည်မှာ ဘာတွေလဲ. . . . . . . . . . . . . . . ၁၉
မြေယာနှင့် သဘာဝအရင်းအမြစ်များ၏ ယဉ်ကျေးမှုတန်ဖိုးနှင့် စပ်လျဉ်း၍ "လမ်းညွှန်ချက်များ"
တွင် ဖော်ပြထားချက် . . . . . . . . . . . . . . . . . . . . . . . ၂၁
သတင်းအချက်အလက် ရပိုင်ခွင့်နှင့် ခွဲခြားဆက်ဆံမှုမရှိရေးဆိုင်ရာ "လမ်းညွှန်ချက်များ"
ပါ သတ်မှတ်ချက်များ . . . . . . . . . . . . . . . . . . . . . . . ၃၆
စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အာမခံချက်ရှိရေးဆိုင်ရာ
"လမ်းညွှန်ချက်များ" ပါ သတ်မှတ်ချက်များ . . . . . . . . . . . . . . . . ၄၂
ကြိုတင်အသိပေး ရယူထားသည့် သဘောတူညီချက် . . . . . . . . . . . . . . ၄၃
လုပ်ပိုင်ခွင့်နှင့် ရှယ်ယာပိုင်ဆိုင်သူအတွက် ရွေးချယ်ရန် အခွင့်အလမ်းများ . . . . . . . . . ၄၄
ထိရောက်သော စေ့စပ်ညှိနှိုင်းမှုအတွက် အခြေခံများ။ . . . . . . . . . . . . . . ၄၅
နစ်နာကြေးများ၊ ကုစားမှုများနှင့် ပဋိပက္ခ ဖြေရှင်းရေးဆိုင်ရာ "လမ်းညွှန်ချက်များ" . . . . . . . ၄၇
ကုစားရန် အခွင့်အရေး . . . . . . . . . . . . . . . . . . . . . . . ၄၉

# နိဒါန်း



# နိဒါန်း

## ဤလက်တွေ့လမ်းညွှန်အား ဘာကြောင့်လိုအပ်ပါသလဲ။

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ယခင်ကထက်ပို၍ မြေယာကဏ္ဍ၌ ကြီးမားသောရင်းနှီးမြှုပ်နှံမှုများ လျှင်မြန်စွာ ပြန့်နှံ့လာလျက်ရှိသည်။ မကြာခဏပင် နိုင်ငံတော် ဥပဒေအရ လုံလောက်စွာ အသိအမှတ်ပြု ကာကွယ်ပေးထားခြင်း မရှိသော ဓလေ့ထုံးတမ်း အရ စီမံအုပ်ချုပ်သည့် မြေယာများနှင့် အစိုးရများက ဥပဒေစိုးမိုးအောင် ဆောင်ရွက် နိုင်စွမ်းမရှိသော နေရာများတွင် ထိုရင်းနှီးမြှုပ်နှံမှုများကို ပစ်မှတ်ထား ဆောင်ရွက်လာကြသည်။ မြေယာနှင့် သဘာဝအရင်းအမြစ်များအား အသုံးပြုမှု ပြောင်းလဲ သွားစေသော မြေယာ စီမံကိန်းမျုးသည် စားဝတ်နေရေး၊ သာယာပျော်ရွှင်ရေးနှင့် ယဥ်ကျေးမှုအမှတ်လက္ခဏာများအတွက် ထိုအရင်းအမြစ်များပေါ် အဓိကမှီခို အားထားနေရသည့် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံ ရပ်ရွာလူထုအပေါ် သက်ရောက်မှုများ ကျယ်ပြန့်စွာ ဖြစ်ပေါ်လာသည်။ ဥပဒေအရ စိစစ်ကြပ်မတ်မှုအားနည်းသည့် မြေသိမ်းဆည်းမှုများသည် အထူးသဖြင့် အာဖရိကတိုက် ဆာဟာရတောင်ပိုင်းဒေသ နှင့် အရှေ့တောင်အာရှ တို့တွင် ကြီးမားသော ပြဿနာများဖြစ်လာစေပြီး စားနပ်ရိက္ခာဖူလုံရေး၊ ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ရေရှည်တည်တံ့သည့် သဘာဝ အရင်းအမြစ်စီမံခန့်ခွဲမှုတို့အတွက် ခြိမ်းခြောက်မှုများ ပေါ်ပေါက်စေပြီး မြေယာပဋိပက္ခများနှင့် လူ့အခွင့်အရေးအလွဲသုံးမှုများကို စတင်ဖြစ်ပေါ်စေသည်။ အထူးသဖြင့် အန္တရာယ်ရင်ဆိုင်နေကြရသူများမှာ ဌာနေတိုင်းရင်းသားများ၊ အခြားသော ဓလေ့ထုံးတမ်းမြေပိုင်ရှင်များ၊ အမျိုးသမီးများ၊ ဇာတ်နိမ့်သူများနှင့် တိုင်းရင်းသားလူနည်းစုများအပါအဝင် ခွဲခြားဆက်ဆံခံရသော လူမှုရေးအုပ်စုများဖြစ်ကြပါသည်။

၂၀၁၂ ခုနှစ်၊ မေလတွင် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးကော်မတီ (CFS) သည် အမျိုးသား စားနပ်ရိက္ခာဖူလုံရေးအတွက် မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများအား တာဝန်ယူမှုရှိစွာ စီမံအုပ်ချုပ်ခြင်းဆိုင်ရာ မိမိဆန္ဒအလျောက် လိုက်နာနိုင်သော လမ်းညွှန်ချက်များ ("လမ်းညွှန်ချက်များ" ဟု ရည်ညွှန်းသွားပါမည်) အား ထောက်ခံလက်မှတ်ရေးထိုးခဲ့သည်။ ထို"လမ်းညွှန်ချက်များ"တွင် နိုင်ငံတော်အစိုးရများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကဏ္ဍများအတွက် အရင်းအမြစ် လုပ်ပိုင်ခွင့်အား တာဝန်ယူမှုရှိစွာ စီမံအုပ်ချုပ်ရေးဆိုင်ရာ လက်တွေ့လမ်းညွှန်ချက်များ ပေးထားပြီး မူဝါဒများ၊ ဥပဒေများနှင့် အစီအစဥ်များအတွက် မူဘောင်တစ်ရပ်ကို ချမှတ်ပေးထားသည်။

အထူးသဖြင့် ထို”လမ်းညွှန်ချက်များ”သည် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းများအား ခိုင်မာစေပြီး ရေရှည်တည်တံ့သည့် ရပ်ရွာအခြေပြု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မြှင့်တင်ပေးသည့် အခွင့်အရေးများ၊ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် တန်းတူညီမျှရေရှည် အကျိုးကျေးဇူးများကိုလိုက်နာရန် အားပေးထားသည်။

ဤစာအုပ်သည် ကောင်းစွာကြိုတင်အသိပေး၍ လွတ်လပ်သော သဘောထားတောင်းခံခြင်း (FPIC) လုပ်ငန်းစဥ် ဆိုင်ရာ နည်းပညာ လမ်းညွှန်ချက် ဖြစ်ပါသည်။ “လမ်းညွှန်ချက်များ” ပါ စာပိုဒ် ၉.၉ တွင် ထောက်ခံအတည်ပြုထားသည့်အတိုင်း အကောင်အထည် ဖော်နိုင်ရန် အစိုးရဌာနများအနေဖြင့် FPIC အားလိုက်နာ၊ ကာကွယ်ပေးနိုင်ရန်နှင့် ကမ္ဘာတစ်ဝှမ်းမှ အရပ်ဖက်လူမှု အဖွဲ့အစည်းများ၊ မြေအသုံးချ သူများနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် FPIC နှင့်စပ်လျဉ်းသည့် တာဝန်ဝတ္တရားများကို လိုက်နာနိုင်ရန် လက်တွေ့ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ဖော်ပြပေးထားပါသည်။ “လမ်းညွှန်ချက်များ” အပိုဒ် ၃(ခ)(၆) နှင့်အညီ မြေအသုံးပြုမှု ပြောင်းလဲခြင်းကြောင့် ထိခိုက်နစ်နာသူများနှင့် မည်ကဲ့သို့ ညှိနှိုင်းသဘောထားတောင်းခံရန်နှင့် ပါဝင်ခွင့်ပြုရန်တို့ကိုလည်း ဖော်ပြထားပါသည် (“FPIC နှင့်လမ်းညွှန်ချက်များ” တွင် ကြည့်ပါ)။

**FPIC နှင့် “လမ်းညွှန်ချက်များ**

အရင်းအမြစ်- FAO 2012

FPIC နှင့်စပ်လျဉ်းသော တာဝန်ဝတ္တရားများကို “လမ်းညွှန်ချက်များ”၏ အောက်ပါစာပိုဒ်များတွင် ဖော်ပြထားပါသည်-

**၃ခ.၆။** တိုင်ပင်ဆွေးနွေးခြင်းနှင့် ပူးပေါင်းပါဝင်စေခြင်း။ လုပ်ပိုင်ခွင့်ဆိုင်ရာ ဆုံးဖြတ်ချက်များ မချမှတ်မီ ခိုင်လုံသော လုပ်ပိုင်ခွင့် ရှိသူများ၊ ဆုံးဖြတ်ချက် ၏ သက်ရောက်မှုကို ခံရနိုင်သော သူများ၏ ထောက်ခံမှုရရန် ၎င်းတို့နှင့် ညှိနှိုင်းတိုင်ပင်၍ ၎င်းတို့၏ တင်ပြအဆိုပြုချက်များကို ထည့်သွင်းစဥ်းစားရမည်။ လက်ရှိ ဆုံးဖြတ်ခွင့်အာဏာ မညီမျှမှုများကိုလည်း ထည့်သွင်း စဥ်းစားကာ ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဥ်တွင် ပါဝင်သူ တစ်ဦးချင်းနှင့် အစုအဖွဲ့များအနေဖြင့် တက်ကြွ၊ လွတ်လပ်စွာ၊ ထိရောက်စွာ၊ ကြိုတင်သိရှိကာ ပါဝင်ဆောင်ရွက်နိုင်ရန် ဂရုပြုရမည်။

**၉.၉။** ဌာနေတိုင်းရင်းသားများ ရပိုင်ခွင့် ရှိသည့် အရင်းအမြစ်များအား သက်ရောက်မှုရှိမည့် စီမံကိန်းများ သို့မဟုတ် ဥပဒေ သို့မဟုတ် စီမံအုပ်ချုပ်မှု လုပ်ငန်းများ မရေးဆွဲ၊ မဖော်ဆောင်မီ နိုင်ငံတော်အစိုးရနှင့် အခြား သက်ဆိုင်ရာအဖွဲ့များသည် ဌာနေတိုင်းရင်းသားများနှင့် စိတ်ကောင်းစေတနာ ရှေ့ထား၍ တိုင်ပင်ဆွေးနွေးရမည်။ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်းနှင့် သက်ဆိုင်ရာနိုင်ငံ၏ ရပ်တည်ချက်၊ ခံယူချက်များကို ထည့်သွင်းစဥ်းစားကာ ဌာနေတိုင်းရင်းသားများ၏ ကိုယ်စားလှယ်များနှင့် ထိရောက်၊ အဓိပ္ပါယ်ရှိစွာ ဆွေးနွေးတိုင်ပင်၍ ၎င်းတို့အား လွတ်လပ်စွာ ကြိုတင်အသိပေး သဘောထားတောင်းခံရရှိပြီးမှသာ အဆိုပါ စီမံကိန်းများကို ဆောင်ရွက်သင့်သည်။ ဆွေးနွေးညှိနှိုင်းရာတွင်နှင့် ဆုံးဖြတ်ချက်ချရာတွင် ဖိအားပေးခြိမ်းခြောက်မှုများ မပါဘဲ ယုံကြည်မှုကိုအခြေခံ၍ ဆောင်ရွက်ရမည်။ ဆွေးနွေးတိုင်ပင်ခြင်းနှင့် ပူးပေါင်း ပါဝင်စေခြင်းဆိုင်ရာ အခြေခံမူများကို စာပိုဒ် ၃(ခ).၆ တွင် ဖော်ပြထားပြီး ဤအပိုင်းပါ အခြားရပ်ရွာများနှင့် ပတ်သက်၍လည်း အသုံးပြုနိုင်သည်။

**၁၂.၇။** ဌာနေတိုင်းရင်းသားများနှင့် ၎င်းတို့၏ ရပ်ရွာအသိုက်အဝန်းများနှင့် စပ်လျဥ်း၍ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်တိုင်းသည် ပြည်တွင်းနှင့် နိုင်ငံတကာ ဥပဒေများ အောက်ရှိ လိုက်နာရန် တာဝန်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာ သဘောတူညီချက်များ အောက်ရှိ မိမိဆန္ဒအလျောက် လိုက်နာနိုင်သော ကတိကဝတ်များ၊ ပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း၏ လွတ်လပ်သော တိုင်းပြည်များရှိ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံ လူမျိုးစုများဆိုင်ရာ ကြေညာစာတမ်း (အမှတ် ၁၆၉) နှင့် ဌာနေတိုင်းရင်းသားများဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းစသည်တို့နှင့် ညီညွတ်ရန် ဂရုပြုရပါမည်။ နိုင်ငံတော်အစိုးရနှင့် အခြား သက်ဆိုင်ရာ လုပ်ငန်း၊ အဖွဲ့အစည်းများသည် ဌာနေတိုင်းရင်းသားများ လုပ်ပိုင်ခွင့်ရှိသော အရင်းအမြစ်များအား သက်ရောက်မှုရှိမည့် ရင်းနှီးမြှုပ်နှံမှုများ မစတင်မီ ၎င်းတို့နှင့် စိတ်ကောင်း စေတနာထား၍ ဆွေးနွေးညှိနှိုင်းရမည်။ စာပိုဒ် ၉.၉ တွင် ဖော်ပြထားသည့် လမ်းညွှန်ချက်နှင့်အညီ ဌာနေတိုင်းရင်းသား ကိုယ်စားလှယ်များနှင့် ထိရောက်စွာ၊ အဓိပ္ပါယ်ရှိစွာဆွေးနွေးပြီးမှသာ စီမံကိန်းများကို ပြင်ဆင်ရမည်။ အခြားသော ဒေသခံလူထုများ၏ အရင်းအမြစ်များကို သုံးစွဲရန်ရည်ရွယ်သည့် စီမံကိန်းများအားလုံးတွင် ဤလမ်းညွှန်ချက်များပါ ဆွေးနွေးတိုင်ပင်ခြင်းနှင့် ပူးပေါင်းပါဝင်စေခြင်း အခြေခံမူများကို ကျင့်သုံးသင့်သည်။

## ကောင်းစွာကြိုတင် အသိပေး၍ လွတ်လပ်သော သဘောထားတောင်းခံခြင်း ဆိုသည်မှာ ဘာပါလဲ။

FPIC သည် ဌာနေတိုင်းရင်းသားများ၏ မြေယာများ၊ နယ်နိမိတ်များနှင့် အခြားသောပိုင်ဆိုင်မှုများရပိုင်ခွင့်နှင့် ကိုယ်ပိုင်စီရင်ပိုင်ခွင့်ဆိုင်ရာ စုပေါင်းအခွင့်အရေးများမှနေ၍ ဆင်းသက်လာကာ နိုင်ငံတကာလူ့အခွင့်အရေး စံတစ်ရပ်အဖြစ် ပေါ်ပေါက်လာပါသည်။ ဤလမ်းညွှန်စာအုပ်တွင် FPIC ဆိုသည်မှာ ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် လွတ်လပ်စွာရွေးချယ်ထားသော ကိုယ်စားလှယ်များ၊ ဓလေ့ထုံတမ်း သို့မဟုတ် အခြား စနစ်၊အဖွဲ့အစည်းများမှတဆင့် ဆုံးဖြတ်ချက်များ ချပိုင်ခွင့်နှင့် ၎င်းတို့ ဓလေ့ထုံးတမ်းအရ ပိုင်ဆိုင်၊ လုပ်ကိုင် သို့မဟုတ် အသုံးပြုလျက်ရှိသည့်မြေယာများ၊ နယ်နိမိတ်များနှင့် အရင်းအမြစ်များအပေါ် သက်ရောက်စေမည့် စီမံကိန်းတစ်ခုခု ရှိလာပါက အစိုးရ၊ ကုမ္ပဏီ သို့မဟုတ် အခြားသော ပြင်ပအဖွဲ့အစည်းတို့မှ အတည်မပြုမီ ဌာနေတိုင်းရင်းသားများဘက်မှ သဘောတူပိုင်ခွင့် သို့မဟုတ် ကန့်ကွက်ပိုင်ခွင့် ဦးစွာရရှိရေး စသည့် စုပေါင်းအခွင့်အရေးဟု ဖွင့်ဆိုရည်ညွှန်းပါသည်။

သို့ဖြစ်ရာ ယင်းသည် တစ်ဦးတစ်ယောက်တည်း၏ အခွင့်အရေးမျိုးမဟုတ်ဘဲ ဌာနေတိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့၏ ဘဝများ၊ အသက်မွေးဝမ်းကျောင်းများ၊ မြေယာများ၊ အခြားအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များအား ထိန်းချုပ်စီမံနိုင်ရန် အာမခံပေးသည့် လူ့အခွင့်အရေးအကာအကွယ်များကို ပိုမိုကျယ်ပြန့်စွာဖော်ပြထားသည့် အသုံးအနှုန်းတစ်ရပ်ဖြစ်ပါသည်။ FPIC အား ဤကြီးမားသည့်အခွင့်အရေးများအားဖြည့်ဆည်းပေးရန်နှင့် ဖြည့်စွက်ပံ့ပိုးပေးရန် စံတစ်ရပ်အဖြစ် FPIC အား ဖော်ပြထားပါသည်။[1] ထို့ကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ပါဝင်ခွင့်၊ ကိုယ်စားပြုခွင့်၊ ယဥ်ကျေးမှု၊ ဝိသေသလက္ခဏာ၊ ပိုင်ဆိုင်မှုများ နှင့် အထူးသဖြင့် မြေယာများနှင့် နယ်နိမိတ်များ တို့နှင့် စပ်ဆိုင်သည့်အခွင့်အရေးများအပါအဝင် အခြားသောအခွင့်အရေးများနှင့်ယှဉ်၍ FPIC အား လေးစားလိုက်နာရန် လိုအပ်ပါသည်။ FPIC အားလေးစားလိုက်နာရန်လိုအပ်ရုံသာမက FPIC ရရှိပြီးသည့်အခြေအနေတွင်ပင်ဖြစ်စေ ဌာနေ တိုင်းရင်းသားပြည်သူများ၏ လူ့အခွင့်အရေးများကို ယုတ်လျော့စေသည့် မည်သည့်ဆောင်ရွက်ချက်မျှ မရှိစေရပါ။

ဌာနေတိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေငြာစာတမ်း (UNDRIP) တွင် နိုင်ငံတိုင်းသည် ဌာနေ တိုင်းရင်းသားများ၏ မြေယာများပေါ်မှ ဌာနေတိုင်းရင်းသားများအား ဖယ်ရှားရန်လိုအပ်မည့်ကိစ္စများ (ပုဒ်မ ၁၀) သို့မဟုတ် ဌာနေတိုင်းရင်းသားများ၏ မြေတွင် အန္တရာယ်ရှိသော ပစ္စည်းများသိုလှောင်ထားခြင်း (ပုဒ်မ ၂၉-၂) တို့ဆောင်ရွက်မည်ဆိုပါက ဌာနေတိုင်းရင်းသားပြည်သူများထံမှ FPIC ကိုရယူထားရန် တာဝန်ရှိကြောင်း ဖော်ပြထားပါသည်။ ထို့အပြင် နိုင်ငံတော်

1 ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ မဟာမင်းကြီး အစီရင်ခံစာ၊ james Anaya. A/HRC/21/47 (6 July 2021) စာပိုဒ် ၅၁။ ထို့အတူ လူ့အခွင့်အရေး ဆိုင်ရာ အမေရိကန်ကော်မရှင်တွင် ရှင်းပြထားသည်မှာ "သဘောတူညီချက်တောင်းခံခြင်းဆိုသည်မှာ ဌာနေတိုင်းရင်းသားများ၏ ရှင်သန်ပိုင်ခွင့်၊ ယဥ်ကျေးမှုကိုယ်ပိုင်လက္ခဏာရှိပိုင်ခွင့်နှင့် အခြား အခြေခံလူ့အခွင့်အရေးများ စသည့် အခွင့်အရေးများအပေါ် သက်ရောက်မှုရှိမည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ သို့မဟုတ် ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်ထည်ဖော်ရာတွင် ၎င်းတို့ကို တိုက်ရိုက်ပါဝင်ခွင့်ပေးခြင်းဖြင့် အကာအကွယ်မြှင့်တင်ပေးခြင်းအား ဆိုလိုသည်။ ခွင့်ပြုချက်တောင်းခံရန် တာဝန်သည် ဌာနေတိုင်းရင်းသားများ၏ ပိုင်ဆိုင်မှုအခွင့်အရေးနှင့် အခြားဆက်စပ် အခွင့်အရေးများနှင့် အချိုးကျသက်ဆိုင်ပါသည်။" ဌာနေနှင့် လူမျိုးစု တိုင်းရင်းသားများ၏ မိရိုးဖလာမြေယာများနှင့် သဘာဝအရင်းအမြစ်များ ရပိုင်ခွင့်။ OEA Ser.L/V/II. Doc. 56/09, 30 December 2009, at para. 333.

အစိုးရများသည် ဒေသခံများ၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်နှင့် UNDRIP ကြေညာစာတမ်းပါ ပြဋ္ဌာန်းချက်များအား ထည့်သွင်းစဉ်းစားလျက် ဌာနေတိုင်းရင်းသား ပြည်သူများ၏ အခြေခံ အရေးကြီးသော

အခွင့်အရေးများ၊ ရှင်သန်ရပ်တည်မှု၊ ဂုဏ်သိက္ခာနှင့် သာယာပျော်ရွှင်ရေး ကိစ္စရပ်များတွင် ၎င်းတို့၏ သဘောတူညီချက် ရယူရမည်ဖြစ်ပါသည်။ ၎င်းတို့၏အခွင့်အရေးများအား ထိခိုက်စေမည့် ဆုံးဖြတ်ချက်အားလုံးနှင့် စပ်လျဥ်း၍လည်း FPIC ကို ထည့်သွင်းတောင်းခံသင့်ပါသည်။ ဤတာဝန်မှာ ဌာနေတိုင်းရင်းသားပြည်သူများ၏ ကိုယ်ပိုင်အဖွဲ့အစည်းများမှတဆင့် ကိုယ်စားပြုပါဝင်ခွင့်ရှိခြင်း၊ ဓလေ့ထုံးတမ်း ဥပဒေများ ကျင့်သုံးခွင့်ရှိခြင်း၊ အစဥ်အလာအရ ပိုင်ဆိုင်၊ နေထိုင် သို့မဟုတ် လုပ်ကိုင်၊ အသုံးပြုနေသည့် မြေယာများ၊ နယ်နိမိတ်များနှင့် သဘာဝအရင်းမြစ်များအား ပိုင်ဆိုင်ခွင့်ရှိခြင်း၊ မိမိတို့၏ ကိုယ်ပိုင်လက္ခဏာကို သတ်မှတ်ခံယူခွင့်ရှိခြင်း၊ မိမိတို့၏ ယဥ်ကျေးမှုများကို ဖော်ထုတ်ကျင့်သုံးခွင့်ရှိခြင်းနှင့် ပို၍အခြေခံကျကျဆိုရလျှင် ကိုယ်ပိုင်ဆုံးဖြတ်စီမံခွင့်ရှိခြင်း စသည့် ပို၍ ကျယ်ပြန့်သော ဌာနေတိုင်းရင်းသား အခွင့်အရေးများအား လေးစားရမည့် နိုင်ငံတော်၏ တာဝန်နှင့် ဆက်စပ်နေပါသည်။

FPIC သည် ဆုံးဖြတ်ချက်ချရာ၌ပါဝင်ခွင့်နှင့် သက်ဆိုင်ပြီး အောက်ပါ ဥပဒေအရလိုက်နာရန် တာဝန်ရှိသော စာချုပ်စာတမ်း များတွင် ပါဝင်သည့် အခြားသော အခွင့်အရေးများနှင့်လည်း စပ်ဆက်နေပါသည်။ -

- ပြည်သူနှင့်နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာပဋိညာဉ် (International Covenant on Civil and Political Rights – ICCPR)၊
- စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများ ဆိုင်ရာ အပြည်ပြည်ဆိုင်ရာပဋိညာဉ် (International Covenant on Economic, Social and Political Rights – ICCPR)၊
- နည်းမျိုးစုံနှင့်လူမျိုးရေးခွဲခြားမှုများအားလုံး ပပျောက်ရေး ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်း (International Convention on Elimination of All Forms of Racial Discrimination (ICERD))
- လွတ်လပ်သောတိုင်းပြည်များရှိ ဌာနေတိုင်းရင်းသားနှင့် မျိုးနွယ်စုများဆိုင်ရာ ကွန်ဗန်းရှင်း (အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း ကွန်ဗန်းရှင်း ၁၆၉) (Convention Concerning Indigenous and Tribal Peoples in Independent Countries – ILO convention 169)
- လူ့အခွင့်အရေးဆိုင်ရာ အမေရိကန် ကွန်ဗန်းရှင်း (American Convention on Human Rights)
- လူ့အခွင့်အရေးနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ အာဖရိကန်သဘောတူစာချုပ် (African Charter on Human and People’s Rights – ACHPR) နှင့်
- ဇီဝမျိုးစုံ/ မျိုးကွဲများဆိုင်ရာ ကွန်ဗန်းရှင်း (Convention on Biological Diversity – CBD) တို့ဖြစ်ပါသည်။

ICCPR နှင့် ICESCR နှစ်ရပ်လုံးသည် ပြည်သူ့ ကိုယ်ပိုင်ဆုံးဖြတ်သတ်မှတ်ပိုင်ခွင့်များကို ကာကွယ်ပေးထားပါသည်။ ထိုကမ္ဘာလုံးဆိုင်ရာ လိုက်နာရန်တာဝန်ရှိသည့် စာချုပ်စာတမ်းများ၌

FPIC အခြေခံမှုကို အတိအကျ ရှင်းလင်းဖော်ပြထားခြင်း မရှိသော်လည်း ICCPR အား လိုက်နာမှုရှိ-မရှိစောင့်ကြည့်သည့် လူ့အခွင့်အရေးကော်မတီနှင့် ICESCR ကိုလိုက်နာမှုရှိ-မရှိ စောင့်ကြည့်သည့် စီးပွားရေး၊ လူမှုရေးနှင့် ယဥ်ကျေးမှု အခွင့်အရေးများကော်မတီတို့မှနေ၍ ထိုပဋိညာဉ်များတွင် ကိုယ်ပိုင်-ဆုံးဖြတ်စီမံပိုင်ခွင့်အား လေးစားကြောင်းပေါ်လွင်ရန် FPIC ကို မဖြစ်မနေထည့်သွင်း ကျင့်သုံးရန် လိုအပ်သည်ဟု မကြာခဏ အဓိပ္ပါယ်ဖွင့်ဆိုခဲ့ကြသည်။[2] ICERD အား လိုက်နာမှုရှိ-မရှိ စောင့်ကြည့်သည့် လူမျိုးရေးခွဲခြားဆက်ဆံမှု ပပျောက်ရေး ကော်မတီသည်လည်း မြေယာနှင့် စပ်လျဥ်းသည့် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများကို ထုတ်ဖော်ပြောဆိုခဲ့ပြီး နိုင်ငံအစိုးရများ

**ကောင်းစွာကြိုတင်အသိပေး၍ လွတ်လပ်သော သဘောထား တောင်းခံခြင်း လုပ်ငန်းစဥ်၏ အစိတ်အပိုင်းများ**

အရင်းအမြစ် - Source: UNPFII, 2005; EMRIP, 2011

**လွတ်လပ်သော** ဆိုသည်မှာ အနိုင်အထက်ပြုမှု၊ ခြိမ်းခြောက်မှု သို့မဟုတ် လှည့်ဖြားသိမ်းသွင်းမှု မရှိခြင်းတို့ကို ဆိုလိုပါသည်။

**ကြိုတင်၍** ဆိုသည်မှာ စီမံကိန်းလုပ်ငန်းများအား အတည်ပြုခြင်း သို့မဟုတ် စတင်ဆောင်ရွက်ခြင်းမပြုမီ အချိန်လုံလောက်စွာ တင်ကြို၍ သဘောတူညီချက်ရယူခြင်းနှင့် ဌာနေတိုင်းရင်းသားများနှင့် ဆွေးနွေးညှိနှိုင်း၊ သဘောတူညီမှုရယူသည့် လုပ်ငန်းစဉ်အတွက် လိုအပ်သည့် အချိန်ပမာဏကို အချိန်ပေးဆောင်ရွက်ခြင်းကို ဆိုလိုပါသည်။

**ကောင်းစွာအသိပေးခြင်း** ဆိုသည်မှာ စီမံကိန်း ဆောင်ရွက်ချက်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်အားလုံးကို ဌာနေတိုင်းရင်းသားပြည်သူများထံပေးပို့ထားပြီး ထိုသတင်းအချက်အလက်သည် ဘက်လိုက်မှုမရှိဘဲ၊ တိကျပြီး ဌာနေတိုင်းရင်းသားပြည်သူများ အလွယ်တကူ နားလည်နိုင်မည့် ပုံစံဖြင့် ပေးပို့ခြင်း ဖြစ်သည်ဟု ဆိုလိုပါသည်။ သက်ဆိုင်ရာ သတင်းအချက်အလက်များတွင် အောက်ပါ အချက်များပါဝင်ပါသည် -

၁။ အဆိုပြုထားသည့် စီမံကိန်း၏ သဘောသဘာဝ၊ ပမာဏ၊ ဆောင်ရွက်မည့်နှုန်း၊ ကာလ၊ နောက်ပြန်လှည့်နိုင်ခြေနှင့် အတိုင်းအတာနယ်ပယ် ၊
၂။ စီမံကိန်း၏ အကြောင်းပြချက် (များ) နှင့် ရည်ရွယ်ချက်၊
၃။ သက်ရောက်မှုရှိမည့် တည်နေရာများနှင့် နယ်နိမိတ်များ၊
၄။ အလားအလာရှိသော အန္တရာယ်များနှင့် အကျိုးကျေးဇူးများ အပါအဝင် စီးပွားရေး၊ လူမှုရေး၊ ယဥ်ကျေးမှုနှင့် ပတ်ဝန်းကျင် အပေါ် သက်ရောက်နိုင်ခြေများကို ကနဦးအကဲဖြတ်ခြင်း၊
၅။ စီမံကိန်းအကောင်အထည်ဖော်ရာတွင် ပါဝင်နိုင်ဖွယ်ရှိသည့် ပုဂ္ဂိုလ်များ၊ နှင့်
၆။ စီမံကိန်းတွင် ပါဝင်နိုင်မည့် လုပ်ငန်းစဉ်များ စသည်တို့ ဖြစ်ပါသည်။

**သဘောတူညီချက်** ဆိုသည်မှာ ဆွေးနွေးညှိနှိုင်းသည့် စီမံကိန်းလုပ်ငန်းစဥ်ကို ဆောင်ရွက်ရန် ဌာနေတိုင်းရင်းသားများမှဘက်မှ သဘောတူညီခြင်း ဖြစ်ပါသည်။ ဌာနေတိုင်းရင်းသားပြည်သူများတွင် သဘောတူညီချက် မပေးဘဲ ငြင်းဆိုရန် သို့မဟုတ် ကန့်သတ်ချက်များဖြင့် သဘောတူညီချက်ပေးရန် အခွင့်အာဏာရှိပါသည်။ ဆွေးနွေးညှိနှိုင်းခြင်းနှင့် ပါဝင်ခွင့်ပြုခြင်းသည် သဘောတူညီချက် ရယူသည့် လုပ်ငန်းစဉ်အတွက် အဓိကကျသည့် အချက်ဖြစ်ပါသည်။ ဆွေးနွေးညှိနှိုင်းရာတွင် အခြားအချက်များအပြင် ဌာနေတိုင်းရင်းသား ပြည်သူများ၏ အမြင်များအား လုပ်ငန်းစဉ်တွင် ထည့်သွင်းရန် လိုအပ်၍ ထိုသို့ထည့်သွင်းရန် မဖြစ်နိုင်ပါက အဘယ်ကြောင့် မဖြစ်နိုင်သည်ကို သမာသမတ်ကျကျ ဘက်မလိုက်ဘဲ ရှင်းလင်းတင်ပြရန် လိုအပ်ကာ ကောင်းမွန်သောစေတနာကို အရင်းခံရမည်။ နှစ်ဖက်အဖွဲ့များသည် အပြန်အလှန်လေးစားမှု၊ အပြည့်အဝ၊ တန်းတူ ပါဝင်ခွင့်၊ ဆုံးဖြတ်ချက် ချနိုင်ရန် လုံလောက်သောအချိန်စသည့် အခြေအနေများ ဖန်တီးလျက် သင့်လျော်၍ လက်တွေ့ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ရရှိရန် ဆွေးနွေးညှိနှိုင်းရပါမည်။ ဌာနေတိုင်းရင်းသားပြည်သူများနှင့် ဒေသခံရပ်ရွာလူထုများသည် ထိုလုပ်ငန်းစဉ်တလျှောက် လွတ်လပ်စွာ ရွေးချယ်ထားသောကိုယ်စားလှယ်များ၊ ဓလေ့ထုံးတမ်း သို့မဟုတ် အခြားအဖွဲ့အစည်းများမှတဆင့် ပါဝင်နိုင်ခွင့်ရှိရမည်ဖြစ်ပါသည်။ သင့်တော်ပါက အမျိုးသမီးများ၊ လူငယ်များနှင့် ကလေးများကို ပါဝင်စေသင့်ပါသည်။

2 See inter alia Angela Poma Poma v. Peru, CCPR/C/95/D/1457/2006, 24 April 2009; Concluding observations of the Human Rights Committee, Togo: CCPR/C/TGO/CO/4, 11 March 2011, at para.21; Concluding observations of the Human Rights Committee, Colombia: CCPR/C/COL/CO/6, 4 August 2010, at para. 25; Committee on Economic, Social and Cultural Rights, General comment No. 21, Right of everyone to take part in cultural life (art. 15, para. 1 (a), of the International Covenant on Economic, Social and Cultural Rights), adopted at the Committee's 43rd session, 2–20 November 2009, UN Doc. E/C.12/GC/21, 21 December 2009, at para. 36-7.

အနေဖြင့် ထိုအခွင့်အရေးများကို အသိအမှတ်ပြု၊ ကာကွယ်ပေးရန်နှင့် FPIC ကို ကျင့်သုံးသင့်ကြောင်း ထပ်ကာထပ်ကာ တိုက်တွန်းထားသည်။[3] ILO 169 တွင် ဌာနေတိုင်းရင်းသားများနှင့် လူမျိုးစုများထံမှ လွတ်လပ်၍ ကောင်းစွာ အသိပေးထားသည့် သဘောတူညီချက်မရဘဲ ၎င်းတို့၏ နယ်မြေများမှ ဖယ်ရှားခြင်း နှင့်/သို့ နေရာပြောင်းရွှေ့ပြောင်းခြင်းတို့ မပြုလုပ်ရန် တားမြစ်ထား ပါသည်။ CBD တွင် ပါရှိသည့် 'သဘောတူခွင့်ပြုမှုနှင့် ပါဝင်မှု' စံနှုန်းများမှာ FPIC နှင့် တူညီသည်ဟု သတ်မှတ်ထားကြပြီး ယင်းကို CBD ၏ Akwe'; Kon voluntary guidelinesလမ်း"ညွှန်"ချက်များ တွင် အတည်ပြုဖော်ပြထား ပါသည်။

ထို့အပြင် ထိုစာချုပ်စာတမ်းများတွင် ဌာနေတိုင်းရင်းသားလူမျိုးများ၏ ဓလေ့များနှင့် ထုံးတမ်းစဉ်လာများ၊ FPIC ကဲ့သို့ ဆုံးဖြတ်ချက်ချရသည့် လုပ်ငန်းစဉ်ပါဝင်သော ကိစ္စရပ်များတွင် ဌာနေတိုင်းရင်းသား အဖွဲ့အစည်းများနှင့် အခြားကိုယ်စားပြုမှုပုံစံများ ပါဝင်ခွင့်ကို လေ့စားလိုက်နာရန် လိုအပ်ကြောင်း ဖော်ပြထားပါသည်။ ထို့ကြောင့် FPIC နှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်တွင် ဆောင်ရွက်သည့်ပုံစံ အသေးစိတ်မှာ ထိခိုက်နစ်နာသူသည့် ပြည်သူများ သို့မဟုတ် ရပ်ရွာလူထုများ၏ ဓလေ့များနှင့် ထုံးတမ်းစဉ်လာများပေါ် မူတည်၍ ပြောင်းလဲနိုင်ပါလိမ့်မည်။

## တာဝန်နှင့်ဝတ္တရားများ

ကုလသမဂ္ဂနှင့် အခြားသော ဒေသတွင်း သဘောတူညီမှုစာချုပ်များ၏ အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည့်အားလျော်စွာ၊ နိုင်ငံအစိုးရများသည် မိမိတို့ကတိကဝတ်ပြုခဲ့သည့် လူ့အခွင့်အရေး စာချုပ်စာတမ်းများအရ ဌာနေတိုင်းရင်းသားပြည်သူများ၏ လူ့အခွင့်အရေးများကို လိုက်နာ၊ ကာကွယ်၊ ဖြည့်ဆည်းပေးရန် တာဝန်ရှိပါသည်။ အလားတူပင် အခြားသူများ အထူးသဖြင့် ပုဂ္ဂလိက လုပ်ငန်းများမှနေ၍လည်း ထိုအခွင့်အရေးများကို လေးစားလိုက်နာစေရန်နှင့် လိုအပ်ပါက ကာကွယ်ပေးစေရန် အစိုးရများက ကြပ်မတ်ရန် တာဝန်ရှိပါသည်။ သို့ဖြစ်ရာ အစိုးရများသည် နိုင်ငံတော် ဥပဒေများအား ပြန်လည်သုံးသပ်ရန် သို့မဟုတ် လိုအပ်သည့်နေရာတွင် ပြန်လည်ပြင်ဆင်ရန်နှင့် ထိုအခွင့်အရေး များအား အာမခံပေးမည့် ထိရောက်သော တရားစီရင်ရေးနှင့် အခြားကုစားမှုများအား ထိန်းသိမ်းရန် တာဝန်ရှိပါသည်။ သို့မှသာ ထိုအခွင့်အရေးများလည်း အာဏာသက်ဝင်လာကာ ကုမ္ပဏီများက ၎င်းတို့ကိုလေးစား လိုက်နာမည် ဖြစ်ပါသည်။ ဤလမ်းညွှန်မှ ရည်ရွယ်၊ ရည်ညွှန်းသော အစိုးရများ၏ တာဝန်များမှာ နိုင်ငံတော်ဥပဒေများတွင် ရပ်ရွာလူထုများနှင့် ဌာနေတိုင်းရင်းသားပြည်သူများ၏ မြေယာနှင့်နယ်နိမိတ်များအား ဓလေ့ထုံးတမ်းအရ ရပိုင်ခွင့်များအား အသိအမှတ်ပြုခြင်း၊ ၎င်းတို့၏ ကိုယ်တိုင်ရွေးချယ် ရွေးချယ်ထားသော ကိုယ်စားလှယ် အဖွဲ့များ အား ဥပဒေ အရကိုယ်စားပြုပေးမှုပေးခြင်း၊ ထိုအခွင့်အရေးများနှင့် အခြားသောအခွင့်အရေးများ သက်ဝင်စေရေး အတွက် တရားစီရင်ရေးနှင့် အခြားထိရောက်သာ ကုစားမှုများဖန်တီးပေးခြင်း၊

---

3 ဥပမာများ လူမျိုးရေးခွဲခြားမှုပပျောက်ရေး ကော်မတီမှ ၁၉၉၇ ဩဂုတ် ၁၈ ရက်နေ့ ၅၁ ကြိမ်မြောက် ညီလာခံတွင် ပြဌာန်းခဲ့သော ဌာနေတိုင်းရင်းသားများဆိုင်ရာ အထွေထွေ အကြံပြုချက် အမှတ် ၂၃၊ 18 August 1997, para. 4(d); Australia: CERD/C/AUS/CO/14, 14 April 2005, para. 11; Guyana: CERD/C/GUY/CO/14, 4 April 2006, para. 19; Cambodia: CERD/C/304/Add.54, 31 March 1998, para. 13, 19; Guatemala: CERD/C/ GTM/CO/11, 15 May 2006, para. 19; Suriname: Decision 1(67), CERD/C/DEC/SUR/4, 18 August 2005, para. 3.

အစိုးရဌာနများရော ကုမ္ပဏီများပါ ဒေသခံများ၏ အခွင့်အရေးများကို ထိခိုက်နိုင်စေမည့်ကိစ္စများအား မဆောင်ရွက်မီ ကောင်းစွာ ကြိုတင်အသိပေး၍ လွတ်လပ်သော သဘောတူညီမှု ရယူရန် လိုအပ်ကြောင်း သတ်မှတ်ရန် စသည်တို့ ပြဌာန်းပေးရေး ဖြစ်ပါသည်။

**ဖိလစ်ပိုင်နိုင်ငံရှိ ဌာနေတိုင်းရင်းသား ပြည်သူများ၏ အခွင့်အရေးများ အက်ဥပဒေ (IPRA)**

> နိုင်ငံအများစုတွင် FPIC ရယူရန် လိုအပ်ချက် တစ်ခုခုနှင့်ကိုက်ညီသော မြေယာလွဲပြောင်းမှု လုပ်ငန်းစဥ်များ ဆောင်ရွက်ရေးအတွက်သာ ဥပဒေများ ပြဌာန်းထားလေ့ရှိပြီး FPIC တာဝန်ဝတ္တရားများအား တိတိကျကျ ဖော်ပြထည့်သွင်းထားသော ဥပဒေ ပြဌာန်းထားသည့် နိုင်ငံ အနည်းငယ်သာရှိသေးသည်။ ထိုအနည်းငယ်တွင် ဖိလစ်ပိုင်နိုင်ငံ ပါဝင်ပြီး ၎င်းတို့၏ ဌာနေတိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးများ အက်ဥပဒေတွင် ဌာနေ တိုင်းရင်းသားများ၏ မြေယာနှင့် အရင်းအမြစ် ရပိုင်ခွင့်များကို သက်ရောက်သည့် မည်သည့် လုပ်ငန်းမဆို FPIC လိုအပ်သည်ဟု သတ်မှတ်ထားသည်။ ဤစည်းမျဥ်းအား လိုက်နာမှုရှိ/မရှိကို ဖိလစ်ပိုင် ဌာနေတိုင်းရင်းသားများ ဆိုင်ရာ အမျိုးသား ကော်မရှင် က စောင့်ကြည့်ပြီး ၎င်းကော်မတီက FPIC ဆိုင်ရာ သတ်မှတ်လုပ်ငန်းစဥ်များ ထည့်သွင်းချမှတ်ထားသော စည်းမျဥ်း အများအပြားကို ရေးဆွဲ၊ သုံးသပ်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ ဤအတွေ့အကြုံမှ ရသော အဓိက သင်ခန်းစာများမှာ FPIC အားလိုက်နာသော လုပ်ငန်းစဥ်များတွင် ဌာနေ တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဥပဒေအား အသုံးချပိုင်ခွင့်၊ လွတ်လပ်စွာ ကိုယ်စားလှယ်များ ရွေးချယ် ကိုယ်စားပြုခွင့်များ အပြည့်အဝပေးအပ်သင့်ကြောင်းနှင့် အစိုးရ ဆုံးဖြတ်ချက်များမှာ ပွင့်လင်း၍ တာဝန်ခံမှု ရှိသင့်ကြောင်း တို့ ဖြစ်ပါသည်။

မြေယာနှင့်အခြားသော သဘာဝ အရင်းအမြစ်များအပေါ် ဓလေ့ထုံးတမ်းအရ ရပိုင်ခွင့်အား ကာကွယ်ပေးရန် အရေးကြီးကြောင်း အသိအမှတ်ပြုသည့် မိမိဆန္ဒအလျောက် လိုက်နာနိုင်သော စံနှုန်းများသတ်မှတ်သည့် လှုပ်ရှားမှုများ ပုဂ္ဂလိက ကဏ္ဍတွင် မကြာမီနှစ်များအတွင်း အများအပြားပေါ်ထွက်လာသည်ကို တွေ့ရှိရသည်။ တစ်ချိန်တည်းမှာပင် စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်အခြေခံမူများတွင် လူ့အခွင့်အရေးများအား ကာကွယ်လေးစားရန် အစိုးရတွင် အဓိက တာဝန်ရှိသည်မှာ မှန်သော်လည်း စီးပွားရေးလုပ်ငန်းများအနေနှင့်လည်း လူ့အခွင့်အရေးများ လိုက်နာရန်လည်း တာဝန်ရှိကြောင်းနှင့် ဤတာဝန်သည် နိုင်ငံအစိုးရများက ၎င်းတို့၏ လူ့အခွင့်အရေးတာဝန်များအား ဖြည့်ဆည်းရန် လုပ်ဆောင်နိုင်စွမ်း နှင့်/သို့ ဆန္ဒ မည်သို့ပင်ရှိစေကာမူ ပုဂ္ဂလိကလုပ်ငန်းများအနေနှင့် လိုက်နာရန် တာဝန်ရှိကြောင်း အလေးအနက် ဖော်ပြထားပါသည်။ ပုဂ္ဂလိကကဏ္ဍတွင် ချမှတ်ထားသော မိမိဆန္ဒအလျောက်လိုက်နာနိုင်သည့် စံနှုန်းများစွာတို့အရ ကုမ္ပဏီများသည် အဆိုပြုစီမံကိန်းများအား အကောင်အထည်မဖော်မီ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံရပ်ရွာများ၏ FPIC ကို ရယူရန် သတ်မှတ်တိုက်တွန်းထားကာ ကုမ္ပဏီများအနေနှင့် သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေအရ အနိမ့်ဆုံး လိုက်နာရန် လိုအပ်ချက်ထက်ပို၍ မြင့်မားသော စာရိတ္တနှင့် ကျင့်ဝတ်ဆိုင်ရာ ဝတ္တရားများရှိကြောင်း ခံယူမှုသာ ကောင်းမွန်သော အလေ့အကျင့်များကို ဆောင်ရွက်ရန် အခြေခံကောင်းရှိမည်ဟုလည်း တိုက်တွန်း ထားပါသည်။[4]

ထို့အပြင် နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ၏ လုပ်ငန်းလည်ပတ်မှုမူဝါဒများတွင်လည်း ဌာနေတိုင်းရင်းသားပြည်သူများ၏ မြေယာများနှင့် အရင်းအမြစ်များအပေါ် သက်ရောက်မှုရှိစေသည့် ဘဏ္ဍာရေးစီမံကိန်းများအတွက် FPIC ရရှိရန် လိုအပ်ကြောင်း သတ်မှတ်ထားသည်။[5] ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ဌာနေတိုင်းရင်းသားများနှင့် လူမျိုးစုများဆိုင်ရာ

---

4 ဥပမာများမှာ World Commission on Dams (WCD), the Extractive Inudstries Review (EIR), the Forest Stewardship Council (FSC), the Roundtable on Sustainable Palm Oil (RSPD), the Round Table on Responsible Soy Association (RTRS) and the Roundtable on Sustainable Biomaterials (RSB)

5 International Finance Corporation (IFC), the European Bank for Reconstruction and Development (EBRD), the Asian Development Bank (ADB), the Inter-American Development Bank (IADB) and the International Fund for Agricultural Development (IFAD) တို့ပါဝင်သည်။ ၂၀၁၂ ဇန်နဝါရီတွင် အီကွေတာ အခြေခံမူများအား လိုက်နာသော ကမ္ဘာ့ထိပ်တန်းဘဏ်အများစုသည် ၎င်းတို့၏ ငွေချေးလုပ်ငန်းများတွင် IFC ၏ လုပ်ငန်းစံချိန်စံညွှန်းအသစ်များအား လိုက်နာရန် သဘောတူညီခဲ့ကြရာ FPIC အား တိတိကျကျ ထောက်ခံလိုက်ခြင်း ဖြစ်သည်။ ကမ္ဘာ့ဘဏ်သည်လည်း ၎င်းတို့၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး အကာအကွယ်မူဝါဒ များအား ဖြည့်စွက်၍ ခိုင်မာစေရန် နှစ်နှစ်ကြာလုပ်ငန်းစဥ်ကို စတင်ခဲ့ရာ FPIC အားလေးစားလိုက်နာရန် လိုအပ်ချက်ကို ပိုမိုမြှင့်တင်လာခြင်းဖြစ်သည်။

မူဝါဒ (FAO 2010) အရ FPIC သည် ဌာနေတိုင်းရင်းသားပြည်သူများ၏ ပင်မ 'မူနှင့်အခွင့်အရေး' တစ်ရပ်လည်း ဖြစ်ပြီး ဌာနေတိုင်းရင်းသားများအား သက်ရောက်မှုရှိစေမည့် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အဖွဲ့အစည်းနှင့် ၎င်းတို့အကြား အပြန်အလှန်ဆက်ဆံရေးနှင့် ၎င်းတို့အား ထိရောက်စွာ ပါဝင်စေရေး လုပ်ငန်းစဉ်များအတွက် လမ်းညွှန်ချက်လည်း ဖြစ်ပါသည်။

FPIC အားလက်တွေ့အကောင်အထည်ဖော်ရာတွင် ဌာနေတိုင်းရင်းသားပြည်သူများနှင့် ဒေသခံရပ်ရွာလူထု တို့သည် ကိုယ်ပိုင် အခွင့်အရေးရှိသူများဖြစ်သည့်အလျောက် အစိုးရများနှင့် အခြားဆောင်ရွက်သူများနှင့်အတူ FPIC ကို လိုက်နာ ဆွေးနွေးသည့် လုပ်ငန်းစဉ်၏ ပုံစံ၊ ဆောင်ရွက်မည့်နည်းနှင့် ပူးပေါင်းပါဝင်မည့်သူများကို ဆုံးဖြတ်ပုံဖော်သင့်သည်။ FPIC စံနှုန်းများကို ပြည့်မီရန် အတွက် သက်ဆိုင်ရာ ဒေသခံများနှင့် ရပ်ရွာလူထုများ၏ အထူးဓလေ့ထုံးတမ်း သို့မဟုတ် အခြားသော လွတ်လပ်စွာသတ်မှတ်ထားသည့် ဆုံးဖြတ်ချက် ချသည့်လုပ်ငန်းစဉ် ကိုနားလည်အောင် ကြိုးပမ်း ဆောင်ရွက် ရမည်ဖြစ်ပါသည်။




## မည်သူ့ထံမှ FPIC ကိုရယူသင့်ပါသလဲ။

FPIC တွင် ဌာနေတိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ အရှင်းလင်းဆုံး ဖော်ပြထားပါသည်။ ယခုအခါတွင် နိုင်ငံတကာ ဥပဒေများတွင် မိမိကိုယ်ကို 'လူမျိုးစု' သို့မဟုတ် 'ဌာနေတိုင်းရင်းသား' ဟု ခံယူထားခြင်းမရှိသော်လည်း မြေယာကို ဓလေ့ထုံးတမ်းဥပဒေ၊ ရိုးရာအမွေဆက်ခံမှု သို့မဟုတ် အခြား အလွတ်သဘောလုပ်ငန်းစဉ်များ အားဖြင့် ရရှိထားသည့် အခြားသော ပုဂ္ဂိုလ် သို့မဟုတ် အုပ်စုများအ၏ မြေယာနှင့် အရင်းအမြစ်များ ရပိုင်ခွင့်နှင့် စပ်လျဉ်း၍ ရှင်းလင်းစွာ

ဖော်ပြထားခြင်းမရှိသေးပါ။ "လမ်းညွှန်ချက်များ" တွင် ဌာနေတိုင်းရင်းသားပြည်သူများနှင့် စာပိုဒ် ၃ ခ-ဖ တွင် ဖော်ပြထားသည့် ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်ရှိသော အခြားရပ်ရွာလူထုများအပါအဝင် ထိခိုက်နစ်နာသူများအားလုံးနှင့် တက်ကြွ၊ လွတ်လပ်၊ ထိရောက်၊ အဓိပ္ပါယ်ပြည့်ဝ၍ ကြိုတင် အသိပေး သဘောထားခံယူခြင်းနှင့် ပါဝင်စေခြင်းတို့ ဆောင်ရွက်ရန် လိုအပ်ကြောင်းဖော်ပြထား ပါသည်။ ထို့အပြင် ဌာနေတိုင်းရင်းသား ပြည်သူများနှင့် ဆက်ဆံရာ၌ FPIC ကိုလေးစားလိုက်နာ ရန် လိုအပ်ပါသည်။

ဌာနေတိုင်းရင်းသားပြည်သူများနှင့်စပ်လျဥ်း၍ နိုင်ငံတကာက သဘောတူညီထားသည့် ဘုံ အဓိပ္ပါယ်ဖွင့်ဆိုချက် မရှိပါ။ သို့သော် နိုင်ငံတကာ ဥပဒေတွင် ဤအသုံးအနှုန်းသည် 'လူမျိုးစု' များ ဟု ယေဘုယျအားဖြင့် ခံယူသည့် လူအုပ်စုများအထိ ပါဝင်ကြောင်း ရှင်းလင်း ဖော်ပြထားပြီးဖြစ် ပါသည်။ နိုင်ငံတကာအေဂျင်စီများကလည်း ဘိုးဘွားပိုင်မြေယာများနှင့် နီးကပ်စွာ ဆက်စပ်နေထိုင် လုပ်ကိုင်သည့် မတူကွဲပြားသော တိုင်းရင်းသားအုပ်စုများအတွက် ထိုအသုံးအနှုန်းကို ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိပါသည်။ ထိုပြည်သူများအား သတ်မှတ်သည့်"ယေ"ဘုယျ ဝိသေသ လက္ခဏာများ မှာ -

- ထင်ရှားသော ယဥ်ကျေးမှုရှိသော ဌာနေတိုင်းရင်းသားအုပ်စုဝင်များအဖြစ် မိမိကိုယ်ကို သတ်မှတ်ကာ အခြားသူများကလည်း ထိုသတ်မှတ်ချက်ကို အသိအမှတ်ပြုခြင်း၊
- စီမံကိန်းဧရိယာအတွင်း ထင်ရှားသော ပထဝီအနေအထားရှိသော နေရင်းဒေသ သို့မဟုတ် ဘိုးဘွားပိုင်နယ်နိမိတ်နှင့် ထိုနေရင်းဒေသနှင့် နယ်နိမိတ်များတွင်းရှိ သဘာဝအရင်းအမြစ် များနှင့် စုပေါင်းဆက်စပ်နေခြင်း၊
- လူများစုရှိသော အသိုင်းအဝိုင်းနှင့် ယဥ်ကျေးမှုတို့နှင့် မတူကွဲပြားသည့် ဓလေ့ထုံးတမ်း ယဥ်ကျေးမှု၊ စီးပွားရေး၊ လူမှုရေး သို့မဟုတ် နိုင်ငံရေး စနစ်များ၊ အစုအဖွဲ့များ၊
- နိုင်ငံ သို့မဟုတ် ဒေသ၏ တရားဝင်ဘာသာစကားနှင့် မတူကွဲပြားသည့် ဌာနေ တိုင်းရင်းသားဘာသာစကားတစ်ရပ် (ကမ္ဘာ့ဘဏ်၊ ၂၀၀၅)။

မိမိကိုယ်တိုင် ဆုံးဖြတ်စီမံခွင့်ကို ဖော်ကြူးသည့် အသုံးအနှုန်းဟု အများက နားလည်ထားသော FPIC ကို ၎င်းတို့၏ မြေယာများ၊ သဘာဝ အရင်းအမြစ်များနှင့် ဓလေ့ထုံးတမ်းအရ ဆက်နွယ် ပတ်သက်မှုကို ထိန်းသိမ်းထားပြီး မိမိတို့ကိုယ်ပိုင်ဝိသေသလက္ခဏာကို ခံယူကျင့်သုံးကြသည့် လူမျိုးများအားလုံးအတွက် အသုံးပြုနိုင်ကြောင်းလည်း မျှတစွာဘာသာပြန်နိုင်ပြီး အာဖရိကနှင့် အာ ရှတိုက်များမှ ကျေးလက်ဒေသများနှင့် ကျေးလက် အာဖရိကန်- အမေရိကန် အသိုင်းအဝိုင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးလျက် ရှိပါသည်။

ဤကျယ်ပြန့်သော ဌာနေတိုင်းရင်းသား အဓိပ္ပါယ်ဖွင့်ဆိုမှုတွင် ကျေးလက်နေလူထုအားလုံး ပါဝင်မည်မဟုတ်ကြောင်း သတ်မှတ်ထား ကြသော်လည်း ထိုသို့သော သာမန်ကျေးလက်နေပြည် သူများ၏ မြေယာများတွင် ဖွံ့ဖြိုးရေးစီမံကိန်းများ စီစဥ်သည့်အခါတွင် ၎င်းတို့၏ အထွေထွေ အခွင့်အရေးများအား ထိခိုက်ခြင်း မရှိစေရန် အစိုးရနှင့် ကုမ္ပဏီများက သတိပြုထားရန် လိုအပ် ပါသည်။ ဤအခွင့်အရေး များတွင် အစားအစာ၊ ရေနှင့် လုံလောက်သော အိမ်ရာတို့ အပါအဝင် ဘဝ၊ ပိုင်ဆိုင်မှုနှင့် လုံလောက်သော လူနေမှုအဆင့်အတန်း ရပိုင်ခွင့်များ ပါဝင်ပါသည်။ မည်သည့်

မြေယာ သိမ်းဆည်းမှုမျိုးမဆိုတွင် ပြည်သူတို့၏ သဘောတူညီမှုရရှိရန် သဘောထားခံယူမှုနှင့် ပါဝင်စေသည့် လုပ်ငန်းစဉ်ကို ကြိုတင်ဆောင်ရွက်ပြီးမှသာ ၎င်းတို့၏ အခွင့်အရေးများကို ကာကွယ်လျက် တရားဝင်လုပ်ငန်းစဥ်များနှင့် အညီ လုပ်ဆောင်သင့်ပါသည်။ အချို့သော မိမိဆန္ဒအလျောက်ကျင့်ဝတ်လိုက်နာမှု အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေး စနစ်များအရ ရပ်ရွာဘုံသုံးမြေယာအား နိုင်ငံတော်အာဏာကိုအသုံးပြုသိမ်းဆည်းကာ တတိယအဖွဲ့အစည်းထံသို့ ချထားပေးသည့် စီမံကိန်းများအတွက် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးမည်မဟုတ်ပါ။

# FPIC ၏အကျိုးကျေးဇူးများ

**FPIC တွင်ရလဒ်များသာမက သည်လည်း တန်းတူအရေးကြီးပါသည် ရလဒ်များသာမက "လုပ်ငန်းစဥ်" သည်လည်း**

အဆုံးစွန်အားဖြင့် FPIC အားလိုက်နာခြင်းဖြင့် ပဋိပက္ခအသွင်သို့ကူးပြောင်းမည့် အငြင်းပွားမှု အန္တရာယ်ကို အနိမ့်ဆုံး လျှော့ချနိုင်ကာ ရေရှည်တွင် နိုင်ငံနှင့်ကုမ္ပဏီများအတွက် အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမည့်သူများက အခြားသော ပိုမိုလုံခြုံမှုရှိမည်ဟု ခံစားရနိုင်သည့် နေရာများသို့ ရွှေ့ပြောင်းရင်းနှီးမြှုပ်နှံခြင်းမျိုးမရှိစေဘဲ ပြည်တွင်းမှ ရင်းနှီးမြှုပ်နှံမှုများ ထွက်ခွာသွားခြင်းကို ကာကွယ်ပေးနိုင်ပါသည်။ သို့ဖြစ်ရာ FPIC အားလေးစားလိုက်နာခြင်းဖြင့် ပါဝင်သည့် အဖွဲ့အားလုံးအတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေကာ၊ ဒေသခံလူထုအတွက် စား၊ဝတ်၊နေ၊ရေး ကို ကာကွယ်ပေးနိုင်ပြီး၊ လက်တွေ့နှင့် ဘဏ္ဍာရေးအရ ဆောင်ရွက်နိုင်ခြေများ၊ လုပ်ငန်းများ ရေရှည်လည်ပတ်တည်မြဲမှု တို့ကို အားကောင်းစေခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုအလားအလာနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏အခွင့်အရေးများကို တိုးတက်စေပါသည်။ "ဌာနေတိုင်းရင်းသားပြည်သူများအား ကောင်းစွာ ကြိုတင်အသိပေး၍ လွတ်လပ်စွာ သဘောတူညီမှု တောင်းခံရယူရန် နိုင်ငံတော်၏တာဝန်မှာ ဌာနေတိုင်းရင်းသားပြည်သူများအား ထိုကဲ့သို့သော လုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်ပြုပေးရုံသာ မဟုတ်ဘဲ ၎င်းတို့အား သက်ရောက်မှုရှိမည့် ဆုံးဖြတ်ချက်များအား ချမှတ်ရာတွင် ထိရောက်စွာ ပါဝင်ဆုံးဖြတ်ခွင့်ပြုခြင်း ဖြစ်ပါသည်။"[6]

**FPIC** တွင် ရပ်ရွာပြည်သူများဆုံးဖြတ်ချက်ချသည့်လုပ်ငန်းစဉ်တွင်အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်ခွင့်ရှိစေရေး ဆောင်ရွက်ပေးရန် နှင့် ၎င်းတို့၏ စိုးရိမ်မကင်းမှုများ၊ ဦးစားပေးများနှင့် အကြိုက်များကို ၎င်းတို့၏စီမံကိန်းဒီဇိုင်းများ၊ ညွှန်းကိန်းများနှင့် ရေရှည်အကျိုးကျေးဇူးများတွင် ပါဝင်ထည့်သွင်းထားရန် လိုအပ်ပါသည်။ အချုပ်အားဖြင့်ဆိုလျှင် ဌာနေတိုင်းရင်းသား ပြည်သူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကျွမ်းကျင်ပညာရှင်များယန္တရားတွင် ဖော်ပြထားသည့် အတိုင်းပင်- "ဌာနေတိုင်းရင်းသားပြည်သူများအား ကောင်းစွာ ကြိုတင်အသိပေး၍ လွတ်လပ်စွာ သဘောတူညီမှု တောင်းခံရယူရန် နိုင်ငံတော်၏တာဝန်မှာ ဌာနေတိုင်းရင်းသားပြည်သူများအား ထိုကဲ့သို့သော လုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်ပြုပေးရုံသာ မဟုတ်ဘဲ ၎င်းတို့အား သက်ရောက်မှုရှိမည့် ဆုံးဖြတ်ချက်များအား ချမှတ်ရာတွင် ထိရောက်စွာ ပါဝင်ဆုံးဖြတ်ခွင့်ပြုခြင်း ဖြစ်ပါသည်။" သို့ဖြစ်ရာ FPIC တွင် ရပ်ရွာလူထုများသည် တရားမျှတ၍ လက်တွေ့ဖော်ဆောင်နိုင်သည့် အကျိုးကျေးဇူးများရရန် အတွက် ညှိနှိုင်းနိုင်ပြီး ၎င်းတို့၏လိုအပ်ချက်များ၊ ဦးစားပေးများနှင့် စိုးရိမ်မကင်းမှုများကို လုံလောက်စွာဖြေရှင်းပေးခြင်းမရှိပါက စီမံကိန်းအတွက် သဘောတူညီချက်မပေးဘဲ တင်းခံထားနိုင်ခွင့်လည်း ရှိရန် လိုအပ်ပါသည်။ ရပ်ရွာလူထုမှ ဆန့်ကျင်ရသည့်အကြောင်းရင်းအား ဖြေရှင်းနိုင်မှုမရှိသော သို့မဟုတ် သဘောတူညီချက်ရရန် မစွမ်းဆောင်နိုင်သော ဆွေးနွေးတိုင်ပင် ညှိနှိုင်းမှုများသည် ဖြစ်ပေါ်လာနိုင်သည့် ကုန်ကျစရိတ်ကြီးမားပြီး လုပ်ငန်းထိခိုက်စေမည့် ပြဿနာ၊ ပဋိပက္ခများအား ရှောင်လွှဲနိုင်ရန် အာမခံချက် မပေးနိုင်ပါ။

6 Human Rights Council, Expert Mechanism on the Rights of Indigenous Peoples, Final report on the study on indigenous peoples and the right to participate in decision-making. Expert Mechanism advice No. 2 (2011): Indigenous peoples and the right to participate in decision making, UN Doc. A/HRC/18/42, 17 August 2011, at para. 21.

# လက်တွေ့လမ်းညွှန်ချက်



# လက်တွေ့ လမ်းညွှန်ချက်

အောက်တွင် အကျဉ်းဖော်ပြထားသည့် အကြံပြုထားသော ဆောင်ရွက်ရန်အချက်များတွင် FPIC ကိုမည်ကဲ့သို့ လိုက်နာရန် လက်တွေ့လမ်းညွှန်ချက်ကိုဖော်ပြထားပြီး အစိုးရများ၊ ကုမ္ပဏီများ၊ ဌာနေတိုင်းရင်းသား ပြည်သူများနှင့် ဒေသခံလူထုနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် အကြံပြုချက်များ ပါဝင်ပါသည်။ “လမ်းညွှန်ချက်များ” မှ သက်ဆိုင်ရာအခန်းများအား အောက်ခြေမှတ်စုတွင် ဖော်ပြထားပါသည်။ အထူး လုပ်ဆောင်ရမည့် အဆင့်များကို သင့်တော်သည့်နေရာတွင် အသားပေး ဖော်ပြထားပါသည်။

ထိုအကြံပြုထားသည့် အဆင့်များမှာ တစ်ခုပြီးလျှင် လုံးဝလုည့်ကြည့်ရန်မလိုဘဲ နောက်တစ်ဆင့်အား ဆက်လုပ်ရမည့် ပုံစံဟု မမှတ်ယူသင့်ပါ။ ယင်းအစား အချို့သောဆောင်ရွက်ချက်များမှာ ထပ်ကာထပ်ကာ ဆောင်ရွက်ရန်လိုအပ်ပြီး၊ ပိုမိုကျယ်ပြန့်သည့်လုပ်ငန်းစဉ်အတွင်း သက်တမ်းတိုး၍သော်လည်းကောင်း ပြန်လည်ထည့်သွင်းနေရာချ၍သော်လည်းကောင်း ဆောင်ရွက်ရန် လိုအပ်ပြီး၊ ပါဝင်သည့် နယ်ပယ်မျိုးစုံမှ ဆောင်ရွက်သူများနှင့် အမြင်များကိုထည့်သွင်းစဉ်းစားရပါမည်။ အဆင့်အားလုံးမှ သတင်းအချက် အလက်များအား ပါဝင်သူအားလုံးအတွက် ပွင့်လင်းမြင်သာ၍ အလွယ်တကူရစေနိုင်ရမည်။ လိုအပ်သော အထူးဆောင်ရွက်ရမည့်အချက်များကို ပုံသေသတ်မှတ်ထားခြင်းမရှိပါ - ယင်းသည် လူမှုရေး၊ စီးပွားရေး၊ ဥပဒေရေးနှင့် မူဝါဒ အကြောင်းအရာများပေါ် မူတည်၍ ပြောင်းလဲမည်ဖြစ်ပြီး မတူညီသော စီမံကိန်းအမျိုးအစားများအလိုက် ဂရုပြုရမည့် မတူညီသော မြေယာအခွင့်အရေးများကို ပါဝင်မည်ဖြစ်ပါသည်။ ဆောင်ရွက်ချက်တစ်ခု အပြီးတိုင်းတွင် လုပ်ဆောင်ချက်မှတ်တမ်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေကာ ဆောင်ရွက်သူအားလုံးထံမှ တုန့်ပြန်မှုများကိုရယူသင့်သည်။ ထိုသို့ပြုခြင်းဖြင့် လုပ်ငန်းစဉ်အတွက် သေချာသော အဆင့်များကို ပူးတွဲ ချမှတ်နိုင်မည် ဖြစ်ပါသည်။

**FPIC အား လိုက်နာရန် လိုအပ်သည့် အချိန်နှင့် အရင်းအမြစ်များနှင့် ဆိုင်သည့် အချက်များ**

အရင်းအမြစ် - Anderson, 2011

- စေ့စပ်ညှိနှိုင်းခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့တွင် ပါဝင်သည့် ဆောင်ရွက်သူများနှင့် အကျိုးသက်ဆိုင်သူ အုပ်စုများအရေအတွက်၊
- ၎င်းတို့ ပထဝီအနေအထား ပြန့်နှံ့တည်ရှိမှုနှင့် ရယူသုံးစွဲနိုင်ခြင်း၊
- လက်ရှိခေါင်းဆောင်မှုများ၏ သြဇာလွှမ်းမိုးမှုနှင့် ရပ်ရွာအတွင်း လူမှုရေး စည်းလုံးမှု၊
- လက်ရှိခေါင်းဆောင်များ၏ကိုယ်စားပြုမှုနှင့် အမျိုးသမီးများနှင့် အခြားထိခိုက်ခံစားလွယ်သောအုပ်စုများ မပါဝင် ဆုံးဖြတ်ချက်ချပိုင်ခွင့်အခြေအနေ။
- ကိုယ်စားလှယ် ခေါင်းဆောင်များအပြင် ရပ်ရွာလူထုတစ်ရပ်လုံးအား သတင်းပို့ရန် မည်သူ့ထံတွင် တာဝန်ရှိသလဲ။
- လုပ်ငန်းစဉ်၏ထိရောက်မှုနှင့် အဆိုပြုထားသည့် စီမံကိန်းအပေါ် ရပ်ရွာအတွင်း သဘောမတူညီမှုအဆင့်။
- ရရှိနိုင်သည့် သတင်းအချက်အလက်ဆိုင်ရာ လုပ်ငန်းစဉ်များနှင့် နည်းပညာများ၊ စာတတ်မြောက်မှုနှင့် ပညာရည် အဆင့်အတန်း၊
- အစည်းအဝေးများ/သတင်းအချက်အလက်ရယူမှုဆိုင်ရာ အခန်းအနားများ တက်ရောက်ရန် အချိန်ကန့်သတ်ချက်။
- သတင်းအချက်အလက်လုံလောက်စွာရရှိရေးအတွက် ပါဝင်ရန် စိတ်ပါဝင်စားမှုအဆင့်များ။
- လွတ်လပ်သည့်ပံ့ပိုးမှုများ/အကြံဉာဏ်များရနိုင်မှုနှင့် ၎င်းတို့၏အရည်အသွေးများ
- မြေယာကိစ္စရပ်များ ရှုထွေးမှုအတိုင်းအတာနှင့် အပြိုင်လုပ်ပိုင်ခွင့် အငြင်းပွားနေမှုများ
- သက်ဆိုင်ရာ စီမံကိန်း၏ အတိုင်းအတာ၊ ဒီဇိုင်းပုံစံနှင့် သက်ရောက်မှုများ

# အကောင်အထည်ဖော်ရေးအတွက် အခြေခံများချမှတ်ခြင်း

FPIC ရရှိရေးအကောင်အထည်ဖော်သည့်လုပ်ငန်းစဉ် မစတင်မီ အောက်ပါအချက်များကို ထည့်သွင်းစဉ်းစား သင့်ပါသည် -

**လုပ်ငန်းစဉ် -** FPIC ရရှိရေးဆောင်ရွက်ရန် လိုအပ်ချက်သည် သီးခြားရပ်တည်သောအခွင့်အရေး မဟုတ်သောကြောင့် ယင်းကို "တစ်ဆင့်ပြီးလျှင် နောက်တစ်ဆင့်ကူးကာ ဆောင်ရွက်"သည့် ပုံစံဖြင့် အဆုံးသတ်တွင် ရပ်ရွာလူထုမှ သဘောတူကြောင်း လက်မှတ်ရေးထိုးလျှင် ပြီးဆုံးပြီဟူသော ရေပြင်ညီ လုပ်ငန်းစဉ် တစ်ရပ်အဖြစ် "လျှော့မတွက်သင့်ပါ" FPIC အား လေးစားလိုက်နာခြင်း ဆိုသည်မှာ ဌာနေတိုင်းရင်းသားပြည်သူများနှင့် ဒေသခံ ရပ်ရွာလူထုတို့၏အခွင့်အရေးများကို ပိုမိုကျယ်ပြန့်စွာ သက်ရောက်မှုရှိမည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ချမှတ်ခြင်းနှင့် စီမံကိန်း အကောင်အထည်ဖော်ရေး အဆင့် တိုင်းတွင် ၎င်းတို့အား ထုတ်ဖော်ပြောဆိုခွင့်ပေးခြင်း ဖြစ်ပါသည်။ ယင်းတွင် ဌာနေတိုင်းရင်းသားပြည်သူများနှင့် ဒေသခံ ရပ်ရွာလူထုတို့ မှနေ၍ ၎င်းတို့အတွက် သင့်တော်မည့် ဆွေးနွေးမှုပုံစံ၊ ဆုံးဖြတ်ချက်ချရေး လုပ်ငန်းစဉ်ပုံစံကို ဆုံးဖြတ်သတ်မှတ်ပိုင်ခွင့် ရရှိရေးလည်း ပါဝင်ပါသည်။ ကနဦး သဘောတူညီချက် ရယူရေးသည် ပထမအဆင့်မျှသာ ဖြစ်ပါသည် - FPIC ကို လေးစားထိန်းသိမ်းရန်အတွက် စီမံကိန်းဆောင်ရွက်စဉ်ကာလတစ်လျှောက် ရပ်ရွာလူထုဆက်တိုက်ပါဝင်နေခြင်း၊ အားလုံးပါဝင်ခွင့်ရသည့် စောင့်ကြည့်-ထိန်းကျောင်းမှုနှင့် ခိုင်မာသော အတည်ပြုမှုတို့ လိုအပ်ပါသည်။

**အရင်းအမြစ်များ -** ခိုင်မာ၍ အတည်ပြုနိုင်သော FPIC လိုက်နာရေးလုပ်ငန်းစဉ်ဖြစ်"ရန်"အတွက် အချိန်အပြင် လိုအပ်သော ကုန်ကြမ်းများနှင့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိရန်မှာ အထူးအရေးကြီးသည်။ ယင်းတွင် လူ့စွမ်းအား အရင်းအမြစ်တွင် ရင်းနှီးမြှုပ်နှံခြင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် မဟာဗျူဟာများ၊ စွမ်းရည်မြှင့်တင်ရေး ဆောင်ရွက်ချက်များ၊ လွတ်လပ်သော အတည်ပြုမှုနှင့် နည်းပညာနှင့် ဥပဒေအကြံပြုချက်များ ပါဝင်သည်။ မူလလုပ်ပိုင်ခွင့်ရှိထားသူများမှနေ၍ အဆိုပြုထားသည့် စီမံကိန်း သို့မဟုတ် အစီအစဉ်အား လေ့လာသုံးသပ်နိုင်ရန် ၎င်းတို့၏စွမ်းရည်ကို မြှင့်တင်ရန်အတွက် လုံလောက်သော အရင်းအမြစ်များလည်း လိုအပ်ပါမည်။ လုပ်ပိုင်ခွင့်ရှိထားသူများသည် စီမံကိန်းဒီဇိုင်းရေးဆွဲရေးနှင့် အကောင်အထည် ဖော်ရေးတို့တွင် ပါဝင်ရန် စိတ်ဝင်စားသည်ဆိုလျှင် သင့်တော်သော သင်တန်းနှင့် စွမ်းရည်ဖွံ့ဖြိုးရေးများပေးရန်အတွက် အရင်းအမြစ်များ ထပ်မံလိုအပ်ပါမည်။ စီမံကိန်းအဆိုပြုသူများသည် စီမံကိန်းဖွံ့ဖြိုးတိုးတက်ရေး၏ မဖြစ်မနေ လိုအပ်ချက်တစ်ရပ်အနေနှင့် FPIC ကို လိုက်နာရမည်ဖြစ်ကြောင်း နားလည်သဘောပေါက်သင့်ပါသည်။ လိုအပ်ပါက စီမံကိန်းရေးဆွဲသူများသည် လုပ်ငန်းစဉ်၏ဂုဏ်ကိုထိန်းသိမ်းရန်နှင့် ရပ်ရွာလူထုမှ လွတ်လပ်စွာ ပါဝင်နိုင်ရေးအတွက် ရပ်ရွာလူထုထံ ရန်ပုံငွေများ ပံ့ပိုးပေးနိုင်မည့် ပွင့်လင်း၍ တာဝန်ခံမှုရှိသော နည်းလမ်းများကို ရှာဖွေသင့် ပါသည်။

**အချိန် -** FPIC ကိုလိုက်နာရန် လုပ်ငန်းစဉ်တစ်လျှောက်တွင် ဌာနေတိုင်းရင်းသားပြည်သူများနှင့် ဒေသခံရပ်ရွာလူထုအား အချိန်မည်မျှကြာသည်ဖြစ်ပါစေ တစ်စုတစ်စည်းတည်းအဖြစ် တိုင်ပင်

ဆွေးနွေးခြင်းဖြင့် အဆိုပြုချက်များကို နားလည်သဘောပေါက်ကာ၊ စဉ်းစားဆင်ခြင်၍ လေ့လာသုံးသပ်နိုင်မည် ဖြစ်ပါသည်။ ညှိနှိုင်းသည့်လုပ်ငန်းစဉ်အစတွင် ကောင်းမွန်သောဆက်ဆံရေး တည်ဆောက်ရန် အချိန်ပိုပေးလေ နောက်ပိုင်းတွင် ညှိနှိုင်းမှုအား သဘောတူညီမှုဖြင့် ဆောင်ရွက် နိုင်စွမ်းပိုမိုရရှိနိုင်လေ ဖြစ်ပါသည်။ ယင်းကို အလောတကြီးဆောင်ရွက်ပါက နောက်ဆုံး ဆုံးဖြတ်ချက်မချမီ ရပ်ရွာလူထုနှင့် အထွေထွေသဘောတူညီချက် တည်ဆောက်ရာတွင် အတားအဆီး ရှိနိုင်ပါသည်။ ယင်းကြောင့် ရပ်ရွာလူထုအတွင်း၊ ကုမ္ပဏီနှင့် အစိုးရတို့အကြား အငြင်းပွားမှုများ ဖြစ်ပေါ်နိုင်ပါသည်။ သဘောတူညီချက် တရားဝင်မှုမှာ မေးခွန်းထုတ်စရာဖြစ်လာနိုင်သည်။ မကျေနပ်မှုဖြစ်ပေါ်သည့်နေရာမှ လုပ်ငန်းစဉ်ကို ပြန်လည်အစပြုရကောင်း ပြုရနိုင်ပါသည်။ နောက်ဆုံးတွင် ဤသို့ပြန်လည် အစ"ပျိုး" ရပါက ပါဝင်သည့်အဖွဲ့အားလုံးအတွက် အချိန်နှင့်အရင်းအမြစ်များ ပိုမိုလိုအပ်ပြီး အလောတကြီးဆောင်ရွက်သည့် လုပ်ငန်းစဉ်မှ ပေါ်ပေါက်လာသည့် အငြင်းပွားမှုမှသည် သဘောတူညီချက်ရရှိ၊ ထိန်းသိမ်းရန် အရေးကြီးသည့် အပြန်အလှန်ယုံကြည်မှုနှင့် တာဝန်ခံမှုများ ပြိုကွဲနိုင်ပါသည်။ လုပ်ငန်းစဉ်တွင် အချိန်နှင့်အရင်းအမြစ်များ ပြင်ဆင်မှုရှိခြင်းဖြင့် နောက်ပိုင်း စီမံကိန်းလည်ပတ်မှုအဆင့်များတွင် ပဋိပက္ခများနှင့် အငြင်းပွားမှုများဖြစ်လာမည့် အန္တရာယ် ကြီးကြီးမားမား ပျောက်ကွယ်သွားကာ ယင်းသည် ထိုလုပ်ငန်းလည်ပတ်မှုများ ပိုမိုရေရှည်တည်တံ့မည့် အဓိကအချက် ဖြစ်ပါသည်။ ရပ်ရွာလူထုက စီမံကိန်းကိုကန့်ကွက်မည်ကို စောလျှင်စွာသိရှိခြင်းဖြင့် စီမံကိန်းရေးဆွဲသူများအနေနှင့် ရနိုင်မည့် မြေနေရာအား ပိုမို အလေးထား ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ခြင်း-** အထူးသဖြင့် အမျိုးသမီးများ၊ လူငယ်များ၊ ဆင်းရဲသားများ၊ ရွှေ့ပြောင်းလုပ်သားများနှင့် လယ်ယာမဲ့များ အပါအဝင် ရပ်ရွာလူထုများအတတ်နိုင်ဆုံး အကျယ်ပြန့်ဆုံးပါဝင်ရန် ကြိုးပမ်းခြင်းဖြင့်ရပ်ရွာအတွင်း နောက်ပိုင်းချမည့်ဆုံးဖြတ်ချက်တွင် စိန်ခေါ်မှုများ သို့မဟုတ် ထိခိုက် နစ်နာမှုများနောက်ဆက်တွဲဖြစ်လာမည့်အရေးကို လျှော့ချနိုင်မည် ဖြစ်ပါသည်။ ထိုအုပ်စုများပါဝင်ခြင်းသည် စီမံကိန်းအကောင်အထည်ဖော်ရာ၌ ထည့်သွင်းစဉ်းစားရန်လိုအပ်သည့် တန်"ဖိုး" များ ၊ အသုံးပြုမှုများနှင့် အရင်းအမြစ်များကို ပိုမိုကောင်းမွန်စွာ ထင်ဟပ်စေမည် ဖြစ်ပါသည်။ ရပ်ရွာလူထုသည် အုပ်စုတစ်မျိုးတည်းမဟုတ်သည်ကိုလည်းကောင်း မတူကွဲပြားသော လိုအပ်ချက်များပေါ်မူတည်၍ ဆုံးဖြတ်ချက်များ ကွဲပြားနိုင်ကြောင်း သိထားသင့် ပါသည်။

**ရယူသုံးစွဲနိုင်မှု -** ဌာနေတိုင်းရင်းသားပြည်သူများနှင့်ဒေသခံရပ်ရွာလူထုအတွက် အကြောင်းအရာအား ကြိုတင်သိရှိကာ ဆုံးဖြတ်ပေးခြင်းနှင့် သဘောတူညီမှုပေးခြင်းတို့ ပြုလုပ် နိုင်ရန် ၎င်းတို့အနေနှင့် ဆောင်ရွက်ချက်များအတွက် စာရွက်စာတမ်းများနှင့် အထောက် အထား များအားလုံး ရရှိနိုင်အောင် ဆောင်ရွက်ပေးရပါမည်။ ဆိုလိုသည်မှာ စာရွက်စာတမ်း များအား ပွင့်လင်းစွာ၊ အချိန်မီ ၎င်းတို့ဖတ်ရှု၊ နားလည်နိုင်မည့်ပုံစံများနှင့် ဘာသာစကား များဖြင့်၊ အထူးသဖြင့် ၎င်းတို့၏မိခင်ဘာသာစကားဖြင့် ဘာသာပြန်များ၏အကူ အညီဖြင့် ပေးရန် ဆိုလိုပါသည်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကုန်ကျစရိတ်နှင့် နည်းလမ်းများကဲ့သို့ သော ထောက်ပံ့ပို့ဆောင်ရေးကိစ္စရပ်များကိုလည်း သဘောထားခံယူပွဲများ စီစဉ်ရာတွင် ထည့်သွင်းစဉ်းစားရပါမည်။ ဤသို့ဖြင့် ဒေသခံရပ်ရွာလူထု၏ ပါဝင်ဆွေးနွေးခြင်းသည် အချည်းနှီး မဖြစ်မည်ဖြစ်ပါသည်။

**ယုံကြည်မှု -** FPIC အားလိုက်နာရာတွင် ဆက်ဆံရေးတည်ဆောက်ရာ၌ ပွင့်လင်းမြင်သာမှုဖြင့်

အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုရှိခြင်း၊ သတင်းအချက်အလက် အပြန်အလှန်ဝေမျှခြင်း၊ တာဝန်ခံမှု သက်သေပြနိုင်ခြင်း၊ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခြင်း၊ ထပ်ကာ "တ"လဲလဲ ညှိနှိုင်းခြင်းနှင့် စေတနာကောင်းဖြင့် ညှိနှိုင်းခြင်း လုပ်ငန်းစဉ်များက အဓိက ကျပါသည်။ ဤလုပ်ငန်းစဉ်တွင် ကုမ္ပဏီသည် ရပ်ရွာလူထု၏ပိုမိုကျယ်ပြန့်သောအခွင့်အရေးများအား လိုက်နာရန်၊ ဆွေးနွေးပွဲများတွင်ပါဝင်ရန်၊ နည်းလမ်းများရှာဖွေရန်နှင့် သတင်းအချက်အလက်များ ပေးရန်၊ လေးစားစွာဆက်ဆံရန်၊ တောင်းဆိုသည့်အခါ သိမ်းဆည်းထားသည့်အချက်များ ပေးရန်၊ သဘောတူညီမှုဖြင့် ညှိနှိုင်းဆွေးနွေးရန်၊ ချမှတ်ပြီးသည့် ဆုံးဖြတ်ချက်များကိုလက်ခံ၍ လိုက်နာရန် သဘောတူညီရပါမည်။ ဤနည်းဖြင့် ရေရှည် ငြိမ်းချမ်းစွာ အပြန်အလှန်ဆက်ဆံမှုနှင့် သဟဇာတ ရှိစွာ အတူယှဉ်တွဲနေထိုင်မှု တည်မြဲမည်ဖြစ်ပြီး သဘောထားကွဲပြားသည့်အချက်များကို ချစ်ကြည်မှု နှင့် လေးစားစွာဖြေရှင်းနိုင်မည် ဖြစ်ပါသည်။ ညှိနှိုင်းလွယ်မှု၊ အလွတ်သဘောဖြစ်မှု၊ အချိန်နှင့် လူချင်းပိုမိုရင်းနှီးခွင့်တို့သည် အပြန်အလှန်လေးစားမှုနှင့် အတွေးပွင့်လင်းမှုတို့ တည်ဆောက် နိုင်မည့် အရေးကြီးသည့် နည်းလမ်းဖြစ်ပါသည်။ အစိုးရ၊ ကုမ္ပဏီနှင့် ဒေသခံလူထုကိုယ်စားလှယ် များတွင် ပြောရေးဆိုခွင့်နှင့် ၎င်းတို့အဖွဲ့အစည်းကိုယ်စား လိုက်နာရန်တာဝန်ရှိသည့် ကတိကဝတ် များပြုနိုင်ရန် လုပ်ပိုင်ခွင့်အာဏာပြတ်သားစွာရှိရန် လိုအပ်ပါသည်။

**ယဉ်ကျေးမှုဆိုင်ရာ နားလည်မှု -** ယဉ်ကျေးမှုစံနှုန်းများနှင့် မျှော်လင့်ချက်များက ဌာနေတိုင်းရင်းသားပြည်သူများနှင့် ဒေသခံရပ်ရွာလူထုတို့ ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းစဉ်အား မည်သို့ချဉ်းကပ်၊ ပါဝင်ကြောင်း ပုံဖော်ပေးပါသည်။ ယင်းတို့သည် ကိုယ်စားပြုမှုနည်းလမ်းများ၊ ဆုံးဖြတ်ချက်ချသည့် ယန္တရားများ၊ အချိန်လိုအပ်ချက်များ၊ သဘောတူညီချက်များကိုမည်ကဲ့သို့ ချုပ်ဆိုပုံနှင့် မည်သည့်အချက်က ညှိနှိုင်းမှုလုပ်ငန်းစဉ်ကို ချမှတ်ပုံတို့အပေါ် ထိခိုက်မှု ရှိနိုင်ပါသည်။ ထိုလိုအပ်ချက်များကို အသိအမှတ်ပြုခြင်းသည် နှစ်ဦးနှစ်ဘက် စိတ်ကြေနပ်မှုရရှိရန် ခိုင်မာ၍ တရားဝင်သည့် ရေရှည်အကျိုးကျေးဇူးများရရှိရန်အတွက် လိုအပ်ပါသည်။ ဌာနေတိုင်းရင်းသားပြည်သူများအား နိုင်ငံသားများအဖြစ် အသိအမှတ်ပြုခြင်း သို့မဟုတ် မှတ်ပုံတင်ထားခြင်း မရှိသော သို့မဟုတ် တရားဥပဒေစိုးမိုးမှုမရှိသော၊ တရားစီရင်ရေး၏လွတ်လပ်ခွင့်ကို မေးခွန်းထုတ်စရာ ဖြစ်နေသော နေရာတွင် ဆုံးဖြတ်ချက်ချရန်နှင့် သဘောတူညီမှု ရရှိရန်မှာ ဓလေ့ထုံးတမ်း ဥပဒေများကို လိုက်နာရန်နှင့်ဓလေ့ထုံးတမ်း"စ"နစ်များကို လေးစားရန် လိုအပ်သည်။

**'သဘောမတူ' ဟုပြောဆိုပိုင်ခွင့်ကို လေးစားရန် -** ရပ်ရွာလူထုနှင့် ကောင်းသောစိတ်စေတနာဖြင့် စေ့စပ်ညှိနှိုင်းဆောင်ရွက်သည့် ကုမ္ပဏီများနှင့် အစိုးရများသည် သတင်းပေးခြင်းနှင့် စေ့စပ်ညှိနှိုင်းသည့်လုပ်ငန်းစဉ်အား စေ့စပ်စွာ ဆောင်ရွက်ပြီးသည့် တိုင်အောင် ဌာနေတိုင်းရင်းသားပြည်သူများနှင့် ဒေသခံရပ်ရွာလူထုတို့သည် ၎င်းတို့၏ဓလေ့ထုံးတမ်း မြေယာများပေါ်တွင်ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သို့မဟုတ် စီမံကိန်းတစ်ရပ်ကို 'သဘောမတူ' ဟု ငြင်းဆိုရန် အခွင့်အရေးရှိသည်။ ဌာနေတိုင်းရင်းသားများ၏ 'သဘောမတူ'ဟု ဆုံးဖြတ်ချက်၏ နောက်ဆက်တွဲအကျိုးကျေးဇူးသည် အခြေအနေကိုလိုက်၍ ပြောင်းလဲနိုင်ပါသည်။ ယေဘုယျအားဖြင့် ဌာနေတိုင်းရင်းသားပြည်သူများ၏ ဘဝများနှင့် အခြေခံအခွင့်အရေးများအပေါ် တိုက်ရိုက်၊ ထင်ရှားစွာ သက်ရောက်မှုရှိသည့် စီမံကိန်းတစ်ရပ်ကို သဘောတူညီချက်ဆုပ်ကိုင်ထားပါက ရှေ့ဆက် ဆောင်ရွက် ရန် မသင့်ပါ။ အထူးသဖြင့် FPIC မရရှိပါက ဌာနေတိုင်းရင်းသားပြည်သူများနှင့် ဒေသခံရပ်ရွာလူထုအား နေရာ ပြန်လည်

ချထားပေးမှု မပြုခြင်း၊ ၎င်းတို့၏မြေများပေါ်တွင် အန္တရာယ်ရှိသော ပစ္စည်းများအား သိုလှောင်ခြင်း သို့မဟုတ် စွန့်ပစ်ခြင်း မပြုလုပ်နိုင်ပါ။ 'သဘောတူပါသည်' ဟုပြောရန်ဆုံးဖြတ်ရာတွင် ဌာနေတိုင်းရင်းသားပြည်သူများနှင့် ဒေသခံရပ်ရွာလူထုတို့သည် ၎င်းတို့၏မြေယာများပေါ်တွင် အဆိုပြုထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို သဘောတူနိုင်မည့် စည်းကမ်းချက်များကို စေ့စပ်ညှိနှိုင်း နိုင်မည် ဖြစ်ပါသည်။ လုပ်ငန်းစဥ်၏ အဆင့်တစ်ဆင့်ဆင့်၌ သဘောတူညီခြင်းသည် နောက်ဆုံး ရလဒ်အဖြစ် အလိုအလျောက် သဘောတူကြောင်းထွက်ပေါ်လာသည်ဟု မဆိုလိုပါ။

## 'ကြိုတင်' ဆိုသည်မှာ မည်မျှ ကြိုတင်ဆောင်ရွက်ရမည်လဲ

အစိုးရတွင် FPIC အားလိုက်နာရန် အဓိကတာဝန်ရှိသည်ဆိုပါက ၎င်းတို့သည် မြေအသုံးချမှု စီမံကိန်းတွင် ထိခိုက်နစ်နာသည့် ပြည်သူများအား ပါဝင်စေရန် တတ်နိုင်သမျှ အစောဆုံးဆောင်ရွက်ပေးရမည်။ မြေယာအား တတိယပုဂ္ဂိုလ်ထံသို့ ချထားပေးရန်ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာပြည်သူများအား ဦးစွာအသိပေးခြင်း၊ အောက်ဖော်ပြပါ လုပ်ငန်းစဥ်များအရ ၎င်းတို့၏သဘောတူညီချက်ရယူခြင်းမရှိဘဲ မချမှတ်ရပါ။ မြေယာများအား ကုမ္ပဏီများထံ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် အငှားချထားပေးခြင်းဖြင့် အခွင့်အရေးချိုးဖောက်မှုများ သို့မဟုတ် အငြင်းပွားမှုများဖြစ်ပေါ်စေ"နိုင်"သောကြောင့် ထိုသို့ချထားပေးခြင်းမပြုရန် အစိုးရများတွင် အရေးကြီး တာဝန်ရှိပါသည်။ ကုမ္ပဏီများအတွက် အခြေအနေသည် ပို၍မသေချာ မရေရာဖြစ်နေသည်။ ၎င်းတို့သည် အစိုးရထံမှရရှိသည့်မြေယာ (သို့မဟုတ် မြေလွဲပြောင်းပေးခြင်း) သည် အစိုးရအေဂျင်စီများက ဓလေ့ထုံးတမ်းအခွင့်အရေးများအား မျက်စိလျှမ်း သို့မဟုတ် လျစ်လျူရှုထားသည့် အတွက် ဝန်ထုတ်ဝန်ပိုးဖြစ်နေကြောင်းရှုမြင်နိုင်ကြသည်။ ထိုသို့သော အခြေအနေ မျိုးတွင် ကုမ္ပဏီများသည် ရပ်ရွာလူထုနှင့် စေတနာအရင်းခံ၍ တိုက်ရိုက်တွေ့ဆုံကာ အခြေအနေကို ရှင်းပြသင့်သည်။ ထို့နောက် ၎င်းတို့သည် အောက်တွင်အကျဥ်းဖော်ပြထားသည့် လုပ်ငန်းစဥ်များကို ဆောင်ရွက်ကာ ၎င်းတို့အနေနှင့် မြေကိုရှင်းလင်းမည် မဟုတ်ကြောင်း ဓလေ့ထုံးတမ်း အခွင့်အရေးများကို အပြည့်အဝအသိအမှတ်ပြု၍ ၎င်းတို့၏သက်ဆိုင်ရာအခွင့်အရေးကိုင်ဆောင်ထားသူများထံမှ ၎င်းတို့၏အစီအစဥ်များအတွက် FPIC ရရှိရေး ရင်းနှီးမြှုပ်နှံမှု ရည်မှန်းချက်များအပေါ် ဖိအားပေးမည် မဟုတ်ကြောင်း ပြောပြသင့်သည်။

သို့ရာတွင် ထိုအခြေအနေများသည် ထိခိုက်နစ်နာသည့် ရပ်ရွာလူထုအား အတော်အတန်အကျိုးမဲ့သည့်အနေအထားသို့ ပို့နေသည်ဟု သိမှတ်ရန် မလိုအပ်ပါ။ ၎င်းတို့၏မြေယာများအား သဘောတူညီမှုမယူဘဲ တတိယပုဂ္ဂိုလ်ထံခွဲဝေချထားပေးသည့်အခါ ကုမ္ပဏီနှင့် နောက်ဆက်တွဲစေ့စပ်ညှိနှိုင်းမှုအရှိန်သည် ကြီးမားစွာ အားလျော့သွားပါသည်။

# မူလ ရပိုင်ခွင့် ရှိထားသူများအား ဖော်ထုတ်သတ်မှတ်ခြင်း [7]

အားလုံးပါဝင်သည့်လုပ်ငန်းစဉ်တစ်ရပ်၏ ဤအဆင့်၏ရည်ရွယ်ချက်မှာ မည်သူများက ပစ်မှတ်ထားသည့် ဤစီမံကိန်းဧရိယာအတွင်း လက်ရှိအခွင့်အရေးကိုင်ဆောင်ထားသူများနှင့် မြေအသုံးပြုသူများဖြစ်ကြသည်ကို ဖော်ထုတ်သတ်မှတ်ရန် ဖြစ်ပါသည်။ ယင်းသည် ဒေသခံရပ်ရွာလူထုက မြေယာအား မည်ကဲ့သို့အသုံးပြုကြကြောင်းနှင့် မတူညီသောအုပ်စုများက ပစ်မှတ်ထားသည့်မြေနှင့် ထိုနေရာရှိ သဘာဝအရင်းအမြစ်များအား မည်သည့်အရာများ တောင်းဆိုကြကြောင်းနှင့် ထိုစီမံကိန်းအားသဘောတူညီကြောင်း သဘောထား ခံယူ၍ သဘောတူညီမှုရေးရန် မည်သူ့ထံတွင် ဆွေးနွေးတိုင်ပင်ရန် အခွင့်အရေးရှိကြောင်း ဆုံးဖြတ်သတ်မှတ်ရာတွင် အထောက်အကူဖြစ်မည် ဖြစ်ပါသည်။ ရည်ရွယ်ထားသည့်စီမံကိန်းဧရိယာ နှင့် နယ်နိမိတ်ချင်းကပ်လျှက်ဧရိယာများ၏ အစိတ်အပိုင်းအားလုံးအတွက် အခွင့်အရေးကိုင်ဆောင်ထားသူများကို ဖော်ထုတ်သတ်မှတ်သင့်သည်။ နယ်နိမိတ်ချင်း ထိစပ်နေသည့် ရပ်ရွာများမှလည်း စီမံကိန်းဒေသ သို့မဟုတ် ထိုနေရာ၌ဆောင်ရွက်ချက်များ ကြောင့်ထိခိုက်သည့်အရင်းအမြစ်များ (ဥပမာ- ရေ) အားတောင်းဆိုခြင်း သို့မဟုတ် ထိုအရင်းအမြစ်များကို ရာသီအလိုက်အသုံးပြုခြင်း သို့မဟုတ် ရည်ရွယ်သည့် စီမံကိန်းဧရိယာအတွင်း နေထိုင်ကြသော ပြည်သူများနှင့် လုပ်ပိုင်ခွင့်အရ အခြားသောဆက်ဆံမှုပုံစံများ ရှိနိုင်ပါသည်။

**ဓလေ့ထုံးတမ်း အခွင့်အရေးများဆိုသည်မှာ ဘာတွေလဲ**

ဓလေ့ထုံးတမ်းအခွင့်အရေးများသည် ဓလေ့ထုံးတမ်းဥပဒေများမှ ဆင်းသက်လာပြီး “ရိုးရာ၊ အစဥ်အလာ” အရ အာဏာသက်ဝင် ခိုင်မာလာသည့် ရေးသားထားခြင်းမရှိသော စည်းကမ်းများဖြစ်ပါသည်။ မိသားစုဆက်ဆံရေး၊ ပိုင်ဆိုင်မှုဥပဒေ၊ မြေယာနှင့် သဘာဝအရင်းအမြစ်များ အသုံးချမှုနှင့် ပိုင်ဆိုင်မှုအပါအဝင် ကိစ္စအများအပြားအား ဓလေ့ထုံးတမ်းဥပဒေဖြင့် စီမံအုပ်ချုပ်သည်။ ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်စနစ် ဆိုသည်မှာ မြေယာနှင့် မြေယာပေါ်ရှိ သဘာဝအရင်းအမြစ်များအား ပိုင်ဆိုင်မှု၊ စီမံမှု၊ အသုံးပြုမှု၊ ရယူမှုနှင့် လွှဲပြောင်းမှုများအား ဖော်ထုတ်သတ်မှတ်၊ စီမံခန့်ခွဲရန် ကျေးရွာအသိုက်အဝန်းများက အသုံးပြုသော စနစ်များကို ဆိုလိုသည်။ ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်သည် ဆွေမျိုးတော်စပ်မှု၊ မျိုးရိုးဆက်ခံမှုနှင့် ရပ်ရွာရှိ လူတစ်ဦးချင်းနှင့် အစုအဖွဲ့များ၏ အခန်းကဏ္ဍနှင့် အ"ခွင့်"အရေးများဆိုင်ရာ ကျယ်ပြန့်သော လူမှုအဓိပ္ပါယ်သတ်မှတ်ချက်များနှင့် အနီးကပ် ဆက်နွှယ်လျက်ရှိပါသည်။ ဓလေ့ထုံးတမ်း ဥပဒေများနှင့် အခွင့်အရေးများသည် နိုင်ငံတော်၏ (ပြဋ္ဌာန်းဥပဒေ) များထက် ရပ်ရွာလူထုထံမှ ဆင်းသက်ပေါ်ထွက်လာခြင်းဖြစ်ကာ လက်တွေ့မြေပြင်တွင် ထိုစနစ်နှစ်ခုသည် အများအားဖြင့် ထပ်နေတတ်သော်လည်း ဓလေ့ထုံးတမ်းအခွင့်အရေးများကို နိုင်ငံတော်က အမြဲတမ်း အသိအမှတ်ပြုခြင်း သို့မဟုတ် တန်းတူအခွင့်အရေးပေးခြင်း မရှိပါ။ ဓလေ့ထုံးတမ်းအခွင့်အရေးများသည် အလွတ်သဘော (တရားဝင် နိုင်ငံတော်၏ အသိအမှတ်ပြုခံရမှု မရှိခြင်း) တည်ရှိခြင်း သို့မဟုတ် နိုင်ငံတကာ ကတိကဝတ်စာချုပ်များ၊ ပြည်တွင်း ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြဋ္ဌာန်းဥပဒေနှင့် စပ်ဆက်စည်းမျဥ်းစည်းကမ်းများ အရ ဥပဒေကဲ့သို့ အာဏာသက်ဝင်၍ တရားဝင် တည်ရှိခြင်းမျိုး ရှိနိုင်ပါသည်။ ရပ်ရွာဒေသ တည်နေရာ၊ လူမှုရေးဖွဲ့စည်းပုံနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းပုံစံများ အလိုက် ဓလေ့ထုံးတမ်း မြေယာအခွင့်အရေး များမှာ များစွာကွာခြားပါသည်။ အချို့ရပ်ရွာများတွင် မြေယာနှင့် သဘာဝအရင်းအမြစ်များကို စုပေါင်းပိုင်ဆိုင်၊ လုပ်ကိုင်၍ တန်းတူညီမျှစီမံခန့်ခွဲကြသည် (ဓလေ့ထုံးတမ်းမြေယာစနစ်များအနက် “ဘုံပိုင်စနစ်များ” ဟု ရည်ညွှန်းလေ့ရှိသည်)။ အများအားဖြင့် အခွင့်အရေးများမှာ “အံဝင်ခွင်ကျ ချိတ်ဆက်ထားသည်”၊ ဥပမာ တစ်ဦးချင်း သို့မဟုတ် မိသားစုပိုင် လယ်ယာမြေများမှာ ပိုမိုကျယ်ပြန့်သော အများဘုံပိုင် နယ်မြေထဲတွင် တည်ရှိနေခြင်းမျိုး ဖြစ်သည်။ မြေယာနှင့် သဘာဝအရင်းအမြစ်များသည် ဌာနေတိုင်းရင်းသားများနှင့် အခြား ဓလေ့ထုံးတမ်းမြေယာစီမံမှုစနစ် အသုံးပြုသော ရပ်ရွာဒေသခံများအတွက် လူမှုရေး၊ ယုံကြည်မှု၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ရေးရာနှင့် နိုင်ငံရေး တန်ဖိုးများ ရှိနေတတ်သည်။

7 အခွင့်အရေးရှိသူများအား ဖော်ထုတ်ခြင်း - လမ်းညွှန်ချက်များ စာပိုဒ် 3A.1.1; 4.5; 7.1–7.6; 8.2; 8.4; 8.6; 8.7; 9.5; 9.8; 11.5; 12.9; 12.10; Section 17.1–17.5 တို့အား ကြည့်ပါ။

## ယင်းကို မည်ကဲ့သို့အကောင်အထည်ဖော်သင့်ပါသလဲ။

အောက်ပါတို့ကို ဖော်ထုတ်သတ်မှတ်ရန် တွေ့ဆုံမေးမြန်းခန်းများ၊ သဘောထားခံယူပွဲများနှင့် ဦးတည်ထားသည့်အုပ်စုနှင့် ဆွေးနွေးခြင်း၊ စစ်တမ်းမေးခွန်းလွှာများဖြေဆိုစေခြင်းတို့ကို ပြုလုပ်ပါ -

- စီမံကိန်းဧရိယာအတွင်းနှင့် ပိုမိုကျယ်ပြန့်သည့်ဇုန်များမှ လူပုဂ္ဂိုလ်များ၊ မိသားစုများ၊ ကျေးရွာများ၊ မျိုးနွယ်စုများနှင့်အခြားသော လူမှုရေးအမျိုးအစားများ၊
- ထိုအုပ်စုများအကြား လက်ရှိဆက်ဆံရေးသဘာဝများ။ ၎င်းတို့တွင် ဆွေမျိုးဆက်ဆံရေး ပါဝင်နိုင် ပါသည်။ သို့ရာတွင် ကုန်သွယ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး သို့မဟုတ် ယဉ်ကျေးမှု အားဖြင့် ဆက်သွယ်မှုရှိသော ပိုမိုကျယ်ပြန့်သည့်စီးပွားရေးအရဆက်ဆံမှုရှိခြင်း။
- ဖော်ပြပါအုပ်စုအမျိုးမျိုးတို့၏ ပထဝီအနေအထား တည်နေရာများနှင့် လူဦးရေ စုစုပေါင်း။ တည်နေရာအမှတ်များ ထောက်ပြနိုင်မည့် မြေပုံများနှင့် GPS တို့ကို အသုံးပြုနိုင်ပါသည်။ အချို့သော ရပ်ရွာများမှာ ရွှေ့လျားသွားလာနေကြသူများ၊ ၎င်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းပေါ် မူတည်၍ နယ်နိမိတ်များတစ်လျှောက် ရာသီအလိုက်ရွှေ့ပြောင်းသွားလာ လုပ်ကိုင်နေကြသူများ ဖြစ်ကြောင်း မှတ်သားထားပါ။ နမူနာများတွင် မုဆိုးများ - စိုက်ပျိုးရေးသမားများ၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးသူများနှင့် ယာယီလုပ်သားများ ပါဝင်နိုင်ပါသည်။
- ရပ်ရွာလူထုများ၏နေထိုင်မှုဘဝများနှင့် အခွင့်အရေးများကိုအသုံးပြုမှုကို စီမံခန့်ခွဲသည့် ဌာနများ ( ဉ ပမာ- တိုင်းဒေသကြီး, ခရိုင် သို့မဟုတ် ပြည်နယ်)၊
- အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး၊ ဓလေ့ထုံးတမ်း ဥပဒေကျင့်သုံးမှု နှင့် မြေယာအခွင့်အရေး များကို အထူးသဖြင့်ဓလေ့ထုံးတမ်းအခွင့်အရေးများကို အခြေခံ၍ ကျင့်သုံးရာတွင် ရပ်ရွာလူထုများနှင့် ပြည်နယ်များအကြား ဆက်ဆံရေးသဘောသဘာဝ။
- ဒေသတွင်းရှိရပ်ရွာများတွင် မြေယာသိမ်းဆည်းမှုများနှင့် အသုံးချမှုများ၏ရာဇဝင် - မြေယာနှင့်ဆက်စပ်ပုံ၊ ၎င်းတို့၏ မြေယာလုပ်ပိုင်ခွင့်၊ အုပ်ချုပ်ရေးနှင့် အမွေဆက်ခံမှုဆိုင်ရာ ဓလေ့ထုံးတမ်းစံနစ်၊ ရပ်ရွာအတွင်းနှင့် အချင်းချင်းအကြား၊ ပြင်ပပုဂ္ဂိုလ်များနှင့် မြေယာလွှဲပြောင်းပေးမှုများအား ဓလေ့ထုံးတမ်းအရတရားဝင်အောင် မည်ကဲ့သို့ဆောင်ရွက်ပုံ။ အကယ်၍တိုင်းရင်းသားလူမျိုးများစွာရှိပါက ထိုသူများတစ်ဦးနှင့်တစ်ဦး မည်ကဲ့သို့ ပတ်သက်ပုံကို နားလည်အောင်ပြုလုပ်ရန်နှင့် မြေယာနှင့် သဘာဝအရင်းအမြစ်များနှင့်စပ်လျဥ်း၍ ဆက်သွယ်မှုများ ကို တရားဝင်အောင်ပြုလုပ်ရန်။
- ရပ်ရွာလူထုများ ၎င်းတို့၏မြေယာများနှင့် မြေအသုံးပြုမှုများတောင်းခံမှုများကို မည်ကဲ့သို့ ညှိပုံ။ ယင်းတွင် ဓလေ့ထုံးတမ်းဥပဒေ၊ ဘိုးဘပိုင်၊ အမွေဆက်ခံခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် တိုင်းငံတော်ကချထားပေးသည့် အိုးအိမ်အစီအစဉ်များ ပါဝင်နိုင်ပါသည်။ အခွင့်အရေးများကိုင်ဆောင် ထားသူများနှင့် မြေယာအသုံးချမှုများရရှိသူများသည် ထို ပုဂ္ဂိုလ် သို့မဟုတ် ရပ်ရွာသို့သာ တစ်သမတ်တည်း မဟုတ်သည်ကို မှတ်သားထားပါ။
- လက်ရှိလူဦးရေ၊ မြေအသုံးပြုမှုနှင့်၎င်းတို့၏ဆက်နွယ်မှုများကို ပုံဖော်စေခဲ့သော ၊ ပြောင်းလဲစေခဲ့ သော သမိုင်းကြောင်းအချက်အလက်များ။ ၎င်းတို့တွင် ပြီးဆုံးခဲ့သော၊

ဖြစ်ပွားဆဲ ပြည်တွင်းစစ်များ၊ ပြည်တွင်းနေရပ်စွန့်ခွာသွားရသူများ ၊ ရွှေ့ပြောင်းသွားလာမှုပုံစံ သို့မဟုတ် မြို့ပြနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေး စသည်တို့ ပါဝင်ပါသည်။

- ရပ်ရွာများအတွင်း လူဦးရေကျဲပြန့်နေထိုင်မှု။ ၎င်းတို့တွင် အသက်အပိုင်းအခြားလိုက်၊ ကျား-မ အချိုးများနှင့် ဒေသခံနှင့် ရွှေ့ပြောင်းလာသည့်အုပ်စုများ စသည်တို့ပါဝင်နိုင်ပါသည်။
- ရပ်ရွာအတွင်းရှိ အမျိုးသမီးများ၏ အဆင့်နှင့်အခန်းကဏ္ဍ။ ၎င်းတို့တွင် လုပ်အားခွဲဝေမှု၌၎င်းတို့၏အခန်းကဏ္ဍ၊ မြေအသုံးချခွင့်နှင့်အသုံးပြုမှု၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် ၎င်းတို့မည်ကဲ့သို့ကိုယ်စားပြုသည် စသည်တို့ ပါဝင်နိုင်ပါသည်။ [8]
- ရပ်ရွာအတွင်း အသက်မွေးဝမ်းကျောင်းအမျိုးအစား၊ ၎င်းတို့၏အသက်မွေးလုပ်ငန်းများတည့်တံ့အောင်၎င်းတို့မှီခိုရသည့် အရင်းအမြစ်များ။ ၎င်းတို့တွင် အမြဲတမ်း သို့မဟုတ် ရာသီအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အမဲလိုက်ခြင်းနှင့် ရှာဖွေစုဆောင်းခြင်း သို့မဟုတ် အထက်အကြောင်းအရာများပေါင်း၍ လုပ်ဆောင်ခြင်းများ ပါဝင်ပါသည်။
- သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုနှင့်အသုံးချမှု ဒေသန္တရစံနစ်များ။ ၎င်းတို့တွင် မြစ်များ၊ ပင်လယ်များမှ ရေအသုံးချမှု၊ မြေယာ၊ သစ်တောများ၊ သီးနှံများနှင့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ ပါဝင်ပါသည်။ ကျေးလက်ပြည်သူအများစုတို့တွင် စီးပွားရေး လုပ်ငန်းရောနှောလုပ်ကိုင်ကြပြီး ယင်းတို့သည် မြေနှင့် အရင်းအမြစ်များကို နည်းအမျိုးမျိုးနှင့် အသုံးချ ကြပါသည်။
- ဒေသတွင်း ဖွဲ့စည်းသည့် လူမှုရေးအဖွဲ့အစည်း ပုံစံများတွင် ဆုံးဖြတ်ချက်ချရာတွင် တာဝန်ရှိသော လူပုဂ္ဂိုလ်များနှင့်အဖွဲ့ အစည်းများ၊ ဓလေ့ထုံးတမ်းဥပဒေများ အာဏာသက်ဝင်မှု၊ ဘာသာရေးထုံးတမ်းများ၊ စီးပွားရေးဆောင်ရွက်ချက်များ၊ ရပ်ရွာအတွင်းနှင့် အချင်းချင်းဆက်ဆံရေးများ၊ နိုင်ငံရေးသြဇာအာဏာ၊ သဘာဝအရင်းအမြစ်များအသုံးပြုမှုနှင့် စီမံခန့်ခွဲမှုတို့အပြင် အခြားသောအကြောင်းအရာများလည်းပါဝင်နိုင်ပါသည်။
- ဒေသတွင်းစာတတ်မြောက်မှုအဆင့်များ။
  ခေါင်းဆောင်များအပါအဝင် ဒေသခံရပ်ရွာလူထုများသည် ပညာတတ်များ သို့မဟုတ် ပညာတစ်ပိုင်းတစ်စ တတ်သူများ ဖြစ်ပါက သတင်းအချက်အလက်အားလုံးတို့ကို သင့်တော်သောပုံစံနှင့် ဘာသာစကားများနှင့် ရရှိ၊ နားလည်နိုင်စေရန်နှင့် ဆောင်ရွက်ချက်အားလုံးကို ပြန်လည်ကိုးကားနိုင်ရန်အတွက် အသံဖမ်းထားရန် အရေးကြီးပါသည်။ မျက်နှာချင်းဆိုင် မေးမြန်းခန်းများအပြင် သရုပ်ဖော်ပုံများ၊ ရုပ်ပုံများနှင့် ဗီဒီယိုများကလည်း သတင်းအချက်အလက်များ ရရှိရေးအတွက် အထောက်အကူဖြစ်စေနိုင်ပါသည်။

**မြေယာနှင့် သဘာဝအရင်းအမြစ်များ၏ ယဥ်ကျေးမှုတန်ဖိုးနှင့် စပ်လျဉ်း၍ "လမ်းညွှန်ချက်များ" တွင် ဖော်ပြထားချက်**

အရင်းအမြစ် - FAO, 2012

**၉.၁။** မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများသည် ဌာနေ တိုင်းရင်းသားများနှင့် ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့် စီမံမှုစနစ်များအသုံးပြုသော အခြားဒေသခံရပ်ရွာများအတွက် လူမှုရေး၊ ယဥ်ကျေးမှု၊ ယုံကြည်မှု၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ရေးရာနှင့် နိုင်ငံရေး တန်ဖိုးများရှိကြောင်း နိုင်ငံတော်အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့များမှ အသိအမှတ်ပြုသင့်ပါသည်။

8 ကျား/မရေးရာ - လမ်းညွှန်ချက်များ စာပိုဒ် 3B.3; 3B.4; 4.4; 4.6; 4.7; 5.3; 5.4; 5.5; 6.1; 7.1; 7.4; 8.9; 8.11; 9.2; 9.6; 9.10; 10.1; 10.3; 12.11; 13.5; 13.6; 14.4; 15.3; 15.5; 15.6; 15.9; 15.10; 17.3; 20.2; 20.3; 21.1; 23.2; 25.3; 25.4; 25.5; 26.2. တို့အားကြည့်ပါ။ ကျား/မ သာတူညီမျှ မြေယာစီမံအုပ်ချုပ်မှုအတွက် FAO 2013 အားကြည့်ပါ။

- ရပ်ရွာအတွင်း မြေယာနှင့် သဘာဝအရင်းအမြစ်များ၏ ယဉ်ကျေးမှုတန်တန်"ဖိုး"များ။ ယင်းတွင် မြေယာနှင့် စီးပွားရေး၊ လူမှုရေး၊ စိတ်ဓာတ်/ဘာသာရေး၊ နိုင်ငံရေး၊ သမိုင်းကြောင်းနှင့် မိသားစုများအကြား ဆက်နွယ်နေမှုများ ပါဝင်နိုင်ပါသည်။[9]
- ရပ်ရွာများနှင့် နယ်မြေအတွင်းရှိ ကုမ္ပဏီများ သို့မဟုတ် အစိုးရအဖွဲ့အစည်းများအကြား ဖြစ်ပွားခဲ့ နှင့်/သို့ ဖြစ်ပွားဆဲ အငြင်းပွားမှု များနှင့် အကြောင်းရင်းများနှင့် ၎င်းတို့ကိုမည်ကဲ့သို ဖြေရှင်းခဲ့ သို့မဟုတ် ဖြေရှင်းနေပုံ။ ယခင်လုပ်ငန်းစီမံကိန်း ဆောင်ရွက်နေသူများ သို့မဟုတ် မန်နေဂျာများ ၏ ရပ်ရွာလူထု အခွင့်အရေးများ ချိုးဖောက် ခြင်း "က"တိက ဝတ် ယခင်စီမံကိန်းဆောင်ရွက်သူများက ရပ်ရွာသို့ပေးထားခဲ့သည့် ကြီးကြီးမားမား ဂတိကဝတ်များ အား ဖြေရှင်းကာ ကုစားရပါမည်။
- ဒေသန္တရနှင့် တရားဝင်စည်းကမ်းချက်များ အသုံးအနှုန်းများကွဲပြားနေခြင်းနှင့် သက်ဆိုင်ရာ ဒေသတွင်းအထူး စည်းကမ်း ချက်များ။ ၎င်းတို့တွင် လူမှုရေးအုပ်စုကွဲများ နှင့် အခွင့်အရေးများ၊ လုပ်ထုံးလုပ်နည်းများ၊ ဆုံးဖြတ်ချက်ချသည့်ပုံစံများနှင့် နိုင်ငံရေး အဖွဲ့အစည်းများကိုဖော်ပြသည့်အသုံးအနှုန်းများအား ခွဲခြားဖော်ပြမှုများ ပါဝင်ပါသည်။
- မတူညီသော အဓိပ္ပါယ်ဖွင့်ဆိုချက်များ များအား ရှင်းလင်းစွာနားလည်ခြင်းဖြင့် နားလည်မှုကွဲလွဲမှုကို ရှောင်ရှားနိုင်ရန်အထောက်အကူဖြစ်စေပြီး ယင်းသည် ဒေသန္တရ ဗဟုသုတနှင့်အသုံးအနှုန်းစံနစ်များကို နားလည်ပေးနိုင်မည် ဖြစ်ပါသည်။ဘာသာပြန်သူများ အနေနှင့် အနှောင့်အယှက်များနှင့် ဒေသသုံးအသုံးအနှုန်းများကို နည်းလည်၍ကောင်းစွာ သဘောပေါက်အောင်ရေးသားနိုင်စွမ်းရှိပါစေ။

စစ်တမ်းမေးခွန်းပေါ်အခြေခံသော သန်းခေါင်စာရင်းပြုစုခြင်း ကိုကွင်းဆင်းဆောင်ရွက်ခြင်းနှင့် ရည်ရွယ်ထားသည့် စီမံကိန်းဧရိယာနှင့် ၎င်း၏ထိစပ်နေသော ရပ်ရွာများအားလုံးတွင် သဘောထားခံယူပွဲများ ပြုလုပ်ခြင်းဖြင့် ဆောင်ရွက်ခြင်း။ သဘောထားခံယူရာတွင် သင်ကိုယ်စားပြုသည့်အဖွဲ့အစည်းအားလုံးနှင့် ဤသန်းခေါင်စာရင်းကိုအဘယ်ကြောင့်ကောက်ယူရကြောင်း ရှင်းလင်းစွာ ရှင်းပြကာ ထိုသို့သဘောထားခံယူရန်၎င်းတို့၏သဘောတူညီချက်တောင်းခံကာ စစ်တမ်းမေးခွန်းနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ပံ့ပိုးပေးပါ။ ဤအဆင့်တွင် (သို့မဟုတ် အခြားအဆင့်တစ်ခုခုတွင်) စီမံကိန်းဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်သော အခြေအနေ၌ ရပ်ရွာလူထုများသည် ၎င်းတို့၏သဘောတူညီချက်များကို ပြန်လည်ရုပ်သိမ်းခွင့်ရှိပါသည်။

သဘောထားခံယူမှုများနှင့် စစ်တမ်းမေးခွန်းများကို ပွင့်လင်းစွာ ထားပါ။ သန်းခေါင်စာရင်းကောက်ခံသည့်လုပ်ငန်းစဉ်တွင် အခြားသက်ဆိုင်ရာ ကိစ္စရပ်များနှင့် ရပ်ရွာကတင်ပြသည့် စိုးရိမ်မကင်းဖြစ်မှုများသည် စစ်တမ်းမေးခွန်းများအကြမ်းရေးသားရာ၌ မျှော်လင့်ပြင်ဆင်ထားခြင်း မရှိသောကြောင့် ယင်းတို့ကို ထည့်သွင်းစဉ်းစားခွင့်ပြုသင့်ပါသည်။

အခြားအရင်းအမြစ်များနှင့် တိုင်ပင်ပါ။ အောက်ပါအချက်များကို ထပ်မံ ဖော်ထုတ်၊သတ်မှတ်ရန် ရပ်ရွာလူထုသဘောထားခံယူခြင်းများကို သက်ဆိုင်ရာ ဒေသန္တရ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

9 မြေယာနှင့် သဘာဝအရင်းအမြစ်များ၏ ယဉ်ကျေးမှုတန်ဖိုး - လမ်းညွှန်ချက်များ စာပိုဒ် 4.8; 5.3; 5.9; 9.1; 9.7; 11.2; 16.2; 18.2. တို့အား ကြည့်ပါ။

များနှင့် သက်ဆိုင်ရာ ဒေသန္တရ၊ ပြည်တွင်းနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ သဘောထား များ ခံယူခြင်းဖြင့် ပြည်စုံအောင်ဆောင်ရွက်သင့်ပါသည်။

- ထိခိုက်နစ်နာနိုင်ရန်အလားအလာရှိသော ရပ်ရွာလူထုများနှင့် ပုဂ္ဂိုလ်များ၏ အခြေအနေနှင့် ဒေသန္တရနှင့် အမျိုးသားဉ ပဒေတွင်၎င်းတို့၏ ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်အခွင့်အရေးများ၊
- နိုင်ငံတော်ဥ ပဒေပြုခြင်းကို အခြားသောလူမှုရေးအုပ်စုများနှင့် လွှမ်းမိုးမှုရှိသည့် လူမှုရေးအုပ်စုများ က ရပ်ရွာကို သတ်မှတ်ထားခြင်းရှိပါလား၊ မည်ကဲ့သို့သတ်မှတ်ပါသနည်း။
- မကြာမီနှစ်များက ပြုလုပ်ခဲ့နိုင်ဖွယ်ရာရှိသည့် သန်းခေါင်စာရင်းကောက်ယူမှုများနှင့် ယင်းတို့တွင် ရပ်ရွာများကို ထင်ဟပ်လျှက်ရှိ-မရှိ။
- သက်ဆိုင်ရာ သီးခြားစီခွဲခြားထားသည့်ထပ်တိုးအချက်အလက်များ ရှိ-မရှိ။

မှတ်တမ်းမှတ်ရာများကို စိတ်ဝင်စားသည့်အုပ်စုအားလုံး ၎င်းတို့ရယူ၊ သုံးစွဲနိုင်သည့် ပုံစံများနှင့် ဘာသာစကား များဖြင့်ရရှိအောင် ဆောင်ရွက်ပေးပါ။ [10]

## မြေယာ၏ တရားဝင်အနေအထားကို သေ"ချာ"အောင်ဆောင်ရွက်ခြင်း

မည်သည့်လုပ်ငန်းစဉ်တွင်မဆို FPIC အားလိုက်နာရန် အရေးကြီးသည့် ပထမအဆင့်သည် မြေယာများနှင့် အခြားသော အရင်းအမြစ်များဆိုင်ရာ ဌာနေတိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးများ၏ အတိုင်းအတာကို ရှင်းလင်းဖော်ပြရန်နှင့် ဖြစ်နိုင်သည့်နေရာတွင် ထိုအခွင့်အရေးများ ရရှိရေးဖြစ်ပါသည်။ အဆိုပြုထားသည့် စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ၏ FPIC အားရှင်းလင်းဖော်ပြခြင်း သို့မဟုတ် လက်ကိုင်ထားခြင်းတို့အတွက် သက်ဆိုင်ရာပြည်သူများအတွက် ၎င်းတို့၏ ဓလေ့ထုံးတမ်းအခွင့်အရေးများအား အတိုင်းအတာအပြည့်အဝ အာမခံချက် ရရှိရန်နှင့် မြေအသုံးချမှု၏လက်ရှိစံနစ် အား အသိအမှတ်ပြု လေးစားလိုက်နာပေးရန် လိုအပ်ပါသည်။ အတိအကျ ပြောရလျှင် နိုင်ငံအများ၏တရားရေးစံနစ်များသည် လေ့ထုံးတမ်းမြေယာအခွင့်အရေး များကို တရားဝင်အသိအမှတ်ပြုမှုမရှိသောကြောင့် ရပ်ရွာလူထု ၎င်းတို့၏မြေယာများတွင် ဖြစ်ပေါ်နေမှုများအတွက် သဘောတူညီမှုပေး ရန်နှင့် လက်ကိုင်ထားရန်အခွင့်အရေးသည် လုံးဝအရေးကြီးပါသည်။

သို့ဖြစ်ရာ ဤအဆင့်၏ရည်ရွယ်ချက်မှာ ရည်မှန်းထားသည့်စီမံကိန်းမြေ အပေါ် နိုင်ငံဥ ပဒေအရ ရော ဓလေ့ထုံးတမ်းဥ ပဒေအရပါ မည်သူ့ထံတွင် အခွင့်အရေးများရှိကြောင်း၊ မြေအား ကုမ္ပဏီတစ်ခုက သိမ်းဆည်းသည့် အခါ ယင်း၏တရားဝင်မှုအဆင့် မည်ကဲ့သို့ပြောင်းလဲ ကြောင်းနှင့် ယင်းက အခွင့်အရေးလက်ကိုင်ထားသူအပေါ် မည်ကဲ့သို့သက်ရောက်နိုင်ကြောင်း သိရှိရန်ဖြစ်ပါသည်။ လုပ်ပိုင်ခွင့်မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီကြပါ။ လူမှုရေးတည်ငြိမ်မှုနှင့် အတူယှဉ်တွဲ နေထိုင်မှုတို့သည် လက်ရှိလုပ်ပိုင်ခွင့်အမျိုးအစားများ၏ သဘာဝအပေါ် ကြီးမားစွာမူတည်နိုင်ရာ ထိုအထူးအချက်အလက်များကို ထည့်သွင်း စဉ်းစားရန် အရေးကြီးပါသည်။ ယင်းသည် ဓလေ့ထုံးတမ်းအခွင့်အရေးများ အားနိုင်ငံဥ ပဒေများနှင့် ထိရောက်စွာအသိအမှတ်ပြု

10 မှတ်တမ်းတင်ခြင်း - လမ်းညွှန်ချက်များ စာပိုဒ် 9.8; 12.11; 25.4 အားကြည့်ပါ။ အချက်အလက်ရနိုင်မှု - လမ်းညွှန်ချက်များ စာပိုဒ် 3B.7; 3B.8; 5.8; 6.4; 8.9; 9.4; 10.4; 11.3;  14.4; 17.4 အားကြည့်ပါ။

ထားခြင်း သို့မဟုတ် အကာအကွယ်ပေးထားခြင်း မရှိ၊ မြေတစ်ရပ်အား လုပ်ပိုင်ခွင့်ကိုင်ဆောင်ထား၍ တောင်းခံနေသူ များစွာရှိသော (တရားဝင်နှင့် တရားမဝင်) နိုင်ငံများတွင် အထူးသဖြင့် အရေးကြီးပါသည်။ ရည်ရွယ်ထားသည့်စီမံကိန်း ဧရိယာအစိတ်အပိုင်းအားလုံးနှင့် ဆက်စပ်နေသော ဇုန်များတွင် တရားဝင်မှု အခြေအနေကို စဉ်းစားဆုံးဖြတ်သင့်ပါသည်။

ဓလေ့ထုံးတမ်းမြေယာများအား ပြဌာန်းဥပဒေများအရ နိုင်ငံပိုင်မြေများအဖြစ် အတန်းအစား။သတ်မှတ်လေ့ရှိကြပါသည်။ သို့ရာတွင် နိုင်ငံတကာဥပဒေနှင့် ကိုက်ညီစေရန် လမ်းညွှန်ချက်များတွင် နိုင်ငံတော်အဖွဲ့အစည်းများနှင့် ရင်းနှီးမြှုပ်နှံသူများအား ဓလေ့ထုံးတမ်း အခွင့်အရေးများအပါအဝင် တရားဝင်လုပ်ပိုင်ခွင့် အခွင့်အရေးများလိုက်နာ ကြောင်းနှင့် ထိုအခွင့်အရေးများကို ထိခိုက်စေသည့် မည်သည့်ရင်းနှီးမြှုပ်နှံမှုစီမံကိန်း မဆိုအတွက် ဌာနေတိုင်းရင်းသား ပြည်သူများ၏ FPIC ကိုလေးစားလိုက်နာစေရမည် ဖြစ်ပါသည်။ ဖြစ်ပေါ်လာသည့် တရားဥပဒေအရ ရှုပ်ထွေးမှုကိုလည်း ဖြေရှင်းရန် လိုအပ်ပါသည်။ ဥပမာ ဥပဒေအရ တရားစီရင်မှုများစွာတို့တွင် ဓလေ့ထုံးတမ်းဥပဒေအရ ပိုင်ဆိုင်ထားသည့်မြေများအား တစ်ခါတစ်ရံ 'မွေးရပ်မည် အမည်ပေါက်' ဟုသိမှတ်လေ့ရှိကြကာ နိုင်ငံတော်သို့သာ အပ်နှင်းခွင့်ရှိပါသည်။ ဌာနေတိုင်းရင်းသား ပြည်သူများ၏ သက်သာချောင် ချိရေး အတွက် မြေပိုင်ဆိုင်ခွင့်သည့် နိုင်ငံတော်ထံတွင်သာရှိသည့် အခါ ယင်းကိုလိုအပ်ပါသည်။ သို့ရာတွင် ဌာနေတိုင်းရင်းသားများ၏ ဧရိယာများစွာတို့တွင် မြေယာ စျေးကွက်များမရှိသောကြောင့် မြေအား ဓလေ့ထုံးတမ်းပိုင်ရှင်များထံမှ ရင်းနှီးမြှုပ်နှံသူများထံသို့ လွှဲပြောင်း သင့်သည့် စည်းကမ်းချက်များသည်- ငှားရမ်းခြင်း၊ နှစ်ရှည်ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအားဖြင့် ဆောင်ရွက်ရမည်လား မရှင်းလင်းပါ။ ထိုကဲ့သို့သော အခြေအနေများတွင် အစိုးရဌာနများသည် မျှတစွာဆောင်ရွက်ရန်နှင့် အခွင့်အရေးများ အားနည်းသော သို့မဟုတ် အာမခံချက်မရှိသော ရပ်ရွာလူထုများ၏ အကျိုးစီးပွားများကို ကာကွယ်ပေးရန် အဓိက တာဝန်ရှိပါသည်။

## ယင်းကို မည်ကဲ့သို့အကောင်အထည်ဖော်သင့်ပါသလဲ

အကြံပေး သို့မဟုတ် ရှေ့နေတစ်ဦးကို ချိတ်ဆက်ကာ တည်ဆဲအမျိုးသားဥပဒေ၊ အဖွဲ့အစည်းနှင့် မူဝါဒ ဆိုင်ရာမူဘောင်များကို သေချာစွာ ပြန်လည်သုံးသပ်ရန် ဆောင်ရွက်ပါ။ အကြံပေး ပုဂ္ဂိုလ်သည် ဆန်းသစ်မှုနှင့် အချင်းချင်းစည်းကမ်းကြပ်မတ်သည့် စုံစမ်းစစ်ဆေးသည့်နည်းလမ်းများနှင့် အားလုံးပါဝင်ခွင့်ရှိပြီးပူးပေါင်း ဆောင်ရွက်သည့် ချဉ်းကပ်ပုံနည်းလမ်းကို သုတေသနလုပ်ငန်းစဉ် တစ်လျှောက်ချမှတ်ကျင့်သုံးသင့်သည်။ ထိုပြန်လည်သုံးသပ်ချက်တွင် ပါဝင်သင့်သည်မှာ -

- မေးခွန်းတွင်ပါဝင်သည့်နိုင်ငံတွ င် မြေယာသိမ်းဆည်းမှုအတွက် မူဘောင်ချမှတ်သည့် ဥပဒေများ၊ အဖွဲ့အစည်းများနှင့် မူဝါဒများ၊
- နိုင်ငံသားများ၊ အမျိုးသမီးများ၊ ဌာနေတိုင်းရင်းသားပြည်သူများနှင့် လူနည်းစု အုပ်စုများ၏ မြေယာအခွင့်အရေးများ၊
- အမျိုးသားဥပဒေများအရ မြေယာ၏လက်ရှိတရားဝင်ဥ ပဒေအဆင့်အတန်း။ မြေအား နိုင်ငံပိုင်မြေ၊ ပြည်သူပိုင်မြေ၊ ပုဂ္ဂလိက ပိုင်မြေ၊ ဓလေ့ထုံးတမ်းမြေ- နိုင်ငံပိုင်၊ ပြည်သူပိုင်၊

ရပ်ရွာပိုင်၊ စက်မှုမြေ သို့မဟုတ် ထိန်းသိမ်းထားသည့်သစ်တော- ကြိုးဝိုင်းကာကွယ်တော များ၊ စသည်ဖြင့် သတ်မှတ်နိုင်ပါသည်။ ထို့အတူ မြေယာအား တရားဝင်အတန်းအစားခွဲရာတွင် ထပ်နေသည်များရှိပါက ဖော်ထုတ်သတ်မှတ်ရန်။

- မြေယာအတွက် တာဝန်ရှိသော သက်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်များနှင့် နိုင်ငံတော်အဖွဲ့အစည်းများ၊ ယင်းအား အုပ်ချုပ်စီမံရေးနှင့် ခွဲဝေချထားပေးခြင်းများ။ ယင်းတို့သည် အမျိုးသား နှင့်/သို့ ပြည်နယ် အာဏာပိုင်များ၊ ပတ်ဝန်းကျင်၊ မြေယာနှင့်/သို့ စိုက်ပျိုးရေးဝန်ကြီးဌာနများ၊ သစ်တော ဦးစီးဌာနများ၊ သို့မဟုတ် အခြား အထူးပြုဌာန/အဖွဲ့အစည်းများ ဖြစ်နိုင်ပါသည်။ ထို့အတူ ရည်ရွယ်ထားသည့် စီမံကိန်းဧရိယာအတွင်း တရားစီရင်ပိုင်ခွင့် ထပ်နေမှု တစ်စုံတစ်ရာရှိပါကလည်း ဖော်ထုတ်သတ်မှတ် ပေးပါ။
- ဒေသခံရပ်ရွာလူထု၏ ဓလေ့ထုံးတမ်းမြေယာအခွင့်အရေးများအား အမျိုးသားဥပဒေများနှင့် မူဝါဒများတွင် အသိအမှတ်ပြုထားခြင်း ရှိ-မရှိ၊ မည်ကဲ့သို့အသိအမှတ်ပြုထားကြောင်းနှင့် ယင်းက ရည်ရွယ်ထားသည့် ဧရိယာအတွင်း တစ်စုံတစ်ရာသောရပ်ရွာအား မည်ကဲ့သို့ထိခိုက်နိုင်ပုံ။ သက်ဆိုင်ရာ အသတင်းအချက်အလက်များတွင် မြေယာဥပဒေများ၊ ပတ်ဝန်းကျင် ဆိုင်ရာဥပဒေများနှင့် သစ်တောဥပဒေများ ကဲ့သို့သော ဖွဲ့စည်းပုံဆိုင်ရာအခွင့်အရေးများနှင့် ဥပဒေအမျိုးမျိုးအောက်မှ အခွင့်အရေးများ ပါဝင်ပါသည်။ အသိအမှတ်ပြုထားသည့်နေရာတွင် လုပ်ပိုင်ခွင့်များတွင် အမည်ပေါက်၊ စာချုပ်၊ အငှား၊ ပိုင်ဆိုင်မှု၊ ပိုင်ဆိုင်သောပစ္စည်းများ သို့မဟုတ် ဇာတိအမည်ပေါက်တို့ပါဝင်နိုင်ပြီး နံ့စားအစီအစဉ်များနှင့် သက်သာခွင့်များစသည်ဖြင့် သတ်မှတ် နိုင်ပါသည်။ နိုင်ငံအများအပြားတို့တွင် ထိုအခွင့်အရေးများသည် အသိအမှတ်ပြုခံရရေးအတွက် တရားဝင်မှတ်တမ်းတင်ထားသင့်ပါသည် (ဈေးကြီး၍ အကန့်အသတ်နှင့်ဖြစ်သော)၊ သို့သော် အချို့သောနိုင်ငံများတွင် ဓလေ့ထုံးတမ်းအခွင့်အရေးများအား တရားဝင်မှတ်ပုံတင်ရန် ပျက်ကွက်မှုရှိသည့်အချိန်တွင် အသိအမှတ်ပြုကြပါသည်။
- ရပ်ရွာလူထုအမြင်မှ မြေယာအဆင့်အတန်းနှင့် ၎င်းတို့၏ဓလေ့ထုံးတမ်းဥပဒေများ၊ ဤဓလေ့ထုံးတမ်းဥပဒေသည် တရားဝင် သို့မဟုတ် အလွတ်သဘောဖြစ်ခြင်း။
- နိုင်ငံတော်ဥပဒေများနှင့် မူဝါဒများသည် ရပ်ရွာလူထု၏ မြေယာအား စုပေါင်း ပိုင်ဆိုင်ခွင့်နှင့် ဓလေ့ထုံးတမ်းအခွင့်အရေးများကို အသိအမှတ်ပြု၊ ကာကွယ်စောင့်ရှောက်ပေးမှု ရှိ-မရှိနှင့် မည်သည့်အခြေအနေကိုလိုက်၍ ပြုလုပ်ကြောင်း။
- ကုမ္ပဏီ နှင့်/သို့ နိုင်ငံအနေနှင့် မြေယာသိမ်းယူသည့် တရားဝင်လုပ်ငန်းစဉ် နှင့် ချဉ်းကပ်ရန်လိုအပ်သည့် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းအားလုံး။
- ကုမ္ပဏီကသိမ်းဆည်းသည့်အခါ မြေယာ၏တရားဝင်အခြေအနေ ပြောင်းလဲခြင်းများ။
- မြေယာ၏ တရားဝင်အခြေအနေပြောင်းလဲခြင်းကြောင့် ရေတို၊ ရေလတ် နှင့်ရေရှည်အတွက် မြေယာအသုံးပြုခွင့်နှင့် ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ ဒေသခံပြည်သူများ အတွက်ဖြစ်ပေါ်လာနိုင်သည့်အကျိုးဆက်များ။ ယင်းသည် စီမံကိန်း၏သဘာဝနှင့် စီမံကိန်းကာလ သို့မဟုတ် လုပ်ပိုင်ခွင့်၏တရားဝင်အခြေအနေ တို့အပေါ် မူတည်နိုင်ပါသည် ( ဥပမာ- ငှားရမ်းခွင့်၊ ရောင်းချခွင့် သို့မဟုတ် စာချုပ်သက်တမ်းတိုးခြင်း)။ အလားတူ ငှားရမ်းသည့်ကာလ လွန်မြောက်သွားပြီးနောက် ရပ်ရွာလူထု အခွင့်အရေးများ၏ အခြေအနေကိုလည်း

ဖော်ထုတ်၊သတ်မှတ်ပါ။ ဥပမာ - မြေအား ရပ်ရွာလူထုထံပြန်လည်အပ်နှင်းမည်လား သို့မဟုတ် ယင်းကို နိုင်ငံပိုင်မြေအဖြစ် ပြန်လည်၍ အတန်းအစားခွဲခြားမည်လား ယင်းကို ရပ်ရွာလူထုနှင့် ဓွေးစပ်ညှိနှိုင်းစဉ် ရှင်းလင်းပြောကြားထားရပါမည်။

- နိုင်ငံတော်ဥပဒေများ သို့မဟုတ် နိုင်ငံတကာ ကတိကဝတ်များအရ မြေသိမ်းဆည်းမှု အတွက် ပြည်သူ့သဘောထားခံယူရန်လိုအပ်သည့်အခါ ဥပဒေပြုထားသော ပြည်သူ့ သဘောထားခံယူသည့် လုပ်ငန်းစဉ်၊နှင့် အခြားသော မြေသိမ်းဆည်းမှုများအတွက် ဤ လုပ်ငန်းစဉ်အား အကောင်အထည်ဖော်ရာတွင် ဆောင်ရွက်ရမည့်ပုံစံများ။
- ရည်ရွယ်ထားသည့်မြေတွင်ယခင်က စီမံကိန်းများလုပ်ဆောင်ခဲ့သည့် ကုမ္ပဏီများနှင့် ၎င်းတို့အနေနှင့် ဒေသခံရပ်ရွာလူထုအတွက် ဆောင်ရွက် ပြီးစီး ခဲ့သော၊ မပြီးစီးခဲ့သည့် ဝတ္တရားများ။ ယင်းတို့တွင် ပုံစံအမျိုးမျိုးနှင့် လျော်ကြေးပေးခြင်း၊ မြေအစားထိုးပေးခြင်း၊ ရွာများပြန်လည်နေရာ ချထားပေးခြင်း၊ အလုပ်အကိုင်အခွင့်အရေးများ၊ အဆောက်အဦး ဖွံ့ဖြိုးတိုးတက်မှု သို့မဟုတ် လူမှုရေးနှင့် စီးပွားရေး သက်သာချောင်ချိရေး စီမံကိန်းများ။

တွေ့ရှိချက်များအား အခွင့်အရေးများကိုင်ဆောင်ထားမှု ဖော်ထုတ် သတ်မှတ်သည့်လုပ်ငန်းစဉ် အားဖြင့် ရရှိခဲ့သည့်အချက်အလက်များနှင့် နှိုင်းယှဉ်ပါ။ ယင်းတို့ကို အတည်ပြုရန် သို့မဟုတ် မြေယာ၏တရားဝင်မှု အခြေအနေနှင့် ဓလေ့ထုံးတမ်း အခွင့်အရေးကိုင်ဆောင်ထားသူများ ကျင့်သုံး သည့် လုပ်ပိုင်ခွင့်ဓလေ့ထုံးတမ်းများအကြား ဝိရောဓိများကို ဖော်ထုတ်၊သတ်မှတ်ရန် (ယခင် အပိုင်းတွင် ကြည့်ပါ)။

တွေ့ရှိချက်များအား ဝေမျှ၊ အတည်ပြုခြင်းကို သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းများနှင့် ဒေသန္တရ ရပ်ရွာလူထုများနှင့် သဘောထားခံယူ ပွဲများ ကျင်းပခြင်းဖြင့် ပြုလုပ်ရန်။

ဤအဆင့်အတွက် သတင်းအချက်အလက်များရရှိနိုင်သည့် ရင်းမြစ်များတွင် - အစိုးရအေဂျင်စီ များ၊ ဖွံ့ဖြိုးရေးမိတ်ဘက်အဖွဲ့အစည်းများ၊ လုပ်ပိုင်ခွင့်ကျွမ်း ကျင်သူများနှင့် ဥပဒေအကြံပေး များ၊ တရားဝင်မြေပုံများနှင့် စစ်တမ်းများ၊ ကွက်စိတ်မြေပုံများ၊ မြေခွန်မှတ်တမ်းများ၊ မြေအသုံးချ စီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးမြေပုံများ၊ တိုင်းရင်းသားများနေထိုင်မှုစစ်တတမ်းများ၊ ပညာရေး သုတေသန၊ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ၊ တရားရုံးစီရင် ချက်များ၊ ကုမ္ပဏီမှတ်တမ်း များ နှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၏ ထုတ်ဝေမှုများ ပါဝင်ပါသည်။

# မြေတာဝေင်းခံရန်နှင့် အသုံးပြုရန်မြေပုံထုတ်ခြင်း[11]

ဤအဆင့်၏ရည်ရွယ်ချက်မှာ ရည်ရွယ်သည့်စီမံကိန်းဧရိယာ အတွင်း လက်ရှိနေထိုင်ကြသူများ၏ တရားဝင်နှင့် အလွတ်သဘော ပိုင်ဆိုင်ခွင့် နှင့်/သို့ အသုံးပြုခွင့်များအရ ပိုင်ဆိုင်သည့်မြေများနှင့် အရင်းအမြစ်များ၏အတိုင်း အတာကို တည်ဆောက်ရန် ဖြစ်ပါသည်။ ထိုမြေပုံများတွင် ရည်ရွယ်ထားသည့်စီမံကိန်းဧရိယာအစိတ်အပိုင်း အားလုံးနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော ဇုန်များ ပါဝင်သင့်သည်။

မြေပုံထုတ်သည့် လုပ်ဆောင်ချက်များတွင် ဒေသခံရပ်ရွာလူထုများအား ၎င်းတို့၏ကိုယ်စားလှယ်များမှ တစ်ဆင့် အဓိကကျသည့်အခန်းတွင်ပါဝင်စေသင့်သည်။ မြေပုံများအား ရပ်ရွာလူထုများနှင့် ပါဝင်သည့်အဖွဲ့အားလုံးတို့အား အပြည့်အဝအသိပေးခြင်းနှင့် သဘောတူညီချက် ရယူခြင်းဖြင့် ထုတ်ရပါမည်။ ၎င်းတို့ကို မြေအငြင်းပွားမှုများအား ပိုမိုကြီးထွားလာခြင်း၊ ဖြစ်ပေါ်ခြင်း မရှိစေရန် အနီးအပါးမှ ရပ်ရွာလူထုများနှင့်လည်း အတည်ပြုရပါမည်။

အဖွဲ့အားလုံး မြေပုံများရရှိရေးသည် ထိုလုပ်ငန်းစဉ်အဆင့်အားလုံးအတွက် အရေးကြီးကာ ယင်းတို့ကို စိတ်ဝင်စားသည့် အုပ်စုများအကြား ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဝေမျှရေး နည်းလမ်းတစ်ရပ် အဖြစ် ရှုမြင်သင့်သည်။ မြေပုံထုတ်ခြင်းသည် ရပ်ရွာ-အခြေပြုလုပ်ငန်းစဉ်ဖြစ်ပြီး လိုအပ်သည်များကို ကုမ္ပဏီ နှင့်/သို့ အစိုးရ တို့က NGO များ၏ပံ့ပိုးမှုဖြင့် ဖြည့်ဆည်း၊ ပံ့ပိုးပေးခြင်း ဖြစ်သင့်ပါသည်။ မြေပုံများကို ထိုမျှနှင့်ပြီးဆုံးခြင်းမဟုတ်ဘဲ လုပ်ငန်းစဉ်အတွက်ကိရိယာတစ်ခုအဖြစ် မှတ်ယူသင့်ပါသည်။

## ယင်းကို မည်ကဲ့သို့အကောင်အထည် ဖော်သင့်ပါသလဲ

မစတင်မီ အခွင့်အရေးကိုင်ဆောင်ထားသူများအား ဖော်ထုတ်ပါ။ မြေအသုံးပြုသူများနှင့် အခွင့်အရေးကိုင်ဆောင်ထားသူများအား ကြိုတင်ဖော်ထုတ်ထားခြင်းနှင့် ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်နှင့်ဒေသန္တရ လူမှုရေးနှင့် ယဉ်ကျေးမှုစံနစ်များအား နားလည်မှု တည်ဆောက်ထား ခြင်းဖြင့် ဓလေ့ထုံးတမ်းမြေယာများအား မြေပုံထုတ်ရာတွင် သိသိသာသာ အထောက်အကူ ဖြစ်စေလိမ့်မည်။

ရပ်ရွာလူထုနှင့် ဆွေးနွေးတိုင်ပင်ပါ။ အောက်ပါတို့ကို ရှင်းပြပါ -

- မြေယာနှင့် အရင်းအမြစ်များ အားမြေပုံထုတ်လျက်ရှိသော စီမံကိန်း၏ သဘောသဘာဝ နှင့် အခွင့်အရေးများနှင့် အသက်မွေးဝမ်းကျောင်းများအပေါ် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များ။
- မြေပုံထုတ်သည့် ရည်ရွယ်ချက်နှင့် မြေနှင့်အရင်းအမြစ်များအားအနာဂတ်အသုံးချမည့် ဓလေ့ထုံးတမ်းအခွင့်အရေးများနှင့် သင့်တော်သည်ဟုယူဆသော လုပ်ပိုင်ခွင့်အာဏာများ

11 မြေပုံတိုင်းတာရေးဆွဲခြင်း - လမ်းညွှ န်ချက်များ စာပိုဒ် 7.4. အားကြည့်ပါ။ အားလုံးးပါဝင်မြေတိုင်းတာရေးဆွဲခြင်း အတွေ့အကြုံမှတ်တမ်းအား လေ့လာလိုပါက Tanner *et al.* 2009, Nelson 2007. အားကြည့်ပါ။

အား ကာကွယ်ထိန်းသိမ်းပေးရန် အရေးကြီးမှု။

- အရင်းအမြစ်များ၊ အချိန်၊ ပါဝင်မှုနှင့်ကုန်ကျစရိတ်၊ မည်သူကထိုကုန်ကျစရိတ်ကို ကျခံမည် စသည်ဖြင့် မြေပုံထုတ်သည့်လုပ်ငန်းစဉ်တွင်ပါဝင်မည့်အချက်များ။
- ရပ်ရွာလူထု၏ မြေပုံထုတ်သည့်လုပ်ငန်းစဉ်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ပါဝင်သင့်သည့်သူများကို ဆုံးဖြတ်ပိုင်ခွင့် ။
- မြေပုံထုတ်သည့်လုပ်ငန်းစဉ်တွင် ရင်းနှီးမြှုပ်နှံထားသည့် အချိန်နှင့် အရင်းအမြစ်များ အတွက် ပေးမည့် လျော်ကြေးတစ်စုံတစ်ရာ။
- ရပ်ရွာလူထုအားမြေပုံထုတ်သည့်လုပ်ငန်းစဉ်တွင် ပံ့ပိုးကူညီမည့် ကျွမ်းကျင်မှုနှင့် အတွေ့အကြုံရှိသော လွတ်လပ်သည့်အဖွဲ့အစည်းများ ( ဥပမာ NGO များ)။
- စီမံကိန်းဆက်လက်ဆောင်ရွက်ခြင်းမရှိပါက ဤအဆင့်တွင် သဘောတူညီချက်ကိုင်စွဲထားရန် အခွင့်အရေးရှိသည့် ရပ်ရွာလူထုများ။

ပါဝင်ရေးအတွက် သဘောတူညီမှု။ အကယ်၍ရပ်ရွာလူထုသည် အားလုံးပါဝင်ခွင့်ရသည့် မြေပုံထုတ်သည့် ဆောင်ရွက်ချက်များတွင် ပါဝင်လုပ်ဆောင်ရန် သဘောတူညီပါက ရပ်ရွာလူထုဖက်မှ မည်သူကပါဝင်ဆောင်ရွက်မည်ကို လိုသလောက်အချိန်ယူ၍ဆုံးဖြတ်ချက်ချကာ သဘောတူညီသင့် ပါသည်။ ကိုယ်စားလှယ်အားလုံးတို့အား ၎င်းတို့၏ရပ်ရွာ သို့မဟုတ် အဖွဲ့အစည်းက လွတ်လပ်စွာ ရွေးချယ်သင့်ပါသည်။ မြေပုံထုတ်သည့် လုပ်ငန်းစဉ်တွင် အခြားထပ်မံပါဝင်သင့်သူရှိပါက ရပ်ရွာလူထု တွင် ရွေးချယ်ဆုံးဖြတ်ပေးရန် အခွင့်အရေးရှိပါသည်။

ရပ်ရွာလူထုအား လွတ်လပ်သောပံ့ပိုးမှုပေးခြင်း။ မြေပုံထုတ်သည့်လုပ်ဆောင် ချက်အား စီစဉ်၊ ဆောင်ရွက်ရာတွင် ၎င်းတို့အားပံ့ပိုးကူညီမည့် နည်းလမ်း များနှင့် လွတ်လပ်သည့်အဖွဲ့အစည်းများကို ရွေးချယ်ရန် အခွင့်အရေးပေး သင့်ပါသည်။ ယင်းတို့သည် အားလုံးပါဝင်ခွင့်ရသည့် မြေပုံထုတ်သည့် လုပ်ငန်းစဉ်အတွက် လိုအပ်သည့် နယ်ပယ်နှင့် နည်းပညာများကျွမ်းကျင်သည့် ဒေသခံ NGO များဖြစ်နိုင်ပါသည်။ ရွေးချယ်စရာများကို အပြည့်အဝ သိရှိသည်နှင့် မြေပုံထုတ်ရာတွင် မည်သည့် အခြေအနေ တွင် မည်သည့် အဖွဲ့အစည်းများကပံ့ပိုးကူညီမည်ကို ရွေးချယ်ခွင့် ရပ်ရွာလူထုတွင် ရှိပါသည်။

မတူကွဲပြားသော ကိုယ်စားပြုမှုများကို ရှာဖွေခြင်း။ အမျိုးသမီးများ၊ လူငယ်များ၊ ဆင်းရဲသော မိသားစုများနှင့်လူကြီးများ အပါအဝင် အခွင့်အရေး ကိုင်စွဲထားသည့်ကိုယ်စားလှယ်များသည် မြေပုံထုတ်သည့်လုပ်ငန်းတွင်ပါဝင် သင့်ပြီးဤသို့ဖြင့် မြေပုံထဲတွင်ပါဝင်ရန် လိုအပ်သည့် တန်ဘိုးများ၊ အသုံးပြုမှုများနှင့် အရင်းအမြစ်များ ထင်ဟပ်လာမည် ဖြစ်ပါသည်။ ဥပမာ - သက်ကြီးသူများသည် လုပ်ကွက်များအတွက် သမိုင်းကြောင်းနှင့် ယဉ်ကျေးမှု အရ အရေးကြီးသည့် ဗဟုသုတ အများဆုံးဖြစ်ပါသည်။ အမျိုးသားများနှင့် အမျိုးသမီးများသည် မြေယာများနှင့် အရင်းအမြစ်များကို ကွဲပြားစွာ အသုံးပြု နိုင်ပါသည်။ မြေပုံများတွင် ထိုတန်ဘိုးများနှင့် အသုံးများအားလုံး ထင်ဟပ် သင့်ပါသည်။ ရပ်ရွာလူထုများသည် မြေပုံထုတ်သည့်အဖွဲ့တွင် တိုက်ရိုက် အဖွဲ့ဝင် မဟုတ်ပါက မြေပုံအား နားလည်နိုင်မှုနှင့် မြေနှင့် သဘာဝ အရင်းအမြစ်များအား အသုံးပြုမှုကိုသိရှိနိုင်စေရန် လုပ်ငန်းစဉ်တစ်လျှောက် ၎င်းတို့နှင့် တိုင်ပင်ရန် ခိုင်မာစွာ အကြံပြုလိုပါသည်။

မြေပုံအများအသုံးပြုခွင့်ပေးခြင်း - မြေပုံထုတ်ရာတွင်ပါဝင်သည့်အဖွဲ့အစည်းများသည် ရပ်ရွာများ မတူညီပါက ထိုရပ်ရွာလူထုများသည် သီးခြားမြေပုံထုတ်သည့်ဆောင်ရွက်ချက်များတွင် ပါဝင်လို သည်ကို သိထားရပါမည်။ အုပ်စုများသည် မတူညီသည့်ဇုန်များအား တောင်းဆိုသည့်အခါ သို့မဟုတ် မြေတစ်ရပ်ပေါ်တွင်တောင်းဆိုမှု ထပ်နေခြင်း သို့မဟုတ် လုပ်ပိုင်ခွင့်ခိုင်မာမှုအဆင့်မတူညီသည့် အခြေအနေတွင် ဤသို့ ဖြစ်ပေါ် နိုင်ပါသည်။ ရပ်ရွာတိုင်း မြေပုံထုတ်သည့်လုပ်ငန်းတွင် ပါဝင်လို ပါက တန်းတူအခွင့်အရေး ပေးသင့်ပါသည်။ မြေဧရိယာတစ်ရပ်အတွက် မတူညီသော ရပ်ရွာများ က အခွင့်အရေးများကို မျှဝေကိုင်စွဲထားပါက အုပ်စုတစ်စုတည်းအား အခွင့်အရေးပေးခြင်းသည် ပဋိပက္ခကို ဦးတည်စေပါသည်။ နယ်နိမိတ်ဆက်စပ် နေသောရပ်ရွာများအား မြေပုံနယ်နိမိတ် အတွက် သဘောတူညီချက် ရယူရန် နှင့် လုပ်ပိုင်ခွင့်ကိုင်ဆောင်ထားသူ များအား ရှင်းပြနိုင်ရန် နယ်နိမိတ်များအား မြေပုံထုတ်ရာ၌ ပါဝင်စေသင့်ပါသည်။

ရရှိသည့် သတင်းအချက်အလက်များအား ဖြစ်နိုင်သည့်နေရာတွင် အခြားသော အရင်းအမြစ်များ နှင့်နှိုင်းယှဉ်၊ အတည်ပြုခြင်း၊ မြေပြင် အခြေအနေအရပ်ရပ်ကို ပိုမိုကောင်းမွန်စွာ နားလည်နိုင်ရန် ရပ်ရွာအတွင်း နှင့် ရပ်ရွာအချင်းချင်း သတင်းအချက်အလက်များကို နှိုင်းယှဉ်ရပါမည်။ ထုတ်လုပ် ထားသည့်မြေပုံများအား ရည်ရွယ်ထားသည့်စီမံကိန်း ဧရိယာ အတွင်းနှင့် အနီးအပါးတွင် လုပ်ငန်း လည်ပတ်နေသည့် အစိုးရအဖွဲ့ အစည်းများ၊ NGO များနှင့် အခြားသော ပုဂ္ဂလိကကဏ္ဍကုမ္ပဏီများ မှ ထုတ်လုပ်ထားသော လက်ရှိမြေပုံများနှင့် နှိုင်းယှဉ်သင့်ပါသည်။

ရရှိနိုင်သည့် နည်းပညာသင်တန်းပေးခြင်း။ ပံ့ပိုးသည့်အဖွဲ့အစည်းများသည် မြေပုံထုတ်သည့်အဖွဲ့ ဝင်များအား ဓလေ့ထုံးတမ်းနှင့် အခြားလုပ်ပိုင်ခွင့်များ ဖော်ပြနိုင်ရန် ဈေးသက်သာကာ၊ လျှင်မြန်ပြီး လွယ်ကူစွာ အသုံးပြုနိုင်သည့် GPS နှင့် GIS များအသုံးပြုနည်းကို သင်ကြားပေးသင့်ပါသည်။ ပညာ ရည် အဆင့်အတန်းနိမ့်ပါးပါက စာသားထက် ပုံများနှင့် အရောက်ကုဒ်များ အသုံးပြုသည့် ရုပ်ပုံ အခြေပြု GPS စံနစ်များကို အသုံးပြုသင့်ပါသည်။ ဤနည်းဖြင့် ရပ်ရွာလူထုများသည် မြေပုံထုတ် သည့်လုပ်ငန်းစဉ်တွင် ထိခိုက် နစ်နာမှု မခံရစေရန် ဖြစ်ပါသည်။ စမတ်ဖုန်းများတွင် ထည့်သွင်း အသုံးပြုနိုင်သည့် အပလီကေးရှင်းများတွင် ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်သော ဈေးနှုန်းသက်သာ သော မှတ်တမ်းတင်ခြင်းနှင့် အချက်အလက်များ မြေပုံထုတ်ခြင်းကို တစ်ပြိုင်တည်း ပြုလုပ်နိုင် သည့် စံနစ်ကို ပံ့ပိုးပေးထားပါသည်။ အချို့သော စမတ်ဖုန်း ဆော့ဝဲများအား အချိန်၊ တံဆိပ်ခေါင်း နှင့် ဆောင်ရွက်မှုကွင်းဆက် ( တည်နေရာ၊ ပါဝင်သူများ၊ လုပ်ဆောင်မှုရည်ရွယ်ချက်၊ ရလဒ် စသည်) တို့ကို ခြေရာခံရာတွင်လည်း အသုံးပြုနိုင်ပါသည်။

မြေပုံထုတ်ရာတွင် ခေါင်းဆောင်သည့်အခန်းကဏ္ဍမှ ပါဝင်ခြင်း၊ အဖွဲ့ဝင်များသည် မြေပုံထုတ် ခြင်းကို မိမိတို့ကိုယ်တိုင် ဆောင်ရွက်နိုင်စွမ်းရှိသည်ဟု ယုံကြည်သည့် အခါတွင် ရပ်ရွာလူထုများ၊ ကိုယ်စားလှယ်အဖွဲ့များနှင့် စွမ်းရည်ရှိသူများ အား သင့်တော်သည်ဟုရှုမြင်သည့် မြေပုံထုတ်သည့် ဆောင်ရွက်ချက် ခွင့်ပြုကာ ပံ့ပိုးကူညီသည့် အဖွဲ့အစည်းသည် မြေပုံထုတ်သည့်လုပ်ငန်းစဉ်တွင် ဆုံးဖြတ်ချက်ချသည့် အခန်းကဏ္ဍထက် ခေါင်းဆောင်သည့် အခန်းကဏ္ဍတွင် ပါဝင်သင့်ပါသည်။ လုပ်ပိုင်ခွင့်များ မတူညီခြင်းသည် အချို့သော အခွင့်အရေး ကိုင်ဆောင်သူများ သို့မဟုတ် မြေ အသုံးပြုသူများအား ခွဲခြားဆက်ဆံမှု ဖြစ်ပေါ်စေနိုင်ပြီး NGO သို့မဟုတ် အခြားသော ဘက်မလိုက် အဖွဲ့အစည်းများက အုပ်စုများအကြား သတင်းအချက်အလက်များကို နှိုင်းယှဉ်သည့်လုပ်ငန်းစဉ်

တွင် စေ့စပ်ဖြန်ဖြေမှုကို တက်ကြွစွာ ဆောင်ရွက်နိုင်ပါသည်။

မြေပုံထုတ်ရန် အချိန်နှင့် အရင်းအမြစ်များ လုံလောက်စွာ ရင်းနှီးမြှုပ်နှံခြင်း - ဖြင့် ထိခိုက်နစ်နာနိုင်မည့် ရပ်ရွာလူထုများ၊ မိသားစုများနှင့် လူပုဂ္ဂိုလ်များ၊ ၎င်းတို့နစ်နာနိုင်မည့် မြေယာတန်ဘိုးများကို အပြည့်အဝ ထင်ဟပ်စေနိုင်မည် ဖြစ်ပါသည်။ ထိုကဲ့သို့သောမြေပုံတွင် မြေသိမ်းဆည်းခြင်းကို ပြည်သူတို့၏ အခွင့်အရေးများကို လေးစားလိုက်နာခြင်း၊ ၎င်းတို့၏အသက်မွေးဝမ်းကျောင်းများကို ခိုင်မာစေခြင်း၊ မြေသိမ်းဆည်းခြင်းကြောင့် ဖြစ်နိုင်ခြေရှိသည့် ထိခိုက်နစ်နာမှုများ စသည်တို့ ရှိ-မရှိနှင့် မည်ကဲ့သို့ဖြစ်နိုင်ကြောင်း ပြသလိမ့်မည် ဖြစ်ပါသည်။

## ထည့်သွင်းစဉ်းစားရန်အချက်

ဒေသခံရပ်ရွာလူထုများသည် မြေပုံတွင် ပါသင့်သည့်အရာများ၊ မပါသင့်သည့်အရာများကို ရွေးချယ် နိုင်သင့်ပါသည်။ ၎င်းတို့သည် မြေပုံအညွှန်းများကို ၎င်းတို့၏လိုအပ်ချက်များနှင့် ဆန္ဒများနှင့်အညီ ရွေးချယ် သင့်ပါသည်။

မြေပုံထုတ်သည့်လုပ်ငန်းစဉ်တွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရန်ထိုက်တန်ပါသည်။ ယင်းကို မြေပုံတွင် တစ်ပါတည်းသော်လည်းကောင်း မြေပုံအတွက်ဖြည့်စွက်အကြောင်းအရာများတွင်သော်လည်းကောင်း ထည့်သွင်းနိုင်ပါသည်။

- ရပ်ရွာလူထုများ အသုံးပြုခြင်း နှင့် မှီခိုအားထားခြင်းပြုသည့် မြေယာနှင့် အရင်းအမြစ်အမျိုးအစားများ၊ မတူညီသော မြေအသုံးပြုမှုများအတွက် ဒေသန္တရစည်းကမ်းချက်များ၊ သဘာဝတောနှင့်အရင်းအမြစ်များ၊ အပင်များ။ ယင်းတို့တွင် သစ်တောများ၊ မြစ်များ၊ လွင်ပြင်များ၊ တောင်များနှင့် စားကျက်များ ပါဝင် နိုင်ပါသည်။ အသုံးပြုသည့်အရင်းအမြစ်များတွင် အမဲလိုက်ခြင်းနှင့် တောထွက်ပစ္စည်းများ ရှာဖွေစုဆောင်းခြင်း၊ ငါးဖမ်းခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆေးဘက်ဝင်သည့်အပင်များရှာဖွေခြင် စသည်တို့ပါဝင်နိုင်ပါသည်။
- ရပ်ရွာအချင်းချင်း သို့မဟုတ် ရပ်ရွာအတွင်း မြေတောင်းခံမှု ထပ်နေခြင်း နှင့်/သို့ တောင်းခံမှုတိုက်ဆိုင်နေခြင်း ဖြစ်နိုင်မှုများ၊ ယင်းတို့ကို ဓလေ့ထုံးတမ်းအရ မည်ကဲ့သို့စီမံ ၊ ခွဲဝေချထားနိုင်မည်။
- အလှည့်ကျ စိုက်ပျိုးခြင်း၊ မြေအား ရာသီအလိုက်အသုံးပြုမှု၊ ရပ်ရွာလူထု ရာသီအလိုက် ရွှေ့ပြောင်း သွားလာခြင်း စသည့် စိုက်ပျိုးရေး အလေ့အထများ။ ဥပမာ - မြေလပ်များအဖြစ် တွေ့ရသောမြေများသည် အသက်မွေးဝမ်းကျောင်းအတွက် စားကျက်ကျယ်များကို ရာသီအလိုက်အသုံးပြုသည့် ရပ်ရွာလူထုအတွက် အရေးကြီးသည့် အစိတ်အပိုင်း ဖြစ်နိုင်ပါသည်။
- အမဲလိုက်ကွင်းများ၊ စားကျက်မြေများ၊ မြစ်များနှင် သစ်တောများ ကဲ့သို့သော ဘုံပိုင်ဆိုင်သည့် ဧရိယာများ။ အထူးသဖြင့် ရေအရင်းအမြစ်ရရှိနိုင်သည့်နေရာနှင့် ၎င်းတို့ကိုမှီခိုနေသည့်ရပ်ရွာလူထုအား မြေပုံတွင် ထည့်သွင်း သင့်ပါသည်။

- ဒေသခံရပ်ရွာလူထုများအတွက် ယဉ်ကျေးမှု၊ သမိုင်းကြောင်းနှင့် စိတ်ခံတတ်ရေးရာ တန်ဘိုးများရှိသည့် လုပ်ကွက်များ။ ယင်းတို့တွင် သင်္ချိုင်းများ၊ အထွဋ်အမြတ်ထားသည့် သစ်တောများ၊ တောင်များ၊ မြစ်များ၊ ကိုးကွယ်မှုဆိုင်ရာ ကွင်းများနှင့် ဝတ်ပြုရာနေရာများ စသည်တို့ပါဝင်နိုင်ပါသည်။
- ရပ်ရွာလူထုများအတွင်း အထူးသဖြင့်မြေအသုံးချသည့် ဧရိယာအချို့၏ တန်ဘိုး။ ယင်းတို့တွင် အဓိကအားဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ စိုက်ပျိုးလုပ်ကိုင်သူများ၊ ရာသီအလိုက် ရွှေ့ပြောင်းသွားလာသူများ၊ မွေးမြူရေးလုပ်ကိုင်သူများ၊ အမဲလိုက်မုဆိုးများနှင့် ထောင်ချောက်ဆင်သူများ၊ မြစ်ဝှမ်းများမှ ရပ်ရွာလူထု များ စသည်တို့က အသုံးပြုကြသည့် ဧရိယာများ ပါဝင်နိုင်ပါသည်။ အချို့သော မြေဧရိယာများကို ရပ်ရွာလူထုက တစ်သမတ်တည်း အသုံးပြုကြလိမ့်မည်မဟုတ်ကြောင်း၊ သို့သော် ၎င်းတို့အတွက် ယဉ်ကျေးမှု သို့မဟုတ် စီးပွားရေး တန်ဘိုးများရှိနေဆဲဖြစ်သည်ကို သတိရပါ။ ဥပမာ - အရှေ့အာဖရိကမှ Maasai တို့သည် ထိုလွင်ပြင်တွင် တိရစ္ဆာန်ကျောင်းခြင်းကို အဓိကဆောင်ရွက်ကြသော်လည်း ၎င်းတို့သည်သစ်တောများကို လုပ်ငန်းအစပြုသည့် အရင်းအမြစ်များ၏ တစ်စိတ်တစ်ဒေသအဖြစ် အသုံးပြုကြပါသည်။
- မတူကွဲပြားသော ဇီဝမျိုးစုံမျိုးကွဲများ ထူထပ်စွာရှိသည့် ကမ္ဘာနှင့်ဆိုင်သော၊ ဒေသနှင့်ဆိုင်သော သို့မဟုတ် နိုင်ငံများနှင့်ဆိုင်သော ဧရိယာများ (ဥပမာ - ပထမတန်းစားနှင့် ဒုတိယတန်းစား သစ်တောများ၊ ဒီရေတောများ သို့မဟုတ် ထိန်းသိမ်းရေးဧရိယာများ)
- မေးခွန်းတွင်ပါရှိသည့် မြေယာနှင့်ပတ်သက်သည့် လူလုပ်သည့်တိုးတက်မှုများနှင့် ပစ္စည်းများ။ ယင်းတို့တွင် အိမ်ယာများ၊ သီးနှံများ၊ သစ်ပင်များ၊ ဆည်မြောင်းစံနစ်၊ တံတားများ၊ အဆောက်အဦးများနှင့်လမ်းများ၊ အထွဋ်အမြတ်ထားသည့်နေရာများနှင့် သင်္ချိုင်းမြေများ ပါဝင်နိုင်ပါသည်။
- ဓလေ့ထုံးတမ်း မြေယာနယ်နိမိတ်များနှင့် အမှတ်အသားများ။ ယင်းတို့တွင် မြစ်ကမ်းပါးများ၊ သစ်ပင်များ၊ သစ်တောမြေများ သို့မဟုတ် အခြားသောထိုကဲ့သို့ပထဝီအသွင်အပြင်များ ကဲ့သို့သော သဘာဝနယ်နိမိတ်များ ပါဝင် နိုင်ပါသည်။
- ဒေသခံရပ်ရွာလူထုက သမိုင်းကြောင်းအရ ပိုင်ဆိုင်လာခဲ့သည့် သက်သေအထောက်အထား မြေအမှတ်အသားများ။ ယင်းတို့တွင် စိုက်ထားသော သစ်ပင်များ၊ သင်္ချိုင်းမြေအဟောင်းများ၊ ရွာပျက်၊ ရွာဟောင်းများ စသည်တို့ပါဝင်နိုင်ပါသည်။
- ရေဝေရေလဲ ထိန်းသိမ်းခြင်း၊ စမ်းရေစီးဆင်းမှုပုံစံများ၊ ရေဝေရေလဲဧရိယာများ၊ ရေတိုက်စားခြင်း၊ မီးတားလမ်းများ စသည်ဖြင့် သဘာဝတရားအားဝန်ဆောင်မှုအချို့ပေးသည့် ဧရိယာများ။
- ရည်ရွယ်သည့်စီမံကိန်းလုပ်ကွက်နှင့် ကပ်လျှက်ရှိသည့် ပုဂ္ဂလိကကဏ္ဍ က လုပ်ငန်းလည်ပတ်၊ ထိန်းသိမ်းထားသည့် ဧရိယာများ။ ယင်းတို့တွင် သစ်ထုတ်လုပ်ခြင်း၊ သတ္တုတူးဖော်ခြင်း သို့မဟုတ် စိုက်ပျိုးရေးလုပ်ငန်းများ၊ ကာကွယ်တောများနှင့် သဘာဝဥယျာဉ်များ စသည်တို့ ပါဝင်နိုင်ပါသည်။ ထိုဧရိယာများနှင့် ရည်ရွယ်ထားသည့် စီမံကိန်းဧရိယာအကြား ထပ်နေသည့်နေရာများကိုလည်း မှတ်သားထားပါ။

## မြေပုံထုတ်သည့်လုပ်ငန်းစဉ်အား ဆောင်ရွက်ခြင်း

သက်ဆိုင်ရာအချက်အလက်အားလုံးထည့်သွင်းပြီးဖြစ်စေရန် မြေပုံထုတ်သည့်အဖွဲ့အား အချော သတ်လုနီးပါး မြေပုံကို ပိုမိုကျယ်ပြန့်သည့် ရပ်ရွာလူထုနှင့် တိုင်ပင်စေပါ။ မြေပုံ၏ ပုံစံနှင့် ဘာသာစကား များသည် ရပ်ရွာလူထု သုံးစွဲနိုင်သည့်ပုံစံ ဖြစ်ရပါမည်။ ရုပ်ပုံကားချပ်များနှင့် သုံးဘက်မြင် ပုံစံ များ သည် မြေပုံတွင်ကိုယ်စားပြုထား သည့်အရာများကို မြင်နိုင်ရန် အထူးသဖြင့် အကူအညီဖြစ်စေပါသည်။

မြေပုံအကြောင်း လုပ်ငန်းဆောင်ရွက်သူများအားလုံး သိရှိစေပါ။ တောင်းဆိုပါက ၎င်းတို့အား လိုအပ်သည့်ပုံစံများနှင့် ဘာသာစကားများဖြင့် ရရှိအောင်ဆောင်ရွက်ပါ။

မြေပုံအား ပိုင်ဆိုင်မှုနှင့် ရရှိသုံးစွဲနိုင်မှုကို တရားဝင်စေရန် ပြုလုပ်ပါ။ မြေပုံထုတ်ခဲ့သော ရပ်ရွာ လူထုအား မြေပုံပိုင်ဆိုင်မှုတရားဝင်စေရန်အတွက် လက်မှတ်ရေးထိုးထားသည့် စာရွက်စာတမ်း သို့မဟုတ် ရပ်ရွာကလက်ခံနိုင်သော အခြားပုံစံဖြင့် တရားဝင်အောင်ဆောင်ရွက်ရန် သဘောတူညီ ထားပါ။ မြေပုံအား အခြားအဖွဲ့များက ရယူသုံးစွဲနိုင်မည့် လုပ်ငန်းစဉ်များကို သဘောတူလက်ခံထား ပါ။

လိုအပ်သည့်အခါနှင့် အကြံပေးသည့်အခါ ပတ်ဝန်းကျင်နှင့် လူမှုရေးသက်ရောက်မှုအကဲဖြတ် ခြင်းနှင့် တန်ဘိုးမြင့် ထိန်းသိမ်းရေးအကဲဖြတ်မှုများကို ထပ်ဆောင်းပြုလုပ်ပါ။ လုပ်ငန်းစဉ်သည် အထက်ကဖော်ပြထားသည့် လုပ်ငန်းစဉ်အတိုင်းဖြစ်ပြီး၊ ရပ်ရွာလူထု အပြည့်အဝ၊ ထိရောက်စွာ ပါဝင်မှုဖြင့် ထိုနေရာတွင်ရှိသော မြေနှင့် သဘာဝအရင်းအမြစ်များအား ဓလေ့ထုံးတမ်းအသုံးပြုမှု များအား ထည့်သွင်းစဉ်းစားလျှက် ၎င်းတို့အသင့်အသုံးပြုနိုင်မည့် ပုံစံများနှင့် ဘာသာစကားများ အားဖြင့် ပြုလုပ်ရပါမည်။

# ဆုံးဖြတ်ချက်ချမည့် အဖွဲ့အစည်းများနှင့်ကိုယ်စားလှယ်များအား ဖော်ထုတ်သတ်မှတ်ခြင်း

ဤအဆင့်၏ရည်ရွယ်ချက်မှာ လုပ်ပိုင်ခွင့်ကိုင်ဆောင်ထားသူများအား ၎င်းတို့ ကိုယ်တိုင်ရွေးချယ် ထားသော လူပုဂ္ဂိုလ်များ နှင့် အဖွဲ့အစည်းများက သဘောထားခံယူခြင်း၊ စေ့စပ်ညှိနှိုင်းခြင်း၊ ဆုံးဖြတ်ချက်ချခြင်းနှင့် သဘောတူညီချက်ယူခြင်းတို့တွင် ၎င်းတို့ကိုယ်စားပြုထားသူများအတွက် တာဝန်ခံမှုနှင့် တရားဝင်မှုရှိစေရန် ဖြစ်ပါသည်။ ဤကိုယ်စားပြုမှုတွင် အငြင်းပွားမှုကို ဖြစ်စေနိုင် သည့် နားလည်မှုလွဲမှားခြင်းနှင့် ရပ်ရွာလူထုအမြင်ကို ကိုယ်စားမပြုသောသဘော တူညီ ချက်များကို ရှောင်ရှားနိုင်ပါ သည်။ အစိုးရနှင့် ကုမ္ပဏီတို့သည် စေ့စပ်ညှိနှိုင်းမှုများတွင် မည်သူနှင့် အပြန်အလှန် ဆက်ဆံရမည့် ရပ်ရွာလူထုကိုယ်စားလှယ်များအကြောင်း သိရှိထားရန် လိုအပ်ပါသည်။ အစိုးရနှင့် ကုမ္ပဏီတို့သည် စေ့စပ်ညှိနှိုင်းမှု ပြုလုပ်ရန် အတွက် ၎င်းတို့ဆက်သွယ်ဆောင်ရွက်ရမည့် ရပ်ရွာ လူထုကိုယ်စားလှယ်များအကြောင်း သိရှိထားရန်လိုအပ်ပါသည်။

ဒေသခံရပ်ရွာလူထုသည် ၎င်းတို့အား မည်သည့်အဖွဲ့အစည်းများ သို့မဟုတ် ပုဂ္ဂိုလ်များက အစိုးရနှင့်ကုမ္ပဏီများကဝင်ရောက်စွက်ဖက်မှုမရှိဘဲ အလုံလောက်ဆုံးကိုယ်စားပြု ပေးနိုင်မည်ကို ၎င်းတို့အတွင်းဆုံးဖြတ်ရာတွင် NGO များနှင့် လွတ်လပ်သောအကြံပေးများ အား မေတ္တာရပ်ခံကာ အကျိုးကျေးဇူးရရှိနိုင်ပါသည်။

ကိုယ်စားလှယ်များနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ရန် သဘောထားခံယူပွဲသို့ ရပ်ရွာလူထုအားလုံး ကျယ်ကျယ်ပြန့်ပြန့် တက်ရောက်နိုင်ရန် အခွင့်အလမ်းဖွင့်ပေးထားရမည် ဖြစ်ပါသည်။ ထိုသို့ သဘောထားခံယူပွဲများသည် ပိုမိုလုံခြုံသည်ဟု ခံစားရပြီး မရင်းနှီးသော နေရာတွင်ထက် ပို၍ထုတ်ဖော်ပြောဆိုနိုင်စေရန်နှင့် ပြဿနာကိုဆွေးနွေးရာတွင် ၎င်းတို့ ရပ်ရွာ၏ ထောက်ခံမှုကို ရရှိနိုင်သည့် တိုင်ပင်ဆွေးနွေးသည့် ရပ်ရွာနယ်နိမိတ်အတွင်း ကျင်းပသင့်ပါသည်။

## ယင်းကို မည်ကဲ့သို့ အကောင်အထည်ဖော်သင့်ပါသလဲ

ရပ်ရွာများသို့ သွားရောက်ခြင်း - သင်မည်သူ့အား ကိုယ်စားပြုသည်၊ အဆိုပြုထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်း၏ သဘောသဘာဝ၊ ရပ်ရွာနှင့်ပတ်သက်၍ FPIC အားလိုက်နာရန် စီမံကိန်းဆောင်ရွက်သူ၏ရည်ရွယ်ချက်နှင့် ရပ်ရွာလူထုက ဆန္ဒရှိပါက တိုင်ပင်ဆွေးနွေးခြင်းမှသည် စေ့စပ်ဆွေးနွေးသည့်အဆင့်သို့ ရောက်ရှိနိုင်မည့် အချိန်သတ်မှတ်ချက် တို့ကို ၎င်းတို့အား ရှင်းပြထားရပါမည်။ ရပ်ရွာလူထုများသည် ဤအစောပိုင်းအဆင့်တွင်ပင် စီမံကိန်းနှင့်စပ်လျဉ်း၍ ထပ်မံဆွေးနွေးရန် သဘောတူညီချက်ကို ကိုင်စွဲထားရန် အခွင့်အရေးရှိပါသည်။ ယင်းဆုံးဖြတ်ချက်ကို လေးစားလိုက်နာရန် လိုအပ်ပါသည်။

စီမံကိန်းအား ဆွေးနွေးတိုင်ပင်ခြင်း၊ အကယ်၍ ရပ်ရွာလူထုသည် စီမံကိန်းအား စဉ်းစားပေးရန်ဆုံးဖြတ်ပါဆွေးနွေးတိုင်ပင်ရန်အတွက် အဆင်အပြေနိုင်ဆုံးအချိန်နှင့်နေရာကို ၎င်းတို့နှင့် သဘောတူညီထားပါ။ ရပ်ရွာအတွင်း ဆွေးနွေးရန်နှင့် စေ့စပ်ညှိနှိုင်းရန် သင့်တော် သောအချိန်ကို ခွင့်ပြုထားပါ။ သို့မှသာ လုပ်ငန်းစဉ်အဆင့်ဆင့်အတွက် မည်သူက ကိုယ်စားပြုမည်ကို ဆုံးဖြတ်နိုင်မည် ဖြစ်ပါသည်။

အခွင့်အရေးများအား ရှင်းပြပါ - ရပ်ရွာလူထုအားအောက်ပါအချက်များကို ရှင်းပြထားရပါမည် -

- ၎င်းတို့တွင် ၎င်းတို့အားကိုယ်စားပြုရန် ကိုယ်တိုင်ရွေးချယ်ထားသည့် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များထားရှိ ပိုင်ခွင့်ရှိကြောင်း နှင့်ဆုံးဖြတ်ချက်တစ်ရပ်အတည်ဖြစ်စေရန် အတွက် လိုအပ်သောကိုယ်စားလှယ်အရေအတွက် အနည်းဆုံးပမာဏကို ဆုံးဖြတ် "နိုင်" ပါသည်။ ကိုယ်စားပြုမှုသည် ဓလေ့ထုံးတမ်းအဖွဲ့အစည်း၊ အကြီးအကဲ သို့မဟုတ် သက်ကြီးသူတစ်ဦး ၊ သမဝါယမ အသင်းတစ်သင်း၊ ဒေသန္တရအုပ်ချုပ်မှုအဖွဲ့၊ ဘာသာရေးအသင်းအဖွဲ့တစ်ဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းသီးသန့် သို့မဟုတ် ပေါင်းစည်းအဖွဲ့၊ ဒေသခံ NGO ၊ အလှည့်ကျကိုယ်စားပြုမှုစံနစ် သို့မဟုတ် အထက်ဖော်ပြသူများ စုပေါင်း ပါဝင်နိုင်ပါသည်။

- လိုအပ်ပါက၊ မေတ္တာရပ်ခံပါက ၎င်းတို့တွင်လွတ်လပ်သော ပံ့ပိုးကူညီ၊ ဖြည့်ဆည်းပေးမှု ရယူပိုင်ခွင့်ရှိပါသည်။
- ၎င်းတို့တွင် ၎င်းတို့၏ယဉ်ကျေးမှုအလေ့အထများကို အကောင်းဆုံးကျင့်သုံးနိုင်ပြီး ဆုံးဖြတ်ချက်ချရန် တောင်းဆိုပေးနိုင်မည့် ကိုယ်စားလှယ်အဖွဲ့အစည်းများ ဖွဲ့စည်းရန် အခွင့်အရေးရှိပါသည်။
- ၎င်းတို့သည် ဆုံးဖြတ်ချက်ချရာတွင် ပါဝင်ခွင့်မပေးခြင်း သို့မဟုတ် အာဏာအလွဲသုံးခြင်း တို့အတွက် အန္တရာယ်ရှိသည်ဟု ခံစားရပါက ၎င်းတို့၏ကိုယ်ပိုင်ရပ်ရွာအတွင်း စောင့်ကြည့်၊ထိန်းကျောင်းမှုစံနစ် ကိုရွေးချယ်ရန် ထပ်ကာတလဲလဲ တောင်းဆိုနိုင်ပါသည်။

ကိုယ်စားပြုမှုနှင့် တာဝန်ဝတ္တရားများအား ဆွေးနွေးခြင်း၊ NGO များသည် ရပ်ရွာလူထုများအား ရွေးချယ် ရန်အတွက် ကိုယ်စားလှယ်တစ်ဦး၏တာဝန်ဝတ္တရားများကို ( ဥပမာ - တစ်ဘက်သတ် ဆုံးဖြတ်ခြင်းများထက် ပြည်သူတစ်ရပ်လုံးအတွက် ပါဝင်နိုင်မည့်နည်းလမ်းများကို ညှိနှိုင်းရန်) နှင့် ကိုယ်စားလှယ် တစ်ဦးအတွက် ရင်ဆိုင်နိုင်ရဖွယ်ရှိသော အန္တရာယ်အလားအလာများ (ဥပမာ- အခြားသော အဖွဲ့များ၏ လွှမ်းမိုးမှု နှင့်/သို့ ဖိအားများ၊ အဖွဲ့အကျိုးထက်ပိုနေသော ပုဂ္ဂလိကအကျိုး များ၊ ပူးတွဲ ကိုယ်စားပြုမှု သို့မဟုတ် စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်သည် ပို၍နည်းပညာဆန်ပြီး အထူးပြုလာသည့် အခါပိုမိုကျယ်ပြန့်သောရပ်ရွာလူထုနှင့် သတင်းအချက် အလက်များဝေမျှမှု မ ရှိခြင်း) စသည်တို့ကို အသားပေးဖော်ပြကာ ဒေသခံရပ်ရွာလူထုအား ကူညီ ပေးနိုင်ပါသည်။ NGO များသည် ၎င်းတို့သဘောတူညီထားသည့် တာဝန်ဝတ္တရားများနှင့် ပါဝင် ပတ်သက်မှုများမှ သွေဖြည် ခြင်း သို့မဟုတ် ဒေသခံရပ်ရွာလူထု၏ ဆုံးဖြတ်ချက် ချသည့် လုပ်ငန်းစဉ် အား မတရားလွှမ်းမိုးမှုကို ရှောင်ရှားနိုင်ရန် အကာအကွယ်များ လိုအပ်ပါမည်။

ကျယ်ပြန့်သည့် အကြံဉာဏ်များကို အားပေးပါ။ ရွေးချယ်သည့်ကိုယ်စားပြုမှု နည်းလမ်းတွင် အမျိုးသမီးများ၊ လူငယ်များ၊ ဆင်းရဲသူများ သို့မဟုတ် အခြားသော ခွဲခြားဆက်ဆံခံရသည့် အုပ်စု များ၊ မပါရှိပါက အစိုးရအဖွဲ့အစည်းများ သို့မဟုတ် စီမံကိန်းဆောင်ရွက်သူများသည် စေ့စပ်ညှိနှိုင်း မှုနှင့် သဘောထားခံယူမှုအဆင့်တိုင်း၌ ကြိုတင်၍ ပိုမိုကျယ်ပြန့်သည့်သူများ ပါဝင်ခွင့်ပေးရန် အကြံပြု၊ တိုက်တွန်းပေးနိုင်ပါသည်။ အချို့သော အုပ်စုများနှင့် သီးသန့်ဆွေးနွေးတိုင်ပင်ခွင့်ကို လည်း မေတ္တာရပ်ခံနိုင်ပါသည်။ သို့သော် ထိုအုပ်စုများ သို့မဟုတ် ၎င်းတို့၏အမြင်များသည် တစ်သံ တည်း ဖြစ်လိမ့်မည်ဟု မယူဆပါနှင့်။ [12]

ကိုယ်စားပြုမှု ကွဲပြားခြင်းကိုခွင့်"ပြု"ရန် ရပ်ရွာအတွင်း ထင်ရှားသည့် ရပ်ရွာလူထုများ သို့မဟုတ် အုပ်စုများအား မတူညီသောပုဂ္ဂိုလ်၊အဖွဲ့အစည်းများက ကိုယ်စားပြုရန် ရွေးချယ်လိမ့်မည်ကို အမှတ်ရပါ။ ထိုသို့သော ကိစ္စရပ်တွင် လုပ်ပိုင်ခွင့်ကိုင်ဆောင်ထားသူအားလုံးအပေါ် သက်ရောက်မှု ရှိသည့် ကြီးကြီးမားမား အကြောင်းအရာများအား သဘောတူညီရန်အတွက် ပုံမှန်တွေ့ဆုံ ဆွေးနွေး မည့် ရပ်ရွာလူထုကိုယ်စားလှယ်များပါဝင်သည့် ကော်မတီတစ်ရပ် ကို တည်ထောင်ရန် စဉ်းစားရန် လိုအပ်နိုင်ပါသည်။ မည်သူက သဘောတူညီမှုပေးရမည်ကို သံသယများနှင့် ရောထွေးမှုများရှိပါက

---

12 မတူညီသော အခွင့်အရေးရှိသူများ၏ အမြင်များ - လမ်းညွှန်ချက်များ စာပိုဒ် 3B.3 နှင့် အောက်ခြေမှတ်စု ၈ ပါ ကျား/မ အကဲဆတ်မှုဆိုင်ရာ အကိုးအကားများအား ကြည့်ပါ။

အကောင်းဆုံး အကြံဉာဏ်မှာ တစ်ဘက်သတ် လူနည်းစုအားရွေးချယ်မည့်အစား အဖွဲ့များ ပိုမိုပါဝင်ခွင့်ပေးရန် ဖြစ်ပါသည်။

ကိုယ်စားပြုမှုကို တရားဝင်စေရေး။ ရွေးချယ်ထားသော တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်း ကိုယ်စားလှယ်နှင့်စပ်လျဉ်း၍ နောက်ဆုံး၊ ဆုံးဖြတ်ချက်အား အဖွဲ့အားလုံးက သဘောတူညီသည့်ပုံစံဖြင့်ချမှတ်ရန် ရပ်ရွာလူထုနှင့် သဘောတူညီမှုရှိပါ။ ယင်းသည် စာဖြင့်ရေးသားထားသော စာရွက်စာတမ်း၊ ဘာသာရေးအခန်းအနား၊ လွတ်လပ်သောသက်သေတစ်ဦးရှေ့မှောက်တွင် အဖွဲ့အားလုံးက လက်မှတ်ရေးထိုးထားသည့်စာချုပ်တစ်စောင် သို့မဟုတ် ထိုအချက်များပေါင်းချုပ် ဖြစ်နိုင်ပါသည်။ ထိုကိစ္စရပ်များအားလုံးတို့တွင် ရပ်ရွာလူထုများတွင် ၎င်းတို့ဆန္ဒရှိပါက ၎င်းတို့၏ဓလေ့ထုံးတမ်းအလေ့အထများ နှင့်အညီ စာချုပ်ချုပ်ဆိုပိုင်ခွင့်ရှိပါသည်။

ထိုစာချုပ်တွင် အနည်းဆုံးအောက်ပါအချက်များနှင့် အခြားအချက်များကို ရှင်းလင်းဖော်ပြထားသင့်ပါသည်-

- ရွေးချယ်ထားသည့်ကိုယ်စားလှယ်များ၊
- ရပ်ရွာအတွင်း ၎င်းတို့၏အခန်းကဏ္ဍ၊
- ၎င်းတို့အား မည်ကဲ့သို့ရွေးချယ်ပုံ၊
- ကိုယ်စားလှယ်အဖြစ် ၎င်းတို့၏တာဝန်ဝတ္တရားများနှင့် အခန်းကဏ္ဍများ၊
- ၎င်းတို့အား မည်ကဲ့သို့ဆက်သွယ်နိုင်မည်၊
- ကိုယ်စားလှယ်များနှင့်ဆက်သွယ်ရန် အကောင်းဆုံးနည်းလမ်း ( ပြောဆိုသော ဘာသာစကား၊ ပညာရည်အဆင့်အတန်း၊ လူကြီး သို့မဟုတ် ဘာသာရေးခေါင်းဆောင်ဖြစ်ပါက လိုက်နာရမည့် ယဉ်ကျေးမှု)၊
- အမျိုးသမီးများ၊ လူငယ်များ၊ ကျေးလက်နေဆင်းရဲသားများ၊ လယ်ယာမဲ့ များ နှင့် ရွှေ့ပြောင်းလုပ်သားများ ကဲ့သို့သော ခွဲခြားဆက်ဆံခံရနိုင် သည့် အုပ်စုများအကြောင်း ထည့်သွင်းစဉ်းစား လျှက် ရပ်ရွာလူထုတစ်ရပ်လုံးအတွက် ပြောဆိုခြင်းဖြစ်ရန်၊ ကိုယ်စားလှယ်များအနေနှင့် မည်သို့ဆောင်ရွက် မည်။
- ကိုယ်စားလှယ်များက ပေးနိုင်သည့်ဆုံးဖြတ်ချက်အကန့် အသတ်များနှင့် ဆုံးဖြတ်ချက်တစ်ရပ်ချရန်အတွက် ရပ်ရွာလူထုအစည်းအဝေးတစ်ရပ်သို့ စေ့စပ်ညှိနှိုင်းမည့် နည်းလမ်းများကို မည်သည့်စည်းကမ်းချက်ဖြင့် ပေးမည်။
- ဆွေးနွေးချက်များကို လူထုထံမည်ကဲ့သို့ဝေမျှမည်၊ လုပ်ငန်းစဉ် အတွင်း ဆုံးဖြတ်ချက်ချများချရန် ၎င်းတို့၏အကြံဉာဏ်များ အားမည်သို့စုစည်းမည်။
- အဖွဲ့စုံပါဝင်နိုင်ရန်အတွက် ဖြစ်နိုင်မည့်အစီအစဉ်များ ( အချိန်၊ နေရာ၊ အကြိမ်၊ တက်ရောက်မည့်သူများ၊ ထပ်ဆောင်းကုန်ကျစရိတ်နှင့် ပို့ဆောင်ရေး)။
- ကိုယ်စားလှယ်များသည် ၎င်းတို့၏အခန်းကဏ္ဍကို အပြည့်အဝ မဖော်ဆောင်နိုင်ပါက ရပ်ရွာလူထု သို့မဟုတ် အခြားသော ဆောင်ရွက်သူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင် မည့် လုပ်ငန်းစဉ်။
- ကိုယ်စားလှယ်က ၎င်း၏အခန်းကဏ္ဍကို မဖော်ဆောင်နိုင်ပါက သို့မဟုတ် ရပ်ရွာက ၎င်းတို့ကို အစားထိုးရန် ရွေးချယ်ပါက ဘာဖြစ်နိုင်မည်နည်း

သဘောထားခံယူမှုလုပ်ငန်းစဥ်နှင့် ရလဒ်များအား မှတ်တမ်းတင်ကာ ယင်းတို့ကို အဖွဲ့အားလုံးက ရရှိနိုင်ရေး ဆောင်ရွက်ပါ။

တရားဝင်အောင်ဆောင်ရွက်ပါ။ ရွေးချယ်ထားသည့်ကိုယ်စားလှယ်များ၏ တရားဝင်မှုနှင့် အကျိုးကျေးဇူးများနှင့် စပ်လျဥ်း၍ သံသယရှိကြောင်း ရပ်ရွာလူထု သို့မဟုတ် အဖွဲ့များက ဖော်ထုတ်ပြောကြားပါက ရပ်ရွာအတွင်း နမူနာများနှင့်အညီကြပမ်းဆွေးနွေးတိုင်ပင်မှုများ ထပ်မံပြုလုပ်နိုင်ပါသည်။ ယင်းတို့ကို အပြည့်အဝ လျှို့ဝှက်ထားရန်နှင့် အမျိုးသမီးများ၊ ရပ်မိရပ်ဖများနှင့်လူငယ်များ၏ အမြင်များ ထင်ဟပ်ရန် လိုအပ်ပါသည်။

# အပြန်အလှန်ဆွေးနွေးတိုင်ပင်မှုများနှင့် သတင်းအချက်အလက် ဝေမျှမှုများ ဆောင်ရွက်ခြင်း။

အပြန်အလှန်ဆွေးနွေးတိုင်ပင်ခြင်း၏ ရည်ရွယ်ချက်မှာ ဘက်စုံရည်ရွယ်သည့်လုပ်ငန်းစဥ်တွင် စီမံကိန်းတိုး တက်မှုနှင့် စပ်လျဥ်းသည့် သတင်းအချက်အလက်များအားလုံးကို သက်ဆိုင်ရာ ဆောင်ရွက်သူများနှင့် လုပ်ပိုင်ခွင့်ကိုင်ဆောင်သူများအကြား ဝေမျှပေးရန် ဖြစ်ပါသည်။ ထိုသတင်းအချက်အလက်များဖြင့် ရပ်ရွာလူထုများအတွက် စီမံကိန်းအားဆက်လက် ဆောင်ရွက်ရန် သင့်-မသင့် ဆုံးဖြတ်ရန်အတွက် ပိုမိုလုပ်ဆောင် နိုင်ပြီး ၎င်းတို့၏သဘော တူညီ ချက် ရရှိရန် ပြင်ဆင်ဆောင်ရွက်ပေးရမည့်အချက်များကို ဆွေးနွေးနိုင်မည် ဖြစ်ပါသည်။

ပြည်သူ့သဘောထားခံယူပွဲကို လုပ်ပိုင်ခွင့်ကိုင်ဆောင်သူများနှင့် အသုံးချသူ"များ"အား ဖော်ထုတ်သတ်မှတ်ခြင်း ဖြင့်စတင်ကာ အဆင့်တိုင်းတွင် ဆောင်ရွက်သင့်ပါသည်။ ပြည်သူ့ သဘောထားခံယူပွဲကို အဖွဲ့အားလုံးအတွက် သက်သောင့်သက်သာရှိပြီး တက်ကြွစွာ၊ အဓိပ္ပါယ်ပြည့်ဝစွာနှင့် လွတ်လပ်စွာ တက်ရောက်နိုင်မည့် နေရာနှင့် အကြိမ်များအလိုက် ပြုလုပ် သင့်ပါသည်။

**သတင်းအချက်အလက် ရပိုင်ခွင့်နှင့် ခွဲခြားဆက်ဆံမှုမရှိရေးဆိုင်ရာ "လမ်းညွှန်ချက်များ" ပါ သတ်မှတ်ချက်များ**

အရင်းအမြစ် - FAO, 2012

သတင်းအချက်အလက်များကို လုပ်ငန်းဆောင်ရွက်ချက် သို့မဟုတ် ဆုံးဖြတ်ချက်ချခြင်း မပြုမီ အချိန်ကောင်း၌ ပိုမိုကျယ်ပြန့်စွာ၊ ပွင့်လင်းမြင်သာစွာ၊ လွတ်လပ်စွာ ဆက်သွယ်ပေးပို့ သင့်ပြီး သင့်တော်၍ အသုံးပြုနိုင်သသောပုံစံများနှင့် ဘာသာစကားများ အသုံးပြုကာ ခွဲခြားဆက်ဆံမှုမရှိသည့် သတင်းအချက်အလက်ဝေမျှသည့်လုပ်ငန်းစဥ်ဖြင့် ဝေမျှသင့်ပါသည်။[13] လုပ်ငန်းစဥ်တစ်လျှောက် ကုမ္ပဏီနှင့် အစိုးတို့သည် လုပ်ငန်းစဥ်အတွင်းတက်ကြွစွာ ပါဝင်သူများအဖြစ်

**၁၂.၁၁** စာချုပ်ချုပ်ဆိုသည့်အဖွဲ့များသည် စေ့စပ်ညှိနှိုင်းမှုများသို့ တက်ရောက်ရန် သက်ဆိုင်သည့်ပုဂ္ဂိုလ်များအားလုံးအား ချိတ်ဆက်၊ သတင်းပေးရန်အတွက် ဘက်စုံသတင်းအချက်အလက်များပေးပို့သင့်သည်။ ထိုသဘောတူစာချုပ်များအား မှတ်တမ်းတင်ထားပြီး ထိခိုက်နစ်နာသူအားလုံးက နားလည်သဘောပေါက်စေရန် ဆောင်ရွက်သင့်သည်။ စေ့စပ်ညှိနှိုင်းသည့် လုပ်ငန်းစဥ်သည် ခွဲခြားဆက်ဆံမှုမရှိဘဲ ကျား-မ အကဲဆတ်မှု ရှိရပါမည်။

13 ခွဲခြားဆက်ဆံမှု မရှိရေး - လမ်းညွှန်ချက်များ စာပိုဒ် 3B.1.2; 4.4; 4.6; 4.7; 5.3. 6.3; 9.10; 11.3; 12.11; 17.3; 21.3; 21.6; 25.3; 25.5; 25.7 တို့အားကြည့်ပါ။ ဆုံးဖြတ်ချက်ချမှတ်ရေးလုပ်ငန်းစဥ်တွင် တိုင်ပင်ဆွေးနွေးခြင်းနှင့် ပါဝင်စေခြင်း - လမ်းညွှန်ချက်များ စာပိုဒ် 3B.6; 6.4; 8.6; 8.9; 9.2; 9.7; 9.9; 9.12; 10.3; 11.2; 12.5; 15.7; 12.9–12.11, 16.2 တို့အားကြည့်ပါ။ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု - လမ်းညွှန်ချက်များ စာပိုဒ် 3B.8; 3B.9; 5.8; 6.9; 8.6; 8.9; 10.5; 11.1–11.4; 12.3; 12.5; 12.13; 16.2. တို့အားကြည့်ပါ။

၎င်းတို့၏သဘောတူညီမှုများကို ပေးရန် သို့မဟုတ် ကိုင်ဆွဲထားရန် ရပ်ရွာလူထု၏အခွင့်အရေးကို လေးစားလိုက်နာသင့်ပါသည်။

## ယင်းကို မည်ကဲ့သို့ အကောင်အထည်ဖော်သင့်ပါသလဲ

### လုပ်ငန်းစဉ်

ဒေသန္တရ အစည်းအဝေးများ စီစဉ်ကျင်းပပါ။ ပြည်သူ့သဘောထားခံယူပွဲတိုင်း ကောင်းစွာကြိုတင်၍ အချိန်၊ ကြာချိန်၊ တည်နေရာ၊ တက်ရောက်သူများနှင့် ရည်ရွယ်ချက်တို့ကို ရပ်ရွာလူထုများနှင့်သဘောတူညီမှု ရယူပါ။ သဘောတရားအရ ပြည်သူ့သဘောထား ခံယူပွဲများကို ဆွေးနွေးတိုင်ပင်သည့် ရပ်ရွာများ၏ နယ်နိမိတ်များအတွင်း ပြုလုပ်သင့်သည်။ လုပ်ငန်းစဉ် အဆင့်အားလုံး၌ ထိရောက်သော ပါဝင်မှုရှိရန် တက်ရောက်ခွင့်သည်အဓိကကျပါသည်။ ဝေးသောမြို့များ၌ ပြည်သူ့သဘောထားခံယူပွဲများကျင်းပရန်မှာ ကုန်ကျစရိတ်ကြီးမားပြီး ဒေသခံရပ်ရွာလူထုအတွက် အပြည့်အဝနှင့် ယုံကြည်မှုရှိရှိ တက်ရောက်ဆွေးနွေးနိုင်ရန် လက်တွေ့မကျ ပါ။ ရပ်ရွာလူထုများသည် ၎င်းတို့၏ ကိုယ်စားလှယ်များအနေနှင့်၎င်းတို့၏ မဲဆန္ဒရှင်များနှင့် ရပ်ပိုင်းဆိုင်ရာဝေးကွာခြင်းမရှိလျှင် ၎င်းတို့၏ အမြင်များ ပိုမိုတိကျစွာပေးနိုင်လိမ့်မည်ဟု ခံစားနိုင်ပါသည်။

အားလုံးပါဝင်ခွင့်ရသည့် လူမှုရေးနှင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှု အကဲဖြတ်ခြင်းဆောင်ရွက်၍ တွေ့ရှိချက်များကို ထိခိုက်နစ်နာသည့် ရပ်ရွာလူထုနှင့် ဝေမျှပါ။ ထိခိုက်နစ်နာသည့်ရပ်ရွာလူထုထံမှ ချိတ်ဆက်ဆောင်ရွက်မှုဖြင့် ယင်းကို အထူးအကဲဆတ်စွာဆောင်ရွက်ပြီးနောက် ၎င်းတို့၏အခွင့်အရေးများကို လေးစားလိုက်နာပါ။ ထိုသို့သော အကဲဖြတ်မှုများ သည် တန်ဘိုးရှိသည့်သတင်းအချက်အလက်များကိုပေးပါသည်။ ၎င်းတို့သည် ရပ်ရွာလူထုအား စီမံထားသည့် ဖွံ့ဖြိုးရေးစီမံကိန်းမှ ကုန်ကျစရိတ်နှင့် အကျိုးကျေးဇူးများ၊ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် သက်ရောက်မှုများနှင့် မလိုလားအပ်သော အကျိုးဆက်များကို ရှောင်ရှားသို့မဟုတ် လျှော့ချရန် ဆောင်ရွက်ရန်လိုအပ်သည့် အချက်များ စသည်တို့ကို ပြောပြပါသည်။ အကျိုးသက်ရောက်မှုအကဲဖြတ်ခြင်းများသည် နောင်တွင် အကောင်အထည်ဖော်မှု နှင့် နောက်ကြောင်းခြေရာခံရန် အခြေခံဒေတာ များပေးရန် အရေးကြီးပါသည်။ ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ကွန်ဗန်းရှင်းမှ ဌာနေတိုင်းရင်းသားပြည်သူများ၏ မြေယာများတွင် ထိုအကျိုးသက်ရောက်မှုအကဲဖြတ်ခြင်းများဆောင်ရွက်ရန် အသေးစိတ် လမ်းညွှန်ချက်များကို ချမှတ်ထားပေးပါသည် (CBD 2004)။

အဆက်အသွယ်ရရှိနိုင်မှု။ သတင်းအချက်အလက်အားလုံးကို သက်ဆိုင်ရာအဖွဲ့အားလုံးက ရယူသုံးစွဲနိုင်သည့် ပုံစံနှင့် ဘာသာစကားများဖြင့်ပေးပါ။ ၎င်းတို့တွင် စာဖြင့်ရေးသားထုတ်ဝေသော၊ အသံဖမ်းထားသော မီဒီယာ၊ ရုပ်ပုံများ၊ ပုံများ၊ ဗီဒီယိုများ၊ သရုပ်ဆောင်မှု စသည်ဖြင့် ပါဝင်နိုင်ပါသည်။ ခေလ့ထုံးတမ်းဆက်သွယ်ရေးနည်းလမ်းများနှင့် အပြန်အလှန် ဆက်ဆံသည့်စံနှုန်းများသည် မတူညီသော ရပ်ရွာများတွင် ကွဲပြားနိုင်ပြီး၎င်းတို့ကို လေးစားလိုက်နာသင့်ပါသည်။

ပြည်သူ့သဘောထားခံယူခြင်းများ၌ ပံ့ပိုးဖြည့်ဆည်းပေးရာတွင် ပါဝင်ရာ၌ - အဖွဲ့အားလုံးတွင်

၎င်းတို့၏အမြင်များကို ထုတ်ဖော်ပြောကြားရန် တူညီသောအခွင့်အရေးရှိစေရန်အတွက် လွတ်လပ်စွာ ပြောဆိုခွင့်ကို ပိုမိုနှစ်သက်ပါသည်။ ပံ့ပိုးဖြည့်ဆည်းပေးသူသည် ရပ်ရွာလူထုက လက်ခံနိုင်သော NGO ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် အခြား တတိယပုဂ္ဂိုလ်/အဖွဲ့အစည်း ဖြစ်နိုင်ပါသည်။

ရပ်ရွာလူထုများအား လုပ်ငန်းစီမံကိန်းရေးဆွဲရန် ကူညီပေးပါ။ သက်ဆိုင်ရာ၊ အာဏာတည်သော အကာအကွယ်များဖြင့် ထောက်ခံထားသော NGO သို့မဟုတ် အခြားသော ပံ့ပိုးသည့်အဖွဲ့အစည်းများသည် ဒေသခံရပ်ရွာလူထုအတွက် ၎င်းတို့၏အထူးလိုအပ်ချက်များ၊ စိုးရိမ်မကင်းဖြစ်မှုများနှင့် တောင်းဆိုချက်များ ပါဝင်နိုင်သည့် လုပ်ငန်းစီမံကိန်းတစ်ရပ်ဖန်တီးရာတွင် ကူညီပေးရန်အတွက် အဘိုးတန်သည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ယင်းကြောင့် စေ့စပ်ညှိနှိုင်းခြင်းများ မပြုလုပ်မီ ရပ်ရွာလူထုနှင့် သဘောတူညီချက်ကို တည်ဆောက်နိုင်ပါသည်။ ကြိုတင်စီစဉ်ခြင်းသည် ရပ်ရွာလူထုများ အဆိုပြုထားသည့် ထိုကဲ့သို့သော ဖွံ့ဖြိုးတိုးတက်မှုများ နှင့်ရင်းနှီးမှုမရှိခြင်း သို့မဟုတ် ၎င်းတို့အား ထိခိုက်နစ်နာစေမည့် မမျှော်လင့်သော ပြောင်းလဲမှုများကို ရင်ဆိုင်ကြုံတွေ့ရသည့်အခါ အစီအစဉ်များပြုလုပ်ရန်နှင့် ၎င်းတို့ကိုယ်ကို ကိုယ်စားပြုနိုင်ရန် ထပ်မံပံ့ပိုးကူညီမှုများပေးရန် လိုအပ်နိုင်ဖွယ်ရှိသည့်အခါမျိုးတွင် သင့်တော်မှု ရှိပါသည်။

ပြည်သူ့သဘောထားခံယူခြင်းကို ရပ်ရွာများ လိုအပ်သလောက်ပါဝင်စေခြင်း၊ မတူကွဲပြားသော ရပ်ရွာများနှင့် ရပ်ရွာအတွင်းရှိ မတူညီသာ အုပ်စုများတွင် မတူညီသော အမြင်များနှင့် လိုအပ်ချက်များ ရှိနိုင်သည်ကို မှတ်သားထားပါ။ ဒေသန္တရကျေးရွာများပြင်ပမှ အချို့သောရပ်ရွာလူထုတို့သည် ဆွေးနွေးပွဲ တွင် ပါဝင်လိုလိမ့်မည်ကို မှတ်သားထားပြီး၊ ထိုရပ်ရွာများသည် စေ့စပ်ညှိနှိုင်းပွဲများ အကြောင်း သတင်းရ ရှိရန်နှင့် လုပ်ငန်းစဉ်အတွင်း ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ တုန့်ပြန်သံများပေးနိုင်ရန် ကြိုးစား သင်ပါသည်။

လိုအပ်သည့်အချိန်နှင့် အရင်းအမြစ်များ ရင်းနှီးမြှုပ်နှံပါ။ သတင်းအချက်အလက်များကိုရှင်းလင်းစွာ၊ တိကျစွာ နှင့် အပြည့်အဝပေးရန်အတွက် ပြဿနာများနှင့် စိုးရိမ်မကင်းမှုများအား ဖြေရှင်းပေးပြီး လိုအပ်သည့်ပါက ပြဿနာများကို ပြန်လည်ရှင်းပြခြင်း သို့မဟုတ် ပြန်လည်သုံးသပ်ဖြေရှင်းခြင်းတို့ ပြုလုပ်ရပါမည်။ ဝေမျှထားသည့် သတင်းအချက်အလက်အများစုတို့သည် ပါဝင်သည့် အဖွဲ့များအတွက် အသစ်ဖြစ်မည်ဖြစ်ပြီး ထိသတင်းအချက်အလက်ကို ကြေညက်စွာနားလည်ရန်နှင့် သေခြာစွာတုန့်ပြန်ရန် ၎င်းတို့အတွက်အချိန်သည် အရေးကြီးပါသည်။ အဖွဲ့များ ၎င်းတို့ထံပေးထားသည့် အချက်အလက်များကို ပြန်လည်သုံးသပ်၊ လေ့လာဆန်းစစ်၊ ဆွေးနွေးရန်အတွက် ပြည်သူ့သဘောထားခံယူစဉ်အတွင် မကြာခဏ အနားပေးကာ ပြန်လည်စတင်သည့်အခါ မေးခွန်းများမေးခြင်းသို့မဟုတ် ရှင်းလင်းတင်ပြခြင်းများ ပြုလုပ်စေပါ။ ပါဝင်သူအားလုံးတို့သည် တန်းတူညီမျှ လေ့လာသင်ယူသူနှင့် သတင်းအချက်အလက် ဝေမျှသူဖြစ်စေရန် ရှင်းလင်းစွာဆောင်ရွက်ပါ။ သို့ရာတွင် FPIC သည် ရပ်ရွာလူထုအတွက် ပိုမိုကျယ်ပြန့်သည့်အခွင့်အရေးများ အတွက် အသုံးအနှုန်း ဖြစ်ပြီး နိုင်ငံနှင့် ကုမ္ပဏီတို့တွင် FPIC ကိုလေ့စားလိုက်နာခြင်းအားဖြင့် ထိုလူ့အခွင့်အရေးများကို လေးစားလိုက်နာရန် တာဝန်ရှိပါသည်။

'သိပါသည်' သို့မဟုတ် 'မသိရှိပါ' ဟုပြောဆိုခွင့်ပေးပါ။ အစကတည်းက စ၍ ရပ်ရွာလူထုများအား ၎င်းတို့အနေနှင့် မသေခြာသေးပါက ဆုံးဖြတ်ချက်ချရန် တာဝန်မရှိကြောင်း လုံလောက်စွာ အသိပေးထား သင့် ပါသည်။ ၎င်းတို့တွင် လက်ခံခွင့်၊ ငြင်းဆိုခွင့်၊ တစ်စိတ်တစ်ပိုင်းလက်ခံခွင့်၊ တစ်

စိတ်တစ်ပိုင် ငြင်းဆိုခွင့် သို့မဟုတ် အဆိုပြုချက်တစ်ခုအတွက် သဘောထားမပေးလိုခြင်းကို ရွေးချယ်ပိုင်ခွင့် ရှိကြောင်း နှင့် ၎င်းတို့အတွက်အကောင်းဆုံးကို ဆုံးဖြတ်နိုင်ရန်လိုအပ်သလောက် အချိန်ပေးရန်မေတ္တာရပ်ခံခွင့် ရှိကြောင်း ပြောပြထားသင့်ပါသည်။

စိတ်ပါဝင်စားသည့် အုပ်စုများသည် ဆုံးဖြတ်ချက်ချရန် အချိန် သို့မဟုတ် အခြားသော အရင်းအမြစ်များမှ သတင်းအချက်အလက် များ လိုအပ်သည်ဟု ခံစားရပါက သဘောထားခံယူပွဲရက်ကို ရွှေ့ဆိုင်းနိုင်ပါသည်။

ဆက်သွယ်မှုများ အဆင်ပြေချောမွေ့စေရန် အဖွဲ့တိုင်းတွင် ချည်းကပ်နိုင်မည့် ဆက်သွယ်မေးမြန်းရ ပုဂ္ဂိုလ်"ကို" ရှင်းလင်းစွာ သတ်မှတ်ထားပါ။ ဆောင်ရွက်သူတိုင်းသည် စိုးရိမ်မကင်း ဖြစ်မှုများ၊ သတင်း အချက်အလက်ထပ်မံသိရှိလိုသည်များကို မည်သူ့ထံတွင်မေးမြန်းရမည် နှင့် မည်သူ့ထံတွင် ဆုံးဖြတ်ချက်ချ ပိုင်ခွင့်ရှိသည်ကို သိရှိထားသင့်သည်။

လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးပါ။ သဘောထားခံယူမှုအားလုံးနှင့်ဆုံးဖြတ်ချက်များသည် ဖိနှိပ်မှု ကင်းကာ၊ ပွင့်လင်းမှု၊ ပွင့်လင်းမြင်သာမှု၊ မည်သည့်နည်းဖြင့်မဆိုလွှမ်းမိုးမှု၊ လာဘ်ပေးလာဘ်ယူမှု၊ စွက်ဖက်မှု သို့မဟုတ် ဖိအားပေးမှုတို့ မရှိခြင်းတို့ဖြင့် ဆောင်ရွက်ရန် လိုအပ်ပါသည်။ လိုအပ်သည်ဟု ခံစားရပါက သတင်းပေးသူများကို ကာကွယ်ပေးရန်အတွက် တက်ရောက်သူ အားလုံးတို့အားအမည်မဖော်ခွင့် ပြုသင့် ပါသည်။ ရပ်ရွာလူထု တို့တွင် စေ့စပ်ညှိနှိုင်းခြင်းနှင့် သဘောထားခံယူခြင်းတို့ကို အစိုးရသို့မဟုတ် ကုမ္ပဏီ က ၎င်းတို့လွတ်လပ်စွာ ဆွေးနွေး၊ ဆုံးဖြတ်နိုင်စွမ်းကို ကန့်သတ်မည်ဟု ခံစားရပါက သီးခြားလွတ်လပ်မှုခွင့် အရေး ရှိသင့်ပါသည်။

ဘာသာစကားအမျိုးမျိုးသုံးသည့်နေရာတွင် ပေးလိုသည့် သတင်းအချက်အလက်ကို တိကျစွာနှင့် အပြည့်အဝ အားလုံးထံ ကောင်းစွာ ပေးနိုင်ရန်အတွက် အရည်အချင်းနှင့် အတွေ့အကြုံ လုံလောက်စွာရှိ သော စကားပြန်ငှားရမ်းပါ။

## ပါဝင်သည့် အကြောင်းအရာ

အားလုံးပါဝင်ခွင့်ဖြင့် ဖန်တီးထားသည့် မြေပုံများ အသုံးပြုပါ။ ယင်းတို့ကို စေ့စပ်ညှိနှိုင်းသည့်အခါ ကိုးကား ရန် အသုံးပြုသင့်ပါသည်။

ပြည်သူ့သဘောထားခံယူသည့် လုပ်ငန်းစဉ်တွင် အကြောင်းအရာများကို ညှိနှိုင်းခွင့်ပြုပါ။ မာတိကာတွင် အဖွဲ့အားလုံးက တင်ပြသည့်အရေးကြီးသည့်အချက်များ ပါဝင်စေရန် ဆောင်ရွက်ပါ။

အစည်းအဝေးတွင် အနည်းဆုံး အောက်ပါကိစ္စများ ပါဝင်သင့်ပါသည်။

ကုမ္ပဏီများ သည် အောက်ပါတို့အပါအဝင် အခြားအချက်အလက်များ ပေးသင့်ပါသည် -

- ကုမ္ပဏီ၏အမည်၊ ရာဇဝင်နှင့် လည်ပတ်သည့်လုပ်ငန်းမှတ်တမ်း။
- ၎င်း၏ဖွဲ့စည်းပုံနှင့် အုပ်ချုပ်မှုရာထူး အဆင့်ဆင့်၊
- ရုံးချုပ်တည်နေရာနှင့် လုပ်ငန်းလည်ပတ်မှုများ၊

- ဝန်ထမ်းရေအတွက်နှင့် လည်ပတ်နေသည့် စီမံကိန်းများ၊
- လည်ပတ်နေသည့် စီမံကိန်းများ၏ သဘောသဘာဝ၊
- ကုမ္ပဏီတွင် အဓိကရင်းနှီးမြှုပ်နှံသူများ (နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများ အပါအဝင်)
- ကုမ္ပဏီ၏ လက်ရှိ FPIC မူဝါဒများ၊
- ကုမ္ပဏီက လေးစားလိုက်နာရန် မိမိကိုယ်တိုင်သန္နိဌာန်ပြုထားသည့် သက်ဆိုင်ရာစံနှုန်းများနှင့် ကုမ္ပဏီက လိုက်နာရန်လိုအပ်သည့် သက်ဆိုင်ရာ စည်းမျဥ်း၊ တာဝန်များ။
- ကုမ္ပဏီအတွင်း အဓိကဆက်သွယ်ရမည့်သူများ၏ အချက်အလက်အသေးစိတ်၊
- အဆိုပြုထားသည့် စီမံကိန်း၏ သဘောသဘာဝ၊ ပမာဏ၊ ရည်ရွယ်ချက်၊ တည်နေရာ၊ ကြာချိန်နှင့် နောက်ကြောင်း ပြန်နိုင်မှု၊
- လျှောက်ထားသည့်ပါမစ် အမျိုးအစား၊
- လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် သက်ရောက်မှု အကဲဖြတ်ခြင်းများမှ တွေ့ရှိချက်များနှင့် အကြံပြုချက်များ၊
- ထိန်းသိမ်းရေးအရေးပါသည့် သဘာဝပတ်ဝန်းကျင်တန်ဖိုး အကဲဖြတ်ခြင်းများမှ တွေ့ရှိချက်များနှင့် အကြံပြုချက်များ၊
- စီမံကိန်းကြောင့် ဖြစ်လာနိုင်သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ရေရှည်နှင့် ရေတို သက်ရောက်မှုများအား မျှတစွာ အကဲဖြတ်မှု၊
- အဆိုပြုထားသည့်စီမံကိန်းကြောင့် သက်ရောက်နိုင်သူ အစုအဖွဲ့များတွင် ပေါ်ပေါက်လာရန် အလားအလာရှိသည် အန္တရာယ်များနှင့် အကျိုးကျေးဇူးများ၊
- အငြင်းပွားမှုများအားဖြေရှင်းခြင်းနှင့် ကုစားခြင်းများအတွက် လက်ရှိ သို့မဟုတ် စီစဥ်ထားသည့် ယန္တရားများ၊
- လက်ရှိ သို့မဟုတ် စီစဥ်ထားသည့် အားလုံးပါဝင်ခွင့်ရှိသည့် စောင့်ကြည့်၊ အတည်ပြု၊ အကဲဖြတ် လုပ်ငန်းစဥ်၊
- စီမံကိန်းအကောင်အထည်ဖော်ရာတွင် ပါဝင်ဖွယ်ရှိသည့် ပုဂ္ဂိုလ်များ၊
- စီမံကိန်းမှနေ၍ ရပ်ရွာလူထုအား ဖန်တီးပေးမည့် အလုပ်အကိုင်အခွင့်အရေးများ၊ အလုပ်အကိုင် စည်းကမ်းချက်များ၊ အကျိုးကျေးဇူးများနှင့် လိုအပ်ချက်များ၊ ဖန်တီးပေးနိုင်မည်ဟု မျှော်မှန်းရသည့် ကျွမ်းကျင်မှု လိုအပ်သောနှင့် မလိုအပ်သော အလုပ်အကိုင်များ၊ ပြင်ပမှ ငှားရမ်းရန် မျှော်မှန်းထားသည့် ဝန်ထမ်းဦးရေ၊ ဒေသတွင်းမှ ခေါ်ယူမည့် အလုပ်အကိုင်အရေအတွက်အပေါ် သက်ရောက်မှုများ၊
- စီမံကိန်းအရ ဆောင်ရွက်မည့်လုပ်ငန်းစဥ်များ၊
- လျော်ကြေးပေးမည့် ပုံစံများနှင့် ရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်းကို ကာကွယ်ပေးရန်အတွက် ဆောင်ရွက်ချက်များ၊
- ဒေသခံရပ်ရွာလူထုအတွက် စားနပ်ရိက္ခာနှင့် ရေလုံလောက်မှုအတွက် မည်သို့ဆောင်ရွက်မည်၊[14]

14 စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်း ဖူလုံမှု - လမ်းညွှန်ချက်များ စာပိုဒ် 1.1; 4.1; 8.11; 12.1; 12.2; 12.6; 12.8; 12.10; 12.12; 12.15; 13.1; 26.2; 26.4. အားကြည့်ပါ။

- ဒေသခံပြည်သူလူထု၏ သဘောတူညီချက်နှင့်အညီ ၎င်းတို့အား တဖြည်းဖြည်း ပြန်လည်နေရာချထားပေးရန် နည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့် လျော်ကြေးများ၊[15]
- စီမံကိန်း၏ မည်သည့်အပိုင်းများသည် အကြံပြုချက်၊ မှတ်ချက်များပေါ် မူတည်၍ ပြင်ဆင်နိုင်မည် - မည်သည့်အပိုင်းများအားမူ မပြင်ဆင်နိုင် ဆိုသည့် အချက်များ၊

အစိုးရသည် အောက်ပါတို့အပါအဝင် သက်ဆိုင်ရာ အချက်အလက်များကို ပေးသင့်ပါသည်။

- ရပ်ရွာလူထုများ၏ တရားဝင်မှု အနေအထား၊
- နိုင်ငံတော်နှင့် နိုင်ငံတကာဥပဒေအရ ရပ်ရွာလူထု အခွင့်အရေးများနှင့် နိုင်ငံတော်၏ သက်ဆိုင်ရာ တာဝန်ဝတ္တရားများ၊ ယင်းတို့တွင် ကျန်းမာရေးဝန်ဆောင်မှုများ၊ ပညာရေး၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ လမ်းများ၊ ဈေးများ၊ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေးနှင့် လူမှုရေး အာမခံချက်အစီအစဉ်များ၊ စသည်ဖြင့် ပါဝင်နိုင်ပါသည်။ သို့သော် ဤထက်လည်း ပိုနိုင်ပါသည်။ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်အား ကျေနပ်ခံစားမှု၊ ပစ္စည်းများ၊ ပုဂ္ဂိုလ်ရေးလုံခြုံမှု၊ ထိရောက်သော ကုစားမှု၊ မျှတသော တရားစီရင်ရေး၊ ခွဲခြားဆက်ဆံမှု မရှိခြင်း၊ တရားစီရင်ရေး၌ လွဲမှားမှုရှိပါက လျော်ကြေးပေးရန် စသည်ဖြင့် နိုင်ငံတော်၏ တာဝန်များ ပါဝင်ပါသည်။
- ရည်ရွယ်ထားသည့် စီမံကိန်း ဧရိယာ၏ တရားဝင်မှု အနေအထား၊
- မြေအသုံးပြုမှုပုံစံ ပြောင်းလဲသွားခြင်းကြောင့် ဒေသခံရပ်ရွာများ၏ အခွင့်အရေးများအပေါ် ဥပဒေအရ သက်ရောက်မှုများ၊
- သက်ဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်အာဏာနှင့် ဒေသခံရပ်ရွာများနှင့် ၎င်းတို့အကြား ဆက်စပ်မှု၊
- အငြင်းပွားမှုများအားဖြေရှင်းခြင်းနှင့် ကုစားခြင်းများအတွက် လက်ရှိ သို့မဟုတ် စီစဉ်ထားသည့် ယန္တရားများ၊
- လက်ရှိ သို့မဟုတ် စီစဉ်ထားသည့် အားလုံးပါဝင်ခွင့်ရှိသည့် စောင့်ကြည့်၊ အတည်ပြု၊ အကဲဖြတ် လုပ်ငန်းစဉ်၊
- အစိုးရဌာနများမှ အဓိက ဆက်သွယ်ရမည့် တာဝန်ရှိသူများ၏ အသေးစိတ်အချက်အလက်များ၊
- စီမံကိန်းကြောင့် သက်ရောက်ခံရမည့် နိုင်ငံတော်၏ ဝန်ဆောင်မှုများ၊
- စီမံကိန်းကြောင့် တိုးတက်လာမည့် နိုင်ငံတော်၏ ဝန်ဆောင်မှုများ၊
- စီမံကိန်းကြောင့် ထိခိုက်နစ်နာသော သက်ရောက်မှုများ ပေါ်ပေါက်လာပါက ကုမ္ပဏီမှ ဖြေရှင်းပေးရန် အစိုးရက သတ်မှတ်တောင်းဆိုမည့် ကုစားမှု သို့မဟုတ် ဖြေလျှော့မှု ပုံစံများ၊
- ကုမ္ပဏီမှ စည်းမျဉ်း၊ ဥပဒေများ ဖောက်ဖျက်ပါက ရပ်ရွာမှ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် အစိုးရမှ ဖြည့်ဆည်းပေးမည့် ဖြေရှင်းရေး ယန္တရားများ

15 ပြန်လည်အစားထိုးခြင်း - လမ်းညွှန်ချက်များ စာပိုဒ် 4.1–14.4 အားကြည့်ပါ။ လျော်ကြေးနှင့် သိမ်းယူခြင်း - လမ်းညွှန်ချက်များ စာပိုဒ် 3A.1.4; 4.9; 16.1–16.9 အားကြည့်ပါ။ နှင်ထုတ်ခြင်း - လမ်းညွှန်ချက်များ စာပိုဒ် 3A.1.2; 4.4; 4.5; 7.6; 9.5; 10.6; 16.7–16.9 အားကြည့်ပါ။

ဒေသခံရပ်ရွာများကလည်း အောက်ပါတို့အပါအဝင် သက်ဆိုင်ရာ အချက်အလက်များ ပေးသင့်ပါသည် -

- ဓလေ့ထုံးတမ်းအခွင့်အရေးများနှင့် မြေယာနှင့် သဘာဝအရင်းအမြစ်များအား အသုံးပြုပုံများ၊
- မြေယာနှင့် သဘာဝအရင်းအမြစ်များ၏ ယဥ်ကျေးမှုနှင့် သမိုင်း တန်ဖိုးများ၊
- ရည်ရွယ်ထားသည့် စီမံကိန်းဧရိယာအတွင်း အထူးအရေးပါသည့် နေရာများနှင့် ၎င်းတို့အား မည်သို့ ထိန်းသိမ်းသင့်ပုံ၊
- ဒေသခံတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် မြေယာနှင့် သဘာဝအရင်းအမြစ်များအပေါ် အခြားသော အမှီသဟဲပြုမှုပုံစံများ - စားနပ်ရိက္ခာနှင့် ရေ ရယူပုံ၊ သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု နှင့် စီးပွားရေး လုပ်ငန်းဆောင်ရွက်မှုများ စသည်တို့ ပါဝင်နိုင်သည်၊
  - ဒေသခံများ၏ ဓလေ့ထုံးတမ်းမြေယာများအား ပုဂ္ဂလိကလုပ်ငန်းများက သိမ်းယူသည့် ယခင် အတွေ့အကြုံနှင့် နစ်နာမှုများ၊
  - ဒေသခံများ၏ကိုယ်စားပြုမှုအတွက် သဘောတူညီထားသည့် ယန္တရားများအပါအဝင် ဒေသခံများ၏ ဆုံးဖြတ်ချက်ချခြင်းနှင့် စေ့စပ်ဆွေးနွေးခြင်း လုပ်ငန်းစဥ်၊
  - စီမံကိန်းကြောင့် ဖြစ်သည့် စိုးရိမ်မကင်းမှုများ၊
  - စီမံကိန်းအား သဘောတူခွင့်ပြုလိုက်လျှင် စီမံကိန်းကြောင့် ဖြစ်ပွားသည့် ပျက်စီးမှုများ သို့မဟုတ် ဆုံးရှုံးမှုများကြောင့် မျှော်လင့်ထားသည့် လျော်ကြေးများ၊
  - စီမံကိန်းတွင် ဖော်ထုတ်နိုင်သည့် အခွင့်အရေးများ (ဥပမာ - ကျေးလက်ဖွံ့ဖြိုးရေး၊ လူမှုရေးအရ သက်သာချောင်ချိရေး၊ အခြေခံ အဆောက်အဦး သို့မဟုတ် အလုည့်ကျ အသက်မွေးဝမ်းကျောင်းများ)၊
  - ချမှတ်မည့် စီးပွားရေးပုံစံအပေါ် မျှော်မှန်းချက်များနှင့် မျှော်မှန်းထားသည့် အကျိုးရလဒ် ပုံစံနှင့် အတိုင်းအတာ၊
  - နိုင်ငံတော်နှင့် ယခင်က ဆက်နွယ်ပတ်သက်ခဲ့ဖူးသည့် ပုံစံ၊ အတွေ့အကြုံများနှင့် နစ်နာမှုများ၊
  - မိမိတို့၏လိုအပ်ချက်များနှင့် ကိုက်ညီအောင် စီမံကိန်းအား မည်သို့ပြင်ဆင်သင့်ကြောင်း အကြံပြုချက်များ၊

## သတင်းအချက်အလက်နှင့် အကြံဉာဏ်များ အတွက် လွတ်လပ်သည့်ရင်းမြစ်များ ရယူသုံးစွဲနိုင်ရန် ပံ့ပိုးခြင်း

ရပ်ရွာလူထုသည် FPIC အားလိုက်နာရေးလုပ်ငန်းစဥ်တစ်လျှောက် သဘောတူညီချက် ရယူရေးလုပ်ငန်းစဥ်အတွင်း အထူးသဖြင့် ဆုံးဖြတ်ချက်

**စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်း အာမခံချက်ရှိ ရေးဆိုင်ရာ "လမ်းညွှန် ချက်များ" ပါ သတ်မှတ် ချက်များ**

**၁၂.၁၀** ရင်းနှီးမြှုပ်နှံမှုတွင် မြေသိမ်းဆည်းခြင်းများနှင့် ဖက်စပ်ဆောင်ရွက်ရေး သဘောတူညီချက် များ အပါအဝင် လုပ်ပိုင်ခွင့်များအား အကြီးစားဆောင်ရွက်ချက်များပြုလုပ်ပါက ထိုရင်းနှီးမြှုပ်နှံမှုများက လုပ်ပိုင်ခွင့်များ၊ စားနပ်ရိက္ခာ ဖူလုံမှုတို့အပေါ်သက်ရောက်နိုင်မည့် အကျိုးနှင့်အပြစ်များနှင့် စားနပ်ရိက္ခာ ဖူလုံမှု၊ အသက်မွေးဝမ်းကျောင်းနှင့် ပတ်ဝန်းကျင်အခွင့်အရေးများအား တိုး၍ အကောင်အထည်ဖော်နိုင်မှု စသည်တို့ကို လွတ်လပ်စွာ ကြိုတင်အကဲဖြတ်နိုင်ရေးအတွက် မတူညီသောအဖွဲ့အစည်းများအတွက် ပြဋ္ဌာန်းချက်များ ထုတ်ပြန်နိုင်ရန် နိုင်ငံများသည် မတူညီသောအဖွဲ့များအတွက် ကြိုးပမ်းသင့်ပါသည်။ နိုင်ငံများသည် ဓလေ့ထုံးတမ်းနှင့် အလွတ်သဘော လုပ်ပိုင်ခွင့်အပါအဝင် တည်ဆဲလုပ်ပိုင်ခွင့်များနှင့် တောင်းခံမှုများအား စံနစ်တစ်ကျနှင့် ဘက်မလိုက်ဘဲ သတ်မှတ်ထားခြင်းနှင့် ထိုရင်းနှီးမြှုပ်နှံမှုကြောင့် အသေးစားထုတ်လုပ်သူများကဲ့သို့သော အခြားပြည်သူများ၏ အခွင့်အရေးများနှင့် အသက်မွေးဝမ်းကျောင်း များ အပေါ် သက်ရောက်မှုများအား အာမခံချက်ပေးသင့်သည်။ ဤလုပ်ငန်းစဥ်အား ထိခိုက်နစ်နာသော အဖွဲ့များအားလုံးနှင့် သဘောထားခံယူမှုနှင့် ထိုလမ်းညွှန်ချက်များ၏ သဘောထားခံယူရေးနှင့် ပါဝင်ခွင့်ရရှိရေးမူများနှင့်လည်း ကိုက်ညီစွာ ဆောင်ရွက်သင့်ပါသည်။ နိုင်ငံများသည် တည်ဆဲတရားဝင်လုပ်ပိုင်ခွင့်များအား ထိုရင်းနှီးမြှုပ်နှံမှုများအားဖြင့် အပေးအယူမလုပ်ရန် အာမခံသင့်ပါသည်။

ချခြင်းနှင့် သဘောတူညီခြင်း တို့မပြုလုပ်မီ သတင်းအချက်အလက်အား လွတ်လပ်သော အရင်းအမြစ်မှ ရယူခွင့် ရှိပါသည်။ ဤရည်ရွယ်ချက်မှာ စီမံကိန်းအစိတ်အပိုင်း၏ အကျိုးအတွက် အဆိုပြုထားသော လုပ်ငန်းများကို အပြောင်းအလဲဖြင့် လွတ်လပ်စွာဖော်ဆောင်နိုင်ရန် သတင်းအချက်အလက်များအပါအဝင် ၎င်းတို့ကိုယ်တိုင် ရွေးချယ်ခွင့်ရှိစေရေး သတင်းအချက်အလက်စုံလင်စွာ ရရှိထားခြင်းကို အခြေခံလျှက် ရပ်ရွာလူထုအား အကျိုးအကြောင်း သိရှိလျှက် ဆုံးဖြတ်ချက်ချနိုင်ရန် ဖြစ်ပါသည်။ အစိုးရများနှင့် ကုမ္ပဏီများသည် ဒေသခံလူထု လွတ်လပ်သော သတင်းအရင်းအမြစ်ရရှိစေရန်နှင့် ဒေသခံ NGO များ လွတ်လပ်သော သတင်းအချက်အလက် နှင့်/သို့ အကြံဉာဏ်များ ပေးရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နိုင်ရန် ပံ့ပိုး၊ ဖြည့်ဆည်းပေးသင့်ပါသည်။

**ကြိုတင်အသိပေး ရယူထားသည့် သဘောတူညီချက်**

ရင်းမြစ် - UN-REDD Programme, 2013.

အဖွဲ့အားလုံးတို့အား ပေးသည့်သတင်းအချက်အလက်များသည် အောက်ပါအချက်အလက်များ ရှိရပါမည် -

- ရယူသုံးစွဲနိုင်မှု၊ ရှင်းလင်းမှု၊ တစ်သမတ်တည်းဖြစ်မှု ၊ တိကျမှု နှင့် ပွင့်လင်းမြင်သာမှု၊
- သင့်တော်သော ဘာသာစကားနှင့် ပုံစံ ဖြင့်ပေးရမည် ( ရေဒီယို၊ ဗီဒီယို၊ ဂရပ်ဖစ်၊ မှတ်တမ်းဇာတ်လမ်း၊ ဓာတ်ပုံများ အပါအဝင်)၊
- ဓမ္မဓိဌာန်ကျခြင်း၊ စီမံကိန်းဆောင်ရွက်ချက်များမှ ထွက်ပေါ်လာနိုင်သည့် ကောင်းကျိုး၊ဆိုးကျိုးများနှင့် သဘောတူညီမှုပေးခြင်း၊ ဆွဲကိုင်ထားခြင်း၏ အကျိုးဆက်များ၊
- သင့်တော်သောဘာသာစကားဖြင့် မူယင်းအရင်းအမြစ်များ ရရှိနိုင်ပြီး သိပ္ပံနည်းကျ သတင်းအချက်အလက်များအပါအဝင် အလားအလာရှိသော လူမှုရေး၊ ငွေကြေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများ စသည်တို့ အပြည့်အစုံပါဝင်သင့်ပါသည်။
- သတင်းများပေးရာတွင် ဌာနေတိုင်းရင်းသားများ သို့မဟုတ် ဒေသန္တရ ယဉ်ကျေးမှုများအား ခိုင်မာစေပြီး၊ ယိုယွင်းခြင်းမရှိစေမည့် ပုံစံဖြင့် ပေးခြင်း။
- သတင်းပေးရာတွင် ဌာနေတိုင်းရင်းသားများ သို့မဟုတ် ဒေသခံသင်တန်းဆရာများ အပါအဝင်၊ ယဉ်ကျေးမှုအရသင့်တော်သည့် ပုဂ္ဂိုလ်က ယဉ်ကျေးမှုအရ သင့်တော်သည့် နေရာ၌ ပေးခြင်း၊
- နားလည်နိုင်ရန်နှင့် အတည်ပြုနိုင်ရန် လုံလောက်သော အချိန်ပေးလျှက် သတင်းပေးခြင်း၊
- ဝေးလံခေါင်သီဆုံးသော၊ ကျေးလက်လူထု၊ အမျိုးသမီးများနှင့် ခွဲခြားဆက်ဆံခံရသော အုပ်စုများ ထံရောက်ရှိခြင်း၊
- FPIC လုပ်ငန်းစဉ် ဖြင့် ဆောင်ရွက်ဆဲ နှင့်ဆက်လက်ဆောင်ရွက်မည့် အခြေခံအားဖြင့် ပေးရန် စသည်တို့ ဖြစ်ပါသည်။

‘ထုတ်ဖော်ပြောကြားမှုများ ကို ပြင်းပြသောဆန္ဒနှင့်မှတ်ယူခြင်း’ ကို ကျင့်သုံးခြင်းဆိုသည်မှာ ဖြစ်နိုင်သည့်အခါတိုင်း၌သတင်းအချက်အလက်များပေးရန်ရှိခြင်း၊ အထူးသဖြင့် ယင်းကိုဝေမျှပေးရန်ဆန့်ကျင်သည့်အကြောင်းပြချက်မရှိပါကဖြစ်ပါသည်။ သတင်းအချက် အလက်မရရှိခြင်းသည် စေ့စပ်ညှိနှိုင်းသည့်လုပ်ငန်းစဉ်ကို ထိခိုက်စေကာ လုပ်ပိုင်ခွင့်ကိုင်ဆောင်ထားသူများအားလုံးနှင့် ကြိုတင်အသိပေးထားသည့် ဆွေးနွေးမှုတွင် ပါဝင်ရန် ကြိုးပမ်းအားထုတ်မှုကို အားနည်းစေသည့် စီမံကိန်းအကြောင်း မှားယွင်းသောသတင်းများကို ပြန့်နှံ့စေပါသည်။ သတင်းအချက်အလက်ရရှိရန် ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် အသင့်ရှိခြင်းသည်လည်း FPIC အားလေးစားလိုက်နာ ရေးလုပ်ငန်းစဉ်တွင် တာဝန်ခံမှုနှင့် စေတနာကောင်းနှင့် ချိတ်ဆက်ဆောင်ရွက်မှုအတွက်က သက်သေဖြစ်စေပါသည်။

## ယင်းကို မည်ကဲ့သို့ အကောင်အထည်ဖော်သင့်ပါသလဲ

လုပ်ငန်းစဉ်တစ်လျှောက် လွတ်လပ်သောသတင်းအရင်းအမြစ်ရရှိရန်နှင့် အခြားသော ဌာနေတိုင်းရင်းသားပြည်သူများ နှင့် ၎င်းတို့သင့်တော်သည်ဟု ယူဆသည့် ဌာနေတိုင်းရင်းသား သို့မဟုတ် ဌာနေတိုင်းရင်းသား မဟုတ်သော အဖွဲ့အစည်း များထံမှ အကြံဉာဏ်ယူခွင့်ရရှိစေရန် ရပ်ရွာလူထုအား သတင်းပေးပါ။ လိုအပ်ပါက ထိုအရင်းအမြစ်များနှင့် အုပ်စုများကို သတ်မှတ်ကာ ၎င်းတို့အား အသုံးပြုနိုင်ရန်စီစဉ်ပေးပါ။

ပံ့ပိုးဖြည့်ဆည်းပေးမည့်သူရွေးချယ်ခွင့်ပေးပါ။ အကူအညီတောင်းခံသည့် ရပ်ရွာလူထုအား ၎င်းတို့ကိုယ်၌က အကြံပြုသည့် အဖွဲ့အစည်းများအပါအဝင် ပံ့ပိုးဖြည့်ဆည်းပေးမည့်သူများကို ရွေးချယ်ခွင့်ပေးပါ။

အကြံပေးပုဂ္ဂိုလ်များ အသုံးပြုနိုင်ရန် ပံ့ပိုးပေးပါ။ ရပ်ရွာလူထုများသည် ပံ့ပိုးကူညီမှုပေးခြင်းတွင် လေ့လာခြင်း သို့မဟုတ် ပါဝင်ခြင်း အခွင့်ရစေရန် နှင့် အသုံးဝင်၍ ဆန်းသစ်မှုရှိသော အကြံပြုချက်များ ရရှိနိုင်စေရန် ရှေ့နေများ၊ ဥပဒေအကြံပေးများ သို့မဟုတ် အခြား မိတ်ဘက်များအပါအဝင် အကြံပေးများအား ဖိတ်ခေါ်ပိုင်ခွင့်ရှိပါသည်။ အစိုးရ နှင့်/သို့ စီမံကိန်းဆောင်ရွက်သူသည် ရပ်ရွာလူထု ဤသို့သော အထောက်အပံ့ရရှိစေရန်အတွက် ငွေကြေးနှင့်ထောက်ပံ့ပို့ဆောင်မှု အကူအညီများပေးသင့်သည်။ သို့ရာတွင် သဘော တရားအားဖြင့် ငွေကြေးနှင့် ထောက်ပံ့ပို့ဆောင်

မှ အကူအညီများသည် စီမံကိန်းဆောင်ရွက်သူထံမှ တိုက်ရိုက်ရရှိခြင်းမဖြစ်သင့်ပါ။ ရပ်ရွာလူထုများတွင် စီမံကိန်းဆောင်ရွက်သူတစ်ဦးတည်းထိန်းချုပ်မှုအောက်မှ ငွေကြေးနှင့်

## သဘောတူညီချက် ရယူခြင်းနှင့် ထိရောက်အောင် ဆောင်ရွက်ခြင်း

သဘောတူညီမှုရှာဖွေသည့်လုပ်ငန်းစဉ်သည် လက်ဝါးကြီးအုပ်မှုမရှိရန် မဖြစ်မနေလိုအပ်ပြီး ရရှိထားသော သဘောတူညီ ချက်များသည်အပြန်အလှန်ဖြစ်ကာ အဖွဲ့အားလုံးကအသိအမှတ်ပြုရန်နှင့် ဒေသခံရပ်ရွာလူထုက သဘောတူညီပါက ရှေ့ဆက်မည့်လုပ်ငန်းအဆင့်များအား မိတ်ဆက်ပေးနိုင်ပါသည်။ လုပ်ငန်းစဉ်၏အဆင့်များ ထပ်ကာထပ်ကာ ဆောင်ရွက် လျှင်ပင် ထိုအဆင့်တိုင်းပြီးစီးရန် အဖွဲ့အားလုံးက သဘောတူညီရန်လိုအပ်ပါသည်။ ထို့အပြင် ဌာနေတိုင်းရင်းသားပြည်သူများနှင့် ဒေသခံ ရပ်ရွာလူထုထံမှ သဘောတူညီချက်ရရှိသည့်ကိစ္စရပ်တွင် ၎င်းတို့၏လူ့အခွင့်အရေး ထိခိုက်သည့် ရလဒ်မထွက်ပေါ်လာစေသင့်ပါ။

### လုပ်ပိုင်ခွင့်နှင့် ရှယ်ယာပိုင်ဆိုင်သူအတွက် ရွေးချယ်ရန် အခွင့်အလမ်းများ

စီမံကိန်းကို မည်ကဲ့သို့လုပ်ဆောင်ရန်ဆွေးနွေးရာတွင် အဖွဲ့သားအားလုံး အလှည့်ကျလုပ်ပိုင်ခွင့်နှင့် ထုတ်လုပ်မှုပုံစံများကို လမ်းဖွင့်ပေးရန်အရေးကြီးပါသည်။ ယင်းသည် လုပ်ငန်းပမာဏ၊ ရည်ရွယ်ထားသည့် မြေယာ၏တည်နေရာနှင့် မြေအသုံးချမှုပုံစံတို့အပေါ်မူတည်၍ ပြင်ဆင်ခြင်းများပြုလုပ်ခြင်းကို ဆိုလိုနိုင်ပါသည်။ ယင်းသည် စိုက်ပျိုးသည့်ပုံစံများအလိုက် - သီးညှပ် သို့မဟုတ် တစ်သီးစား၊ လုပ်ကွက်ငယ်ပုံစံများ၊ အိမ်ယာပုံစံများ၊ မြေဧရိယာကျဉ်းကျဉ်းတွင် အထွက်နှုန်းမြင့်မားအောင် စိုက်ပျိုးခြင်း ( ‘အကွာအဝေး’ ပုံစံ) သို့မဟုတ် အထွက်နှုန်း နည်းနည်းဖြင့် အကြီးစားစိုက်ပျိုးခြင်း (‘မြေ-မျှဝေသုံးစွဲမှု’ ပုံစံ) ((Phalan et al. 2011) တို့ဖြစ်နိုင်ပါသည်။ အခြားနည်းလမ်းများတွင် ဖက်စပ်စီပွားရေးလုပ်ငန်းများ၊ တန်းညှိမှု၊ ပူးတွဲ-စီမံခန့်ခွဲမှု သို့မဟုတ် ရပ်ရွာစီးပွားရေးလုပ်ငန်းများအား စာချုပ်ချုပ်ဆိုခြင်း သို့မဟုတ် လက်ဝေခံစာချုပ်ချုပ်ဆိုခြင်း တို့ပါဝင်နိုင်ပါသည်။

ပြင်ပကုမ္ပဏီ သို့မဟုတ် ရင်းနှီးမြှု်ပန်သူများနှင့် စပ်လျဉ်း၍ ရပ်ရွာလူထုများ၏ အခြေအနေများကိုလည်း ဆွေးနွေးသင့်ပါသည်။ ဤနည်းဖြင့် ၎င်းတို့၏အခွင့်အရေးများကို လေးစားလိုက်နာကာ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ဖြစ်နိုင်သည့်နည်းလမ်းများမှာ ယာယီ သို့မဟုတ် အမြဲတမ်းအလုပ်သမားများ၊ ရှယ်ယာပိုင်ဆိုင်သူများ သို့မဟုတ် စီးပွားရေးလုပ်ဖော်ကိုင်ဘက်များ ဖြစ်ပါသည်။ ထို့အပြင် ကြာချိန်၊ ပြန်လည်အသက်သွင်းသည့်အခြေအနေ၊ လိုအပ်ချက်များနှင့် သက်ဆိုင်ရာပိတ်ဆို့မှုများအပါအဝင် အငှားစာချုပ်စည်းကမ်းချက် များအား အဖွဲ့အားလုံးက သဘောတူညီမှုရှိရပါမည်။

### ယင်းကို မည်ကဲ့သို့အကောင်အထည်ဖော်သင့်ပါသလဲ

မည်သို့သဘောတူညီမည်ကို သဘောတူညီခြင်း၊ ရပ်ရွာလူထုနှင့် သဘောထားခံယူရာတွင် ဆုံးဖြတ်ချက်ချခြင်းနှင့် သဘောတူညီချက်ရယူခြင်းတို့အတွက် ဓလေ့ထုံးတမ်းနည်းလမ်းများကို ထည့်သွင်းစဉ်းစားကာ သဘောတူညီ ချက် မည့်ကဲ့သို့ရရှိ၊ ဖော်ပြမည်ကို ၎င်းတို့နှင့် သဘောတူညီချက်ရယူထားပါ။ ၎င်းတို့တွင် မဲပေးခြင်း၊ လက်ထောင်ခြင်း၊ တတိယအဖွဲ့ရှေ့မှောက်တွင် သဘောတူလက်မှတ်ရေးထိုးခြင်း၊ စာချုပ်လက်မှတ်ရေးထိုးသည့် အခန်းအနားကျင်းပခြင်း စသည်တို့ဖြစ်ပါသည်။ အကြုံးဝင်သည့်ဆုံးဖြတ်ချက်ရရှိရန်အတွက် လိုအပ်ချက်များကို ဆုံးဖြတ်ပါ။ ဥပမာ -အကြုံးဝင်မှုသည် ဆုံးဖြတ်ချက်ချမှတ်ရန်ရောက်ရှိနေသည့် ရပ်ရွာလူထု အချိုး၊ မဲအရေအတွက် သို့မဟုတ် ရပ်ရွာအတွင်းရှိ မတူညီသောအုပ်စုများမှ ကိုယ်စားပြုမှုအတိုင်းအတာ (အမျိုးသမီး၊ လူငယ်၊ ကျေးလက်ဆင်းရဲသားများ သို့မဟုတ် ရွှေ့ပြောင်းလုပ်သားများ) စသည်တို့အပေါ်မူတည်နိုင်ပါသည်။ ကိစ္စရပ်အားလုံးတွင် ရပ်ရွာလူထုများသည် သဘောတူစာချုပ် ချုပ်ဆိုခြင်းကို ဆန္ဒရှိပါက ၎င်းတို့၏ ဓလေ့ထုံးတမ်းစံနစ်များနှင့် အညီ ချုပ်ဆိုခွင့်ရှိပါသည်။

ပွဲပိုးဖြည့်ဆည်းပေးသူ၏ အခန်းကဏ္ဍကို သိပါ။ ပွဲပိုးဖြည့်ဆည်းပေး

သူများသည် ပြည်သူ့သဘောထားခံယူရာ၌ အခြားအချက်များအပြင် အပြုသဘောဝေဖန်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုနှင့် နည်းပညာပံ့ပိုးမှုများ ပေးသင့်ပါ သည်။ ဆုံးဖြတ်ချက်တိုင်းအတွက် မေးခွန်းများမေးသည့် လွတ်လပ်သော တတိယပုဂ္ဂိုလ်/အဖွဲ့အစည်းအား 'ဝေဖန်ရေး သမား' အခန်းကဏ္ဍအတွက် တာဝန်ပေးနိုင်ပါသည်။ သို့ဖြစ်ရာ ပြည်သူ့သဘောထားခံယူပွဲ၏ အဆင့်တိုင်း၌ နောက်ထပ်အကြောင်းအရာမဆွေးနွေးမီ တက်ရောက်သည့်တစ်ဖွဲ့လုံးက သေချာစွာပြန်လည် သုံးသပ်ကာ အတည်ပြုနိုင်မည် ဖြစ်ပါသည်။

စေ့စပ်ညှိနှိုင်းမှုများအား ပေါင်စုနည်းလမ်းဖြင့် ဆောင်ရွက်ပါ။ စေ့စပ်ဆွေးနွေးခြင်းသည် အနိုင်၊ အရှုံးအတွက် မဟုတ်ပါ - ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပါသည်။ အဖွဲ့များအားလုံးအနည်းဆုံး ၎င်းတို့၏ရည်ရွယ်ချက်များမှ အချို့ကို ရရှိအောင်မြင်စေရန်ဖြစ်ပါသည်။ တစ်ဘက်အဖွဲ့များက စေ့စပ်ညှိနှိုင်းမှုကို ရေရှည်ဆက်ဆံရေးနှင့် ဆွေးနွေးပွဲ၏ တစ်စိတ်တစ်ဒေသအဖြစ် ရှုမြင်ပါစေ။ အချက်အလက်နှင့် တန်ဘိုးများကို ခွဲခြားနိုင်အောင်ကြိုးစားပါ - ဝိရောဓိဖြစ်နေသော အချက်များကို သုတေသနပြုခြင်းအားဖြင့်ဖြေရှင်းနိုင်ပါသည်။ သို့သော် ဝိရောဓိဖြစ်နေသည့် တန်ဘိုးများကို မဖြေရှင်းနိုင်မီ အဖွဲ့များသည် 'သဘောမတူညီမှုကို သဘောတူညီနိုင်စေရန်' စေ့စပ်ညှိနှိုင်းခြင်းများ ကို နှစ်လိုဖွယ်အခြေအနေဖြင့် လေးစားသမှုဖြင့် ပြုလုပ်သင့်ပါသည်။ ဆွေးနွေးပွဲသို့တက်ရောက်လာကြသူများအား အကြံကောင်းများအတွက် ချီးမွမ်းကာ အားနည်းသော အကြံဉာဏ်များကိုလည်း ကောင်းမွန်သောနည်းလမ်းဖြင့် ပယ်ပါ။ တစ်ပါးသူ၏ ပြောဆိုချက်များကို ဂရုတစ်စိုက်၊ တက်ကြွစွာ နားထောင်ပေးပါ။ အချက်အလက်များကို မရှင်းလင်းပါက သို့မဟုတ် နည်းပညာဆန်လွန်းပါက ပြန်လည်၍ ထပ်မံရှင်းပြရန် မေတ္တာရပ်ခံပါ။

ပျော့ပြောင်းသော သဘောထားရှိပါ။ ရပ်ရွာတစ်ရွာသည် စီမံကိန်းတစ်ရပ်၏ အစိတ်အပိုင်းတစ်ချို့ကို ဆန့်ကျင်ပါက ရပ်ရွာလူထုအတွက် မည်သည့်အပိုင်းကလက်ခံဖွယ်ရှိပြီး မည်သည့်အပိုင်းများက သင့်လျော်အောင်ပြင်ဆင်ခြင်း သို့မဟုတ် စွန့်ပယ်ခြင်း ပြုလုပ်ရန်လိုအပ်ပါမည်။ မူယင်းစီမံကိန်းများနှင့် ရည်မှန်းချက်များကို ပြင်ဆင်ရာတွင် ပွင့်လင်းစွာဆောင်ရွက်ခြင်းဖြင့် အဖွဲ့များအားလုံးက စိတ်ကြေနပ်မှုရှိစေရန် ဆောင်ရွက်ပါ။

ရှေ့မတိုးသာသည့်အခြေအနေအတွက် ပြင်ဆင်ထားပါ။ စေ့စပ်ညှိနှိုင်းမှုများမအောင်မြင်ဘဲ သဘောတူညီမှုမရ၍ ရှေ့မတိုးသာသည့် အခြေအနေ၌ မည်သည့်အဆင့်များ ဆောင်ရွက်မည်ကို ကြိုတင်သဘောတူညီချက် ရယူထားပါ။ ယင်းတို့တွင် လွတ်လပ်သော ညှိနှိုင်းဆွေးနွေးပေးသူတစ်ဦးထံ မေတ္တာရပ်ခံသည့် လုပ်ငန်းစဉ်များ၊ ပြန်လည်စေ့စပ်ညှိနှိုင်းမှုမပြုမီ ခေတ္တရပ်နားခြင်း၊ စေ့စပ်ညှိနှိုင်းမှု ပြန်လည်ပြုလုပ်ခြင်း စသည်တို့ ဖြစ်ပါသည်။

သဘောတူညီမှုကို ကိုင်စွဲထားရာတွင် ရပ်ရွာလူထုပြန်လည်စေ့စပ်ညှိနှိုင်းမည်လား၊ နောက်ဆုံးပြန်လည်စေ့စပ်ညှိနှိုင်းမှု အတွက်စည်းကမ်းချက်နှင့် အချိန်စသည်ဖြင့် ရပ်ရွာလူထု၎င်းတို့၏သဘောတူညီချက် ပေးနိုင်မည့်အခြေအနေမျိုး အကြောင်းတရားများ တည်ဆောက်ထားပါ။ ကုမ္ပဏီသည် ရပ်ရွာလူထု ဆန္ဒရှိပါက ပြန်လည်စေ့စပ်ညှိနှိုင်းမှုကို ငြင်းပယ်ပိုင်ခွင့်ကို လေးစားသင့်ပါသည်။

**ထိရောက်သော စေ့စပ်ညှိနှိုင်းမှုအတွက် အခြေခံများ။**

အရင်းအမြစ် - Barsh and Bastien, 1997.

- ရပ်ရွာလူထုအား အသိပေး၊ ပါဝင်စေပါ။
- သင့်လိုအပ်ချက်များအား ရှင်းလင်းစွာ သတ်မှတ်ထားပါ၊ ဦးစားပေးလုပ်ငန်းများအတွက် သဘောတူညီချက်ယူထားပါ၊
- အခြားအဖွဲ့အားလုံး၏ လိုအပ်ချက်များကို ဖော်ထုတ်၊သတ်မှတ်ထားပါ။
- သင့်အားသာချက်များနှင့် လုပ်ငန်းစွမ်းဆောင်ရည် တို့ကို ပြသပါ။
- အခြားသော စေ့စပ်ညှိနှိုင်းသူများနှင့် ဆက်ဆံရေးတည်ဆောက်ထားပါ။
- အခြားသူများ၏လိုအပ်ချက်နှင့် သင့်လိုအပ်ချက်များအား စုစည်းနိုင်မည့် နည်းလမ်းရှာပါ။
- သီးသန့်၊ အောင်မြင်နိုင်မည့် အဆိုပြုချက်များ တင်သွင်းပါ။
- ပုဂ္ဂလိကခံစားချက်၊ ဒေါသ၊ မာနနှင့် သံသယများကို အိမ်တွင်ထားခဲ့ပါ။

သဘောတူညီချက်တွင်ပါဝင်နိုင်သော အချက်များမှာ -

- သဘောတူလက်မှတ်ရေးထိုးကြသည့်အဖွဲ့များ၊
- အပြန်အလှန်သဘောတူညီထားသည့် သဘောတူညီမှုအတွက် ကြီးမားသော အထောက်အထား၊
- သဘောတူညီချက်အသေးစိတ် (ဥပမာ - ကုန်ကျစရိတ်များ၊ အကျိုးကျေးဇူးများ၊ လိုအပ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် ကန့်သတ်ချက်များ)၊ မျှော်မှန်းချက်အားလုံးကို ထုတ်ဖော်ပြောကြား၊ စစ်ဆေးထားပြီး ထွက်ပေါ်လာသည့်သဘောတူညီချက်များအားအားလုံးက လိုက်နာရန်သဘောတူညီထားပြီးခြင်း။
- စီမံကိန်းကာလ၊
- စာချုပ်ချုပ်ဆိုရေးအတွက် အစီအစဉ်များ၊
- စောင့်ကြည့်၊အကဲဖြတ် စီမံကိန်း၊
- သဘောတူညီချက်အား ရုပ်သိမ်းရန် စည်းကမ်းချက်၊
- သဘောတူညီချက်ရရှိရန်အတွက် နောက်ထပ်တစ်ဆင့်အား သဘောတူညီခြင်း၊
- လွတ်လပ်စွာ အတည်ပြုရေး ပြဋ္ဌာန်းချက်များ၊
- သဘောတူညီချက်ချိုးဖောက်မှုအတွက် အရေးယူပိတ်ဆို့မှုများ၊

လုပ်ငန်းစဉ်အားအဖွဲ့အားလုံးက ပါဝင်နိုင်သည့်ပုံစံများနှင့် ဘာသာစကားများအတိုင်း မှတ်တမ်းတင်ကာ ပါဝင်ပတ်သက်သူများအတွက် ပြန်လည်သုံးသပ်၍ အတည်ပြုနိုင်ရန် ပံ့ပိုးပေးပါ။

## သဘောတူညီချက်များအား စောင့်ကြည့်၊ အတည်ပြုခြင်း။ [16]

သဘောတူညီချက်ရရှိပါက ပြည်သူ့သဘောထားခံယူသည့် လုပ်ငန်းစဉ်အားဖြင့် ရရှိလာသည့် သဘောတူညီချက်များကို လက်တွေ့အကောင်အထည်ဖော်ချိန်၌ လေးစားလိုက်နာရန် အရေးကြီးပါသည်။ သဘောတူညီချက်များအား လေးစားလိုက်နာခြင်းမရှိ ပါက အရေးယူပိတ်ဆို့ခြင်း နှင့်/သို့ ပြန်လည်ဖြေရှင်းရေး ယန္တရားကို အသက်ဝင်စေရန် လိုအပ်ပါသည်။

သဘောတူညီချက်အား နောက်ဆုံးအတည်မပြုမီ သဘောတူညီချက်များအား စောင့်ကြည့်၊ အတည်ပြုမည့် နည်းလမ်းများနှင့် စောင့်ကြည့်၊ အတည်ပြုလုပ်ငန်းစဉ်ကို သဘောတူညီချက်တွင် ဖော်ပြထားသင့်ပါသည်။ စောင့်ကြည့်၊ အတည်ပြုသည့်ဆောင်ရွက်ချက် များအား စီမံကိန်းစတင်လည်ပတ်ရန်သဘောတူညီသည်နှင့်စတင်ရန်နှင့် ကြားကာလအတွင်း ပုံမှန်လွတ်လပ်စွာပြန်လည်သုံးသပ်မှု သည် စိတ်ပါဝင်စားသည့်အုပ်စုအားလုံးအတွက် စိတ်ကြေနပ်ဖွယ်ရာ ဖြစ်သင့်ပါသည်။

### ယင်းကို မည်ကဲ့သို့ အကောင်အထည်ဖော်သင့်ပါသလဲ

ရပ်ရွာလူထုများနှင့် ပူးတွဲစောင့်ကြည့်ရေး ဒီဇိုင်းရေးဆွဲပါ။ စီမံကိန်းသဘောတူညီချက်တွင် ပါဝင်

16 စောင့်ကြည့်ခြင်းနှင့် အတည်ပြုခြင်း - လမ်းညွှန်ချက်များ စာပိုဒ် 3B.10; 5.8; 6.7; 12.14, 26.1–26.5. အားကြည့်ပါ။

သည့်ရပ်ရွာ လူထုသည် စီမံကိန်းအကောင်အထည်ဖော်မှုကို ပူးတွဲစောင့်ကြည့်ရေးတွင်လည်း ပါဝင်သင့်သည်။ ယင်းတွင် စောင့်ကြည့်ရေးချဉ်းကပ်ပုံနည်းလမ်းဒီဇိုင်း၊ လုံ့ဆော်မည့်ဆောင်ရွက်ချက်များ၊ စောင့်ကြည့်ရေးနည်းလမ်း များ၊ မတူကွဲပြားသည့်အမြင်များကို မည်ကဲ့သို့စုစည်းမည်၊ ရလဒ်များအား မည်ကဲ့သို့မှတ်တမ်းတင်ကာ ပိုမိုကျယ်ပြန့်သည့်ရပ်ရွာလူထုသို့မည်သို့ဝေမျှမည် စသည့် ရပ်ရွာလူထု၏ အကြံပြုချက်များ ပါဝင်ပါသည်။ ရပ်ရွာလူထုများသည် အားလုံးပါဝင်ခွင့်ရသည့် စောင့်ကြည့်ရေးနည်းလမ်းနှင့် တုန့်ပြန်မှုများ၊ လိုအပ်သည့် လူ့စွမ်းအားနှင့် ငွေကြေးနှင့် ရရှိနိုင်မှုအကြောင်း အပြည့်အဝ သဘောတူညီမှုကို စတင်သင့်ပါသည်။

လွတ်လပ်သည့် စောင့်ကြည့်သူများကို အသုံးပြုပါ။ အတည်ပြုသည့် လုပ်ငန်းစဉ်ကို လွတ်လပ်သည့်အဖွဲ့များက အားလုံးလက်ခံနိုင်အောင် အကောင်အထည်ဖော်သင့်ပါသည်။

မတူကွဲပြားသည့် အသံများ ပါဝင်ပါစေ။ အတည်ပြုသည့်အဖွဲ့သည် အမျိုးသမီးများ၊ ဆင်းရဲသားများ၊ လယ်ယာမဲ့များနှင့် လူငယ်များ စသည့် ခွဲခြားဆက်ဆံခံရသည့် အုပ်စုများအပါအဝင် လုပ်ပိုင်ခွင့်ကိုင်ဆောင်ထားသူများ၊ မြေအသုံးပြုသူများ၊ ၎င်းတို့၏အခွင့်အရေးများကို တန်းတူလေးစားမှုရရှိစေရန် ၎င်းတို့နှင့်တွေ့ဆုံ မေးမြန်းမှုများ ပြုလုပ်သင့်ပါသည်။

**နစ်နာကြေးများ၊ ကုစားမှုများနှင့် ပဋိပက္ခ ဖြေရှင်းရေးဆိုင်ရာ "လမ်းညွှန်ချက်များ"**

ရင်းမြစ် - FAO, 2012.

**၂၁.၁** နိုင်ငံများသည် ဘက်မလိုက်သော၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် တရားစီရင်ရေးနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့များအားဖြင့် လုပ်ပိုင်ခွင့်အခွင့်အရေးများဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းရေး အခြားသောနည်းလမ်းများအပါအဝင် လုပ်ပိုင်ခွင့်အငြင်းပွားမှုများကို အချိန်မီ၊ တတ်နိုင်သော၊ ထိရောက်သည့်နည်းလမ်းများပေးသင့်ပြီး ထိရောက်သော ကုစားမှုများနှင့် အယူခံဝင်ခွင့်တို့ကို ပေးသင့်ပါသည်။ ထိုကဲ့သို့သော ကုစားမှုများအား ချက်ခြင်းအာဏာသက်ဝင်စေသင့်ပါသည်။ နိုငံများသည် မူလအဆင့်တွင် အကောင်အထည်ဖော်သည့် အဖွဲ့အစည်းတွင်း ဖြစ်စေ၊ ပြင်ပမှ ဖြစ်စေဖြစ်လာနိုင်သည့် အငြင်းပွားမှုများအား ရှောင်ရှား သို့မဟုတ် ဖြေရှင်းရန် ယန္တရားများကို အားလုံးရရှိအောင် လုပ်ဆောင်သင့်ပါသည်။ အငြင်းပွားမှုဖြေရှင်းရေးဝန်ဆောင်မှုများသည် နေရာ၊ ဘာသာစကားနှင့် လုပ်ငန်းစဉ်များအရ အမျိုးသမီးများနှင့် အမျိုးသားများအားလုံးအတွက် ရယူသုံးစွဲနိုင်ခွင့်ရှိသင့်ပါသည်။

ဖြေဆိုသူများအား အမည်မဖော်ခွင့်ပေး သကဲ့သို့ မေတ္တာရပ်ခံသည့်အခါ အကြံပြုသူများ၏အမည်များကိုလည်း လျှို့ဝှက်ထားပေးပါ။

တွေ့ရှိချက်များ၏တုန့်ပြန်ချက်များကို စုစည်းခြင်း။ အတည်ပြုသည့် လုပ်ငန်းစဉ်မှ တွေ့ရှိချက်များကို ဝေမျှ၊ ဆွေးနွေးရန် ပြည်သူလူထုနှင့် အစည်းအဝေးပြုလုပ်ပါ။ ယင်းသည် ရပ်ရွာလူထုဝင်များအား တွေ့ရှိချက်များကို အတည်ပြုခြင်း သို့မဟုတ် ခုခံပြောဆိုခြင်းတို့အတွက် အခွင့်အရေးများပေးရန်နှင့် လိုအပ်ပါက အခြားအတည်ပြု အဖွဲ့က လုပ်ငန်းစဉ်ကို ထပ်မံဆောင်ရွက်ရန် မေတ္တာရပ်ခံသင့်ပါသည်။

ပြဿနာတစ်စုံတစ်ရာအား မည်ကဲ့သို့ဖြေရှင်းမည်ကို သိရှိပါ။ စောင့်ကြည့်သည့် လုပ်ငန်းစဉ်အတွင်း ပြဿနာပေါ်ပေါက်ပါက မည်သည့်အဆင့်တွင် လျော်ကြေးပေးမည့် လုပ်ငန်းစဉ်များကို စတင်မည်ကို ရပ်ရွာလူထုနှင့် သဘောတူညီထားပါ။ မည်သည့် သဘောတူညီမှု လုပ်ငန်းစဉ်အား ပြန်လည်စတင်ကာ မည်သည့် သဘောတူညီချက်အား ပြန်လည်စေ့စပ်ညှိနှိုင်းမည်ဆိုသည့် စည်းကမ်းချက်များကို သဘောတူညီချက် ရယူထားပါ။

# နစ်နာကြေးပေးသည့် လုပ်ငန်းစဉ်တည်ဆောက်ခြင်း [17]

အဖွဲ့များအတွက် စီမံကိန်းကာလတစ်လျှောက် ပေါ်ပေါက်လာနိုင်သည့် စိုးရိမ်မကင်းမှုများ

17 နစ်နာမှု ကုစားခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်းအတွက် "လမ်းညွှန်ချက်များ" 3A.1.4; 3A.1.5; 3A.2; 3.2; 4.9; 6.3; 6.6; 6.7; 9.11; 12.14; 25.1–25.7; 21.1–21.6. အားကြည့်ပါ။

ထုတ်ဖော် ပြောကြားရန် လွတ်လပ်သည့်ယန္တရားတစ်ရပ် တည်ထောင်ရန် အရေးကြီးသည်။ နစ်နာကြေးပေးသည့် ယန္တရားသည် ဒေသတွင်း နှင့် ပြင်ပအငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်များ ပိုမိုရရှိခြင်းအားဖြင့် သဘောတူညီချက်များကို ပြန်လည်တည်ဆောက်ခွင့် ပြသင့်ပါသည်။ အငြင်းပွားမှုဖြစ်ပွားခြင်း သို့မဟုတ် သဘောတူညီချက်ပျက်ပြားသည့်အချိန်ထိ မစောင့်ဘဲ ယန္တရားကိုဆောလျှင်စွာ ဆွေးနွေး၊ ဆောင်ရွက်သင့် ပါသည်။ ထို့ကြောင့် နစ်နာကြေးပေးသည့်လုပ်ငန်းစဉ်အား ဆုံးဖြတ်ရာတွင် ပြည်သူ့သဘောထားခံယူခြင်းနှင့် သဘောတူညီချက်ရယူသည့်လုပ်ငန်းစဉ်တစ်စိတ်တစ်ဒေသအဖြစ် ပြုလုပ်သင့်ပါသည်။ သဘောတူညီချက် ကြိုတင်ရယူသည့် အဆင့်များအတွင်း ထိုလုပ်ငန်းစဉ်များအသုံးပြုနိုင်ခြင်း ရှိသင့်ပြီး ရရှိပြီးသည့် သဘောတူညီချက်များတွင်လည်း ပါဝင်သင့်သည်။

## ယင်းကိုမည်ကဲ့သို့ အကောင်အထည်ဖော်သင့်ပါသလဲ

နစ်နာကြေးများ မည်ကဲ့သို့ရရှိ၊ မှတ်ပုံတင်ရန် ရပ်ရွာလူထုနှင့် သဘောတူညီချက် ရယူပါ။ ယင်းကို အဓိကကိုယ်စားလှယ်များ၊ လွတ်လပ်သောအကြံပေးများ ပါဝင်သည့် အဖွဲ့တစ်ဖွဲ့ သို့မဟုတ် ကော်မတီအားဖြင့် ရပ်ရွာလူထုနှင့် ပုံမှန် ဆွေးနွေးခန်းများ ပြုလုပ်ခြင်း၊ အကြံပြုစာနှင့် အမည်မဖော်လိုသည့်တုန့်ပြန်မှုများအတွက် လက်ခံပုံးထားရှိခြင်း စသည်ဖြင့် ဆောင်ရွက်သင့်ပါသည်။ ဓလေ့ထုံးတမ်းနစ်နာကြေးပေးသည့်ယန္တရားများရှိပြီး ရပ်ရွာလူထုက ယင်းတို့ကိုလိုက်နာရန် ရွေးချယ်ပါက ယင်းကို အခြားအဖွဲ့က လေးစားလိုက်နာသင့်ပါသည်။ နစ်နာကြေးပေးသည့် ယန္တရားအကြောင်းသတင်းပေးရန် ဓလေ့ထုံးတမ်းနစ်နာကြေးလုပ်ငန်းစဉ်မှ ပုံများသည် ရပ်ရွာလူထုအတွက် သင့်တော်၍ အဓိပ္ပါယ်ရှိစေပါသည်။

အဖွဲ့အားလုံးကျေနပ်နှစ်သက်မည့် ဖြေရှင်းရေးနည်းလမ်းကို သဘောတူညီခြင်း။ ယင်းတို့တွင် လျော်ကြေးပေးခြင်း၊ အရေးယူပိတ်ဆို့ခြင်း သို့မဟုတ် မြေပြန်လည် အစားထိုးပေးခြင်း စသည်တို့ ပါဝင်နိုိင်ပါသည်။

နစ်နာကြေးဖြေရှင်းပေးခြင်းကို မည်ကဲ့သို့စောင့်ကြည့်မည်ကို သဘောတူညီခြင်း၊ အဖွဲ့အားလုံးက အကဲဖြတ်ခြင်းနှင့် သဘောတူညီခြင်း။

နစ်နာမှုများ ဖြေရှင်းပေးရန် ပြင်ပအကူအညီဖြင့် မဖြေရှင်းပေးနိုင်ပါက ရပ်ရွာလူထုအား အစိုးရ တရားစီရင်ဆုံးဖြတ်ခြင်းလုပ်ငန်းစဉ်နှင့် တရားရေးလုပ်ငန်းအသုံးပြုခွင့် အကြောင်း အသိပေးခြင်း။

နစ်နာကြေးလုပ်ငန်းစဉ်အား တရားဝင်အောင်ပြုလုပ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် အများပြည်သူထံအသိပေးခြင်း။ နစ်နာကြေးယန္တရားကို ဓလေ့ထုံးတမ်းစံနှုန်းများ ဖြင့် တရားဝင်အောင် ဆောင်ရွက်ရန် နှင့်/သို့ ၎င်းအားတရားဝင် အဖွဲ့အစည်း၌ ကြေငြာခြင်းနှင့် မှတ်ပုံတင်ခြင်း (ဥပမာ-တိုင်းဒေသကြီး သို့မဟုတ် ဒေသန္တရ အစိုးရရုံး) ကို ရပ်ရွာလူထုနှင့် သဘောတူညီချက် ရယူထားပါ။ နစ်နာကြေးပေးသည့် လုပ်ငန်းစဉ်အား အဖွဲ့သားအားလုံး ရရှိနိုင်သည့် ပုံစံများနှင့် ဘာသာစကားများအားဖြင့် မှတ်တမ်းတင်ကာ အများပြည်သူသိရှိအောင် ဆောင်ရွကခြင်း။

# ကုစားမှုနှင့် ပဋိပက္ခဖြေရှင်းမှုရရှိရန် ပံ့ပိုးပေးခြင်း

ပဋိပက္ခဖြေရှင်းရေး ယန္တရား များသုံးစွဲခွင့်ပေးခြင်းသည် အခြားသူများက ၎င်းတို့၏အခွင့်အရေးများကို ချိုးဖောက်သည်ဟု ခံစားရသူများ အတွက် ကုစားခွင့်ပေးရာတွင် မရှိမဖြစ် အရေးပါ ပါသည်။ နစ်နာကြေး ပေးသည့်ယန္တရားအား ကြိုတင်ပြင်ဆင်ခြင်းနှင့် တည်ဆောက်ခြင်း နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပွား ခြင်း သို့မဟုတ် သဘောတူညီချက် ပျက်ပြယ်ခြင်း ဖြစ်သည့်အထိ ထားခြင်းထက် ပဋိပက္ခဖြေရှင်းရေး ယန္တရားကို ဆောလျှင်စွာဆွေးနွေး၊ ထုတ်ဖော်သင့်ပါသည်။ ဒေသခံ ရပ်ရွာလူထုနှင့် ဆွေးနွေးတိုင်ပင် ရာ၌ မှတ်တမ်းတင်ခဲ့သော ယခင်လုပ်ငန်းလည်ပတ်ခဲ့သည့်အဖွဲ့အစည်းများ၏ အဓိကဖြေရှင်းပေးရမည့် ဝတ္တရားများ အကြောင်းအရာများကို သတင်းပေးသင့်ပါသည်။ ကုစားပေးမည့်ပုံစံများကို သဘောတူညီ ချက်ရယူသည့်အဆင့်များတွင် ဆွေးနွေးသင့်ပါသည်။ စီမံကိန်းဆက်လက် ဆောင်ရွက်ရန် သဘောတူ ညီသည်နှင့်တစ်ပြိုင်နက် အဓိကဖြေရှင်းပေးရမည့် ဝတ္တရားများ ကို ဖြည့်ဆည်းဆောင်ရွက်ပေးရပါမည်။

## ယင်းကို မည်ကဲ့သို့ အကောင်အထည်ဖော်သင့်ပါသလဲ

ပဋိပက္ခဖြေရှင်းရေးကျွမ်းကျင်သူ သို့မဟုတ် စောင့်ကြည့်သူ အားလုပ်ငန်းစဉ်တွင် စေ့စပ်ညှိနှိုင်းပေး ရန် ပညာရှင်ဆန်သည့် စေ့စပ်ညှိနှိုင်းပေးသူနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ စေ့စပ်ညှိနှိုင်းပေးသူသည် အကျိုးစီးပွားပဋိပက္ခမရှိဘဲ အဖွဲ့အားလုံးက လက်ခံနိုင်ရမည် ဖြစ်ပါသည်။

တရားမျှတသည့် ရလဒ်များထွက်ပေါ်လာစေရန် လုပ်ငန်းစဉ်အတွက် လုံလောက်သောအချိန်နှင့် အရင်းအမြစ်များ ပေးပါ။

**ကုစားရန် အခွင့်အရေး**

နိုင်ငံတကာ ဥပဒေအရ လူ့အခွင့်အရေးချိုးဖောက်ပါက နစ်နာသူ(များ) အတွက်လျော်ကြေးပေးရန် အခွင့်အရေးရှိ စေပါသည်။ လျော်ကြေးပေးခြင်းသည် နစ်နာသူများ၏ခံစားရသည့်ဒုက္ခများကို သက်သာစေရန်နှင့် တရားမျှတမှုကို "မှားယွင်းစွာ ဆောင်ရွက်ခဲ့မှုများကြောင့် ဖြစ်လာနိုင်သည့်အကျိုးဆက်အတိုင်းအတာကို ဖယ်ရှားခြင်း သို့မဟုတ် ပြန်လည်ဖြေရှင်းပေးခြင်းအားဖြင့် လည်းကောင်း အကြမ်းဖက်မှုများအား တားဆီးခြင်းနှင့် လျှော့ချခြင်း များအားဖြင့်" ရရှိစေရန် ရည်ရွယ်ပါသည်။ လူ့အခွင့်အရေးဥပဒေတွင် ထိရောက်သော ကုစားမှုများရရှိရေးသည် အခြားသူများက အသိအမှတ်ပြုထားသည့်အခွင့်အရေးများကို ဖြည့်ဆည်းပေးရေးအတွက် အခွင့်အရေးတစ်ရပ်ဖြစ်ပါသည်။ ကုစားမှုများ တွင် - မြေပြန်လည်အစားထိုးပေးခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ ဖြည့်ဆည်းပေးခြင်းနှင့် ထပ်မံမ ဖြစ်ပွားရေးအတွက် အာမခံချက်ပေးခြင်းတို့ ပါဝင်ပါသည်။

ရင်းမြစ် - MacKay, 2002

အားလုံးပါဝင်သည့်မြေပုံထုတ်ခြင်း၊ မြေယာအခွင့်အရေးများနှင့် မြေအသုံးချပုံသတ်မှတ်ခြင်း၊ ကိုယ်စား ပြုသည့်လုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ရေးနှင့် လျော်ကြေးငွေပေးရန် ယန္တရားများ ဖန်တီးခြင်း တို့ ပါဝင်နိုင်သည့် FPIC လုပ်ငန်းစဉ် အဆင့်များကို လိုက်နာပါ။


လုပ်ငန်းလည်ပတ်မှုများကို ဆိုင်းငံ့ထားခြင်း။ ကုမ္ပဏီများသည် စီမံကိန်းဧရိယာအတွင်း အငြင်းပွားမှု ဖြေရှင်းရေးကာလနှင့် ကုစားမှုရရှိရေး လုပ်ငန်းစဉ် အတွင်း လုပ်ငန်းလည်ပတ်မှုအားလုံးကို ဆိုင်းငံ့ထား ခြင်းဖြင့် အပြန်အလှန်ယုံကြည်မှု ပြန်လည်တည်ဆောက်နိုင်ရန် အကူအညီပေးနိုင်ပါသည်။ ယင်းသည် မြေယာစေ့စပ်ညှိနှိုင်းရေးများအား ရပ်တံ့ဖြင်း နှင့်/သို့ သိမ်းဆည်းထားသည့်မြေပေါ်သို့ ဝင်ရောက်ခြင်း အား ရပ်တံ့ခြင်းကို ဆိုလိုနိုင်ပါသည်။ အငြင်းပွားမှုဖြစ်ပွားစဉ်တွင်း လုပ်ငန်းလည်ပတ်မှု ဆိုင်းငံ့ခြင်းတွင်

နောက်ဆုံး စီမံကိန်းသဘောတူညီချက်အတွင်း ဝါစက တစ်ခုအဖြစ် ပါဝင်သင့်ပါသည်။
ကုစားရေးအတွက် ဖြစ်နိုင်သည့်ပုံစံများမှာ -

- ရပ်ရွာလူထု သဘောတူညီမှုမရှိဘဲ သိမ်းယူထားသော သို့မဟုတ် ထိခိုက်နစ်နာသည့် မြေယာများ၊ နယ်နိမိတ်များနှင့် အရင်းအမြစ်များ၊ အခြားသော ပိုင်ဆိုင်မှုများ နှင့် ဒြပ်မဲ့ အရင်းအမြစ်များ အား ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် အစားထိုးပေးခြင်း။
- ထိခိုက်ပျက်စီးသည့် ဂေဟစံနစ်များ နှင့်/သို့ အရင်းအမြစ်များအား ပြန်လည်တည်ဆောက်ခြင်း၊
- အခွင့်အရေးများ လျော့ပါးမှုအတွက် ငွေပေးချေခြင်း၊
- လုပ်ကွက်ငယ်များနှင့် အလုပ်သမားများအတွက် အကျိုးကျေးဇူးများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်း။
- မြေယာများ သို့မဟုတ် မြေအသုံးပြုမှုများ စွန့်လွှတ်မှုအတွက် ငွေနှင့် ပစ္စည်း ပြန်လည်ပေးလျော်ခြင်း၊
- ပျက်စီးဆုံးရှုံးမှုများနှင့် အခွင့်အရေးများချိုးဖောက်မှုများအတွက် လျော်ကြေးပေးခြင်း၊
- အသက်မွေးလုပ်ငန်းနှင့် ဝင်ငွေများ ဆုံးရှုံးခြင်းအတွက် လျော်ကြေးပေးခြင်း၊
- ဒြပ်မဲ့အမွေများ ဆုံးရှုံးမှုအတွက် လျော်ကြေးပေးခြင်း၊
- လျော်ကြေးရရှိရေး၊ စေ့စပ်ညှိနှိုင်းရေးနှင့် အကြံဉာဏ်ရယူရေး အတွက် ချိတ်ဆက်ဆောင်ရွက်ခြင်း တို့အတွက် ကုန်ကျစရိတ် ပေးခြင်း၊
- အငြင်းပွားသည့် ဧရိယာတွင် လုပ်ငန်းလည်ပတ်မှုအစဉ် ဆိုင်းငံ့ခြင်း နှင့်/သို့ FPIC လုပ်ငန်းစဉ်တစ်ရပ်၏ လိုအပ်ချက်အားလုံး ပါဝင်သည့် အသစ်စေ့စပ်ညှိနှိုင်းထားသည့် သဘောတူညီချက်အသစ်နှင့် အညီ ဆက်လက်ဆောင်ရွက်ခြင်း တို့အတွက် သဘောတူညီမှု၊
- ထပ်မံမဖြစ်ပွားရေးအတွက် တရားဝင် အာမခံချက်များ၊
- ထပ်မံဖြစ်ပွားပါက တရားဝင်လုပ်ငန်းစဉ်များနှင့် အရေးယူပိတ်ဆို့မှုများ၊ စသည်တို့ဖြစ်ပါသည်။


အဖွဲ့အားလုံးရယူသုံးစွဲနိုင်မည့် ပုံစံများနှင့် ဘာသာစကားများအားဖြင့် ကုစားရေးလုပ်ငန်းစဉ်များကို မှတ်တမ်းတင်ပါ။

# နောက်ဆက်တွဲ




FPP, 2008 နှင့် Anderson, P. 2011 တို့အား ကိုးကားသည်

# နောက်ဆက်တွဲ ၁-
# FPIC အား လေးစားလိုက်နာခြင်း လုပ်ငန်းစဥ်အတွက် အကြံပြု အဆင့်များ



# နောက်ဆက်တွဲ ၂ - **အသုံးဝင်သည့် မေးခွန်းများ**

## ဌာနေတိုင်းရင်းသား ပြည်သူများနှင့် ဒေသခံ ရပ်ရွာလူထုတို့ မိမိကိုယ်ကိုမိမိ မေးရန် မေးခွန်းများ -

- မည်သည့် စီမံကိန်းဖြစ်သနည်း? မည်မျှကြီးသနည်း? ၎င်းကို မည်သည့်အချိန်တွင် မည်သည့်နေရာ၌ တည်ထောင်မည်နည်း?
- အဆိုပြုထားသည့် ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ကိုင်မည့်သူ သင်နှင့်ဆက်သွယ်ပြီးပါပြီလား?
- စီမံကိန်းလုပ်ကိုင်မည့်သူ မည်သည့်ရပ်ရွာလူထု အဖွဲ့အစည်းများနှင့် ဆက်သွယ်မှုရှိပါသနည်း?
- ရပ်ရွာလူထု ၎င်းတို့အား ကိုယ်စားပြုမည့်အဖွဲ့အစည်းများအတွက် လွတ်လပ်စွာရွေးချယ်ခွင့်ရှိပါသလား? သို့မဟုတ် ၎င်းတို့ကို အစိုးရက
- တင်သွင်းခြင်း လား၊ သို့မဟုတ် ကြားခံအဖွဲ့အစည်းက သို့မဟုတ် ကုမ္ပဏီက ရွေးချယ်ခြင်းလား?
- စီမံကိန်းလုပ်ကိုင်သူက သင့်မြေယာလုပ်ပိုင်ခွင့်အတိုင်းအတာ အကဲဖြတ်မှုကို ဥပဒေပြဋ္ဌာန်းချက်အရ ပြုလုပ်ခြင်းလား၊ ဓလေ့ထုံးတမ်းအရလား?
- စီမံကိန်း လုပ်ကိုင်သူသည် သင့်မြေယာအခွင့်အရေး သို့မဟုတ် မြေယာတောင်းခံမှုကို နားလည်သဘောပေါက် ခြင်း လိုက်နာခြင်းရှိပါသလား?
- အားလုံးပါဝင်ခွင့်ရသည့် မြေပုံထုတ်ခြင်းကို သင့်အခွင့်အရေးအတိုင်းအတာကို ဖော်ထုတ်သတ်မှတ်ရန် ဒေသခံ ရပ်ရွာလူထု၏ ညွှန်ကြားချက်နှင့်အညီဆောင်ရွက်ပါသလား?
- ဓလေ့ထုံးတမ်းအခွင့်အရေးနယ်ပယ်များ၏ နယ်နိမိတ်များ၏ အတိုင်းအတာနှင့်စပ်လျဉ်း၍ ဒေသခံရပ်ရွာလူထုနှင့် သဘောတူညီချက် ရရှိပြီးဖြစ်ပါသလား?
- ဓလေ့ထုံးတမ်းမြေဧရိယာသည် စီမံကိန်းလုပ်ဆောင်မည့်သူကိုင်ဆောင်ထားသည့် ဧရိယာများနှင့် ထပ်နေပါသလား?
- လူမှုရေးနှင့် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုအကဲဖြတ်ခြင်းကို တွေ့ပါသလား?
- သင့်ရပ်ရွာလူထု လူမှုရေးနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု အကဲဖြတ်ခြင်းများတွင် ပါဝင်ခဲ့ပါသလား?
- တွေ့ရှိချက်များကို သဘောတူညီပါသလား? မတူညီပါက သင့်စိုးရိမ်မကင်းဖြစ်မှုများက အဘယ်နည်း?
- အကျိုးသက်ရောက်မှုအကဲဖြတ်ခြင်းများက ငှားရမ်းခြင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်း များ ပြုလုပ်စဥ် သင့်မြေယာများ၏ တရားဝင်မှုအနေအထား မည်ကဲ့သို့ပြောင်းလဲမည်ကိုလည်းကောင်း၊ ငှားရမ်းမှု သို့မဟုတ် လုပ်ငန်းလည်ပတ်မှု ကြာရှည်နိုင်မည့်ကာလ နှင့် ငှားရမ်းခြင်း သို့မဟုတ် လုပ်ငန်းလုပ်ကိုင်မှု သက်တမ်းကုန်ဆုံးပြီးနောက် တရားဝင်မှု အနေအထား စသည်တို့ကို ရှင်းလင်းစွာ ဖော်ပြထားပါသလား?

- အဆင့်မြင့်ထိန်းသိမ်းစောင့်ရှောက်မှုတန်ဘိုး အကဲဖြတ်ခြင်းပြုလုပ်သည်ကို တွေ့ရှိပါသလား?
- သင့်ရပ်ရွာလူထု အဆင့်မြင့်ထိန်းသိမ်းစောင့်ရှောက်မှုတန်ဘိုး အကဲဖြတ်ခြင်းတွင် ပါဝင်ပါသလား?
- တွေ့ရှိချက်များကို သဘောတူညီပါသလား? ရေချို ကဲ့သို့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ဆောင်မှုများ အတွက် လုံလောက်သော မြေဧရိယာကို ဖယ်ထားသည်ဟု ခံစားရပါသလား ( စိုက်ပျိုးခြင်း သို့မဟုတ် ရှင်းလင်းခြင်း မပြုဘဲနှင့်)? ဘာသာရေးနှင့်ဆိုင်သော နေရာများ၊ သင်္ချိုင်းများ နှင့် အထွဋ်အမြတ်ထားရာ နေရာ များကဲ့သို့သော မြေဧရိယာများသည် သင့်အတွက် အရေးကြီးပါသလား? သင့်စားနပ်ရိက္ခာကဲ့သို့သော အခြေခံလိုအပ်ချက်နှင့် သင့်စားဝတ်နေရေးအတွက်အခြားသော အရေးကြီးသည့်အစိတ်အပိုင်းများအတွက် အရေးကြီးပါသလား?
- ရပ်ရွာလူထုအတွက် မည်သည့်သတင်းအချက်အလက်များ ရရှိနိုင်ပါသနည်း? သင်နားလည်သည့် ဘာသာစကားနှင့် သင့်တော်သော ပုံစံဖြစ်ပါသလား?
- FPIC အပါအဝင် သင့်အခွင့်အရေးများအကြောင်း ဘာသိထားသနည်း? သင့်တရားဝင်အခွင့်အရေးများ အကြောင်း ပိုမိုသိရှိပါက အကျိုးရှိနိုင်မည်ဟု ထင်ပါသလား?
- ရပ်ရွာလူထုနှင့် လျှော်ချခြင်း၊ စောင့်ကြည့်ခြင်း၊ အကျိုးအမြတ်ခွဲဝေခြင်းနှင့် လျော်ကြေးပေးသည့် အစီအစဉ်များအကြောင်း ဆွေးနွေးမှုများ ရှိပါသလား?
- ရပ်ရွာလူထု ၎င်းတို့၏မြေယာအပေါ် ဖော်ဆောင်မည့် အဆိုပြုထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖိနှိပ်ခြင်း သို့မဟုတ် ဖိအားပေးခြင်း မရှိဘဲ စဉ်းစားနိုင်ရန် မည်သည့်အစီအမံများ ပြုလုပ်ထားပါသနည်း?
- အစည်းအဝေးများကို ရပ်ရွာလူထုက ရွေးချယ်သည့် နေရာများတွင် ပြုလုပ်ခြင်း ဖြစ်ပါသလား? ထိုအစည်းအဝေးများ၌ ပြည်သူလူထု ၎င်းတို့၏အတွေးများကို လွတ်လပ်စွာ ပြောဆိုကြပါသလား?
- ကုမ္ပဏီအနေနှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်ဆုံးဖြတ်ချက်မချမီနှင့် အစိုးရထံမှ ခွင့်ပြုချက်မရမီ ကြိုတင်၍ ထိုဖွံ့ဖြိုးရေးစီမံကိန်းအား အသဘောတူညီမှုရှိ-မရှိ မေးမြန်းပါသလား?
- စိုက်ခင်းတည်ထောင်ရန်အတွက် ကုမ္ပဏီနှင့်စေ့စပ်ညှိနှိုင်းသည့်အခါတွင် ရပ်ရွာလူထုကိုယ်စားလှယ်များ ဆုံးဖြတ်ချက်ချရန်အတွက် အချိန်နှင့် နယ်ပယ်တို့သည် ၎င်းတို့ကိုယ်ပိုင်ရွေးချယ်မှုအားဖြင့်လား သို့မဟုတ် ဓလေ့ထုံးတမ်းစံနစ်များအားဖြင့် ဖြစ်ပါသလား?
- ရပ်ရွာလူထုအတွင်း သဘောတူညီချက်ရရှိစေရန် အသေးစိတ်လွတ်လပ်စွာ ဆွေးနွေးခွင့်ရှိပါသလား? ရလဒ်အနေနှင့် တရားဝင်ညှိနှိုင်းချုပ်ဆိုသည့် စာချုပ် ထွက်ပေါ်လာပါသလား?
- ရပ်ရွာလူထုသည် ဥပဒေရေးရာ အကြံပြုချက် လွတ်လပ်စွာ ရယူနိုင်ပါသလား သို့မဟုတ် ၎င်းတို့၏ရွေးချယ်မှုတွင် ဒေသခံ NGO များ ပါဝင်ပါသလား?
- ရပ်ရွာလူထုအနေနှင့် စီမံကိန်းအတွက် မြေအသုံးချမှုကို သဘောတူညီခဲ့ပါသလား?
- ထိုသဘောတူစာချုပ်မိတ္တူ ရှိပါသလား? မရှိပါက သင်ယုံကြည်ရသူတစ်ဦးထံတွင် ရှိပါသလား?

- သဘောတူညီချက် ရရှိပါက လူတိုင်းက မျှတသည်ဟုထင်ပါသလား? သဘောတူညီချက်အား ထိခိုက်နစ်နာသည့် မိသားစုများ၊ အိမ်ထောင်စုများနှင့် ရပ်ရွာလူထု အားလုံး အပြည့်အဝ ထောက်ခံပါသလား?
- ပြည်သူများအား မျှတစွာလျော်ကြေးပေးထားပါသလား? စာချုပ်တစ်ရပ်ရပ်နှင့်အညီ အကျိုးအမြတ် ပေးထားပါသလား?
- ရပ်ရွာလူထုများအကြား ဆန့်ကျင်မှုများ ရှိပါသလား? ရပ်ရွာလူထုတွင်း သဘောတူညီချက်ကို မထောက်ခံသူရှိပါသလား? အဘယ်ကြောင့်နည်း? (မေတ္တာရပ်ခံပါက ဖြေဆိုသူများအား အမည်မဖော်လိုသူအဖြစ်ထားရှိပေးပါရန်၍အချက်အား ကောင်းစွာဂရုပြုရပါမည် … )
- ရပ်ရွာလူထုများအကြား မဖြေရှင်းရသေးသော မြေယာပဋိပက္ခများ ရှိပါသလား?
- ရပ်ရွာလူထုအကြား မပြေလည်သေးသည် မြေယာပဋိပက္ခများ ရှိပါသလား? ဒေသခံပြည်သူများ သို့မဟုတ် ရပ်ရွာလူထုနှင့် ကုမ္ပဏီ သို့မဟုတ် အစိုးရ တို့အကြားတွင် ရှိပါသလား?
- ထိုပဋိပက္ခများအား ဖြေရှင်းရန် ယန္တရား ရှိပါသလား?
- ထိုယန္တရားများသည် သက်ဆိုင်ရာအဖွဲ့အားလုံးအတွက် လက်ခံနိုင်ဘွယ်ရှိပါသလား? ထိရောက်မှုရှိပါသလား?
- စီမံကိန်းမှ သင့်ရပ်ရွာအတွက် မည်သည့်အကျိုးရှိပါသနည်း?
- စီမံကိန်းမှ သင့်ရပ်ရွာအတွက် မည်သည့်ဆိုးရွားမှု ဖြစ်မည်နည်း?
- အကျိုးကျေးဇူးများကို ဂတိပေးထားခြင်းသည် ယာယီအတွက် သို့မဟုတ် အမြဲတမ်းအတွက် ဖြစ်ပါသလား? သင်ဘာကို သက်သေပြမည်နည်း?
- ကုမ္ပဏီပြန်လည်ထွက်ခွါသွားပါက သင့်ဓလေ့ထုံးတမ်းမြေယာအပေါ် မည်ကဲ့သို့ဖြစ်မည်နည်း?
- စီမံကိန်းကြောင့် သင့်အား နေရာပြန်လည်ချထားခြင်း ခံရမည်လား။ သို့ဖြစ်ပါက မည်ကဲ့သို့နည်း မည်သည့်နေရာနည်း?
- စီမံကိန်းကြောင့် သင်စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်းအပေါ် မည်သို့သက်ရောက်မှုရှိမည်နည်း?
- သင်အသုံးပြုနေသောမြေယာသည် သင့်အတွက် အဘယ်ကြောင့် အရေးကြီးပါသနည်း?
- စီမံကိန်းကြောင့် သင့်ဝန်းကျင်မည်ကဲ့သို့ သက်ရောက်မှုရှိမည်နည်း?
- သင့်ဓလေ့ထုံးတမ်းအခွင့်အရေး၊ မြေသုံးချမှုနှင့် သဘာဝအရင်းအမြစ်များကား အဘယ်နည်း?
- ရပ်ရွာလူထုအနေနှင့် သင့်လိုအပ်ချက်များကား အဘယ်နည်း? မည်သည့်လိုအပ်ချက်များက အရေးအကြီးဆုံးနည်း? မည်သည်တို့က အရေးမကြီးပါသနည်း?
- သင့်ရပ်ရွာမှ မည်သူက သဘာတူညီမှုပေးပါသနည်း? သင့်ကိုယ်စားလှယ်များက တာဝန်ခံမှုရှိသည်ဟု သင်ခံစားရပါသလား?

- စီမံကိန်းလုပ်ဆောင်သူသည် လူ့အခွင့်အရေး၊ ပတ်ဝန်းကျင်၊ ကျား-မရေးရာ နှင့် လူမှုရေး သက်ရောက်မှု အကဲဖြတ်ခြင်း ပြုလုပ်ပါသလား? ထိုအကဲဖြတ်မှုများတွင် သင်ပါဝင်ခွင့် ရရှိခဲ့ပါသလား?
- စီမံကိန်းဒီဇိုင်းနှင့် အုပ်ချုပ်မှုအတွက် အကြံပေးရန် မည်သည့်အခွင့်အရေး ရပါသနည်း?
- စီမံကိန်းတွင် မည်သူက တာဝန်ရှိ နှင့်/သို့ ပါဝင်ပါသနည်း? (ယင်းတွင် ပြည်တွင်း သို့မဟုတ် ပြည်ပ အစိုးရများ၊ ပြည်တွင် သို့မဟုတ် နိုင်ငံတကာ ကုမ္ပဏီများ၊ ဒေသအာဏာပိုင်များ နှင့် ဘဏ်များ သို့မဟုတ် နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများ ပါဝင်နိုင်ပါသည်။)
- စီမံကိန်းလုပ်ဆောင်သူ၏ သမိုင်းနှင့် ဂုဏ်သတင်းအကြောင်း သင်ဘာသိရှိသနည်း?
- အစိုးရနှင့် ကုမ္ပဏီတွင် သင့်စိုးရိမ်မကင်းမှုများကို မည်သူ့ထံတင်ပြရမည်ကို သိရှိပါသလား?
- စီမံကိန်းအကြောင်း လွတ်လပ်သောသတင်းအချက်အလက် မည်သည့်နေရာမှ ရနိုင်သနည်း?
- သတင်းအချက်အလက် လုံလောက်စွာရရှိသည်ဟု ထင်ပါသလား? ထိုသတင်းအချက်အလက်များသည် သင့်အတွက် အဓိပ္ပါယ်ရှိပြီး အသုံးဝင်သည့်နည်းလမ်းဖြင့် ရရှိပါသလား?
- ဆုံးဖြတ်ချက်ချရန်အတွက် သင်အချိန်လုံလောက်စွာ ရရှိသည်ဟု ခံစားရပါသလား?
- စေ့စပ်ညှိနှိုင်းခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့အတွက် သင်လုံလောက်စွာပါဝင်ခွင့်ရသည်ဟု ခံစားရပါသလား?
- သင့်မြေယာများ ဆုံးရှုံးရပါက လျော်ကြေးအဖြစ် မည်သည့်အရာ တောင်းဆိုမည်နည်း?
- အထွဋ်အမြတ်ထားရာမြေများနှင့် ဓလေ့ထုံးတမ်း အစဉ်အလာများ ကဲ့သို့သော ယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးဆုံးရှုံးမှုအတွက် သင့်တော်သောလျော်ကြေးအဖြစ် သင့်မည်သို့ရှုမြင်သနည်း?
- လွတ်လပ်သော သတင်းအချက်အလက် အရင်းအမြစ် ရယူသုံးစွဲခွင့်သင့်ထံတွင် ရှိပါသလား?
- သင့်ရပ်ရွာတွင် ယခင်က ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အတွေ့အကြုံရှိပါသလား? ယင်းမှ မည်သို့သင်ခန်းစာများ ရရှိပါသနည်း?
- သင့်နိုင်ငံ၌ ဥပဒေများအရ သင့်အခွင့်အရေးများကို သင်နားလည်သည်ဟု ခံစားရပါသလား?
- သင့်ရပ်ရွာတွင် မည်သည့်ဆုံးဖြတ်ချက်ချခြင်းနှင့် စေ့စပ်ညှိနှိုင်းခြင်း ပုံစံများ ရှိပါသနည်း?
- သင်တို့၏သဘောတူညီချက်များအား ကုမ္ပဏီ၊ အစိုးရအာဏာပိုင်များနှင့် သင့်ရပ်ရွာလူထုတို့က ချိုးဖောက်ပါက သင်ဘာလုပ်နိုင်မည်နည်း?
- စီမံကိန်းကို ၁၀ နှစ် သို့မဟုတ် ၂၀ နှစ် ဆန့်ကျင်ပါက မည်သို့ဖြစ်လာနိုင်သနည်း?

## ကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံသူများ မိမိကိုယ်ကို မိမိမေးရန် မေးခွန်းများ -

- ရည်ရွယ်ထားသည့် စီမံကိန်းဧရိယာအတွင်း လူနေထိုင်မှုရှိပါသလား? ရှိပါက မြေအပေါ်တွင် မည်သည့် တောင်းဆိုမှုများ၊ အခွင့်အရေးများနှင့် အသုံးပြုမှုများ ရှိပါသနည်း?
- တိုင်းပြည်၏ သမိုင်းကြောင်းနှင့် နိုင်ငံရေးအခြေအနေကား အဘယ်နည်း? ယင်းက ဒေသခံလူထုနှင့် ၎င်းတို့၏မြေယာပတ်သက်မှု တို့အပေါ် မည်သို့ သက်ရောက်ခဲ့မှု နှင့် သက်ရောက်ဆဲ ရှိပါသနည်း?
- မြေ၏ တရားဝင်မှုအခြေအနေ မည်သို့ရှိသနည်း? သင်ယင်းကိုတောင်းဆိုပါက မည်သို့ ပြောင်းလဲမှုရှိမည်နည်း?
- မြေယာသိမ်းဆည်းမှုနှင့်ပတ်သက်၍ အမျိုးသား ဥပဒေများကို သင်ရှင်းလင်းစွာ နားလည်သဘောပေါက်ပါသလား?
- သင့်လုပ်ငန်းတွင် စေတနာ့ဝန်ထမ်း စံချိန်စံညွှန်း အပေါ် အမျိုးသား ဥပဒေများက မည်သည့်အတိုင်းအတာအထိ အထောက်အပံ့ ဖြစ်ပါသနည်း? အစိုးရအာဏာပိုင်များက ထိုစေတနာ့ဝန်ထမ်း စံချိန်စံညွှန်း များအကြောင်း မည်မျှသိရှိပါသနည်း?
- သင်လုပ်ကိုင်သည့်နိုင်ငံတွင် မည်သည့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများကို လက်မှတ်ရေးထိုး၊ ထပ်ဆင့်ထောက်ခံ နှင့်/သို့ အတည်ပြု ထားပါသနည်း?
- အခြား ကုမ္ပဏီများ၏ FPIC လုပ်ငန်းစဉ်တစ်ရပ်အကောင်အထည်ဖော်မှု သို့မဟုတ် မဖော်နိုင်မှုမှ သင်မည်သည့်သင်ခန်းစာ ရရှိပါသနည်း?
- ရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်းကို အကာအကွယ်ပေးရန် မည်သည့် လျော်ကြေးပေးမှုနှင့် လျှော့ချရေးအစီအစဉ် ပုံစံများ ကိုသင်စဉ်းစားထားပါသနည်း?
- အလုပ်အကိုင်အခွင့်အရေးများကို ဒေသခံပြည်သူများထံ ပေးနိုင်ပါမည်လား။ ပေးမည်ဆိုပါက မည်သည့်စည်းကမ်းချက် များနှင့် အညီပေးမည်နည်း?
- သင့်ကုမ္ပဏီတွင် လုပ်ငန်းစဉ်အတွက် ရှင်းလင်း၍ လိုက်နာရန်တာဝန်ရှိသည့် FPIC မူဝါဒ ရှိပါသလား? စီမံကိန်းရေးဆွဲရေးနှင့် စီမံကိန်းလုပ်ငန်းစက်ဝန်းတစ်လျှောက် ဆက်သွယ်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးအတွက် ဆောင်ရွက်ဆဲ၊ အပြန်အလှန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်အတွက် ယင်းက မည်သို့အထောက်အကူဖြစ်မည်နည်း?
- နိုင်ငံနှင့် ဒေသခံပြည်သူများသည် မည်သည့်ဘာသာစကားကို အသုံးပြုကြပါသနည်း? ရပ်ရွာလူထုက ပညာမတတ်ပါက သတင်းအချက်အလက်ကို မည်သို့ပေးပြီး မှတ်တမ်းတင်မည်နည်း?
- FPIC လုပ်ငန်းစဉ်တွင် ဆုံးဖြတ်ချက်ချခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းနှင့် သဘောတူညီချက်ခံယူခြင်း များကို ဓလေ့ထုံးတမ်းနည်းလမ်းများဖြင့် မည်သို့ထည့်သွင်းစဉ်းစားမည်နည်း?
- လူမှုရေးနှင့် ပတ်ဝန်းကျင်အကဲဖြတ်မှု အစီအစဉ်ရှိပါသလား? ရှိပါက ဒေသခံပြည်သူများ မည်သို့ပါဝင်နိုင်မည်နည်း?
- မေတ္တာရပ်ခံသည့်နေရာတွင် ဒေသခံလူထုနှင့် NGO များအတွက် သတင်းအချက်အလက်များကို သင့်တော်သော ပုံစံများနှင့် ဘာသာစကားများဖြင့် အဆင်သင့်ရနိုင်ရန် မည်ကဲ့သို့

ဆောင်ရွက်မည်နည်း?

- သင်နှင့် ရပ်ရွာလူထုအကြား စောင့်ကြည့်၊ အကဲဖြတ်မှု သဘောတူညီချက် ရရှိအောင် ဆောင်ရွက်ရန် မည်သူ့ထံတွင် တာဝန်ရှိသနည်း?
- FOIC လုပ်ငန်းစဉ်တွင် ရင်းနှီးမြှု်ပနှံရန် မည်သည့်ရင်းနှီးမြှုပ်နှံမှုနှင့် အချိန်မည်မျှ ပြင်ဆင်ထားသနည်း?
- သင်မည်သည့် ရပ်ရွာလူထုကိုယ်စားလှယ်များနှင့် ဆက်သွယ်မည်နည်း? ၎င်းတို့ကို မည်သူတို့က ရွေးချယ်ထားသနည်း?
- ဒေသခံပြည်သူလူထု လွတ်လပ်သောသတင်းအရင်းအမြစ်ရရှိစေရန် မည်သည့်ပံ့ပိုးကူညီမှု၊ ငွေကြေး သို့မဟုတ် အခြား အကူအညီပေးရန် သင်ပြင်ဆင်ထားပါသနည်း?
- ဒေသန္တရနှင့် အမျိုးသား NGO များနှင့် ဓလေ့ထုံးတမ်းအခွင့်အရေးများနှင့် မြေယာအခွင့်အရေးနှင့် လုပ်ပိုင်ခွင့်များကျွမ်းကျင်သူများအကြား ဆွေးနွေးတိုင်ပင်ပြီးဖြစ်ပါသလား?
- ရပ်ရွာလူထုအား သင့်စီမံကိန်းသဘောသဘာဝနှင့် ရေတို-ရေရှည်အကျိုးသက်ရောက်မှု ကောင်းကျိုး၊ဆိုးကျိုးများ အကြောင်း အပြည့်အဝသတင်းပေးရန် မည်သို့ဆောင်ရွက်မည်နည်း?
- ကွင်းဆင်းဆောင်ရွက်မည့်သူများအား FPIC လုပ်ငန်းစဉ်နှင့် သင့်လုပ်ငန်းအတွက် စေတနာ့ဝန်ထမ်း စံချိန်စံညွှန်းများ ဆိုင်ရာ မည်သို့သင်တန်းပေးရန် စီစဉ်ထားသနည်း?
- အငြင်းပွားမှုများ ပေါ်ပေါက်ပါက မည်သို့ဖြေရှင်းမည်နည်း။ မည်သူက ဖြေရှင်းမည်နည်း?

## အစိုးရအရာရှိများ မိမိကိုယ်ကို မိမိ မေးရန် မေးခွန်းများ -

- ရည်ရွယ်ထားသည့်ဧရိယာတွင် မည်သူတို့နေထိုင်ကြသနည်း။ အမျိုးသားနှင့် နိုင်ငံတကာ ဥပဒေများအရ ၎င်းတို့၏ တရားဝင်နှင့် အလွတ်သဘော အဆင့်အတန်းနှင့် အခွင့်အရေးများကား အဘယ်နည်း?
- ပါဝင်သည့် ကုမ္ပဏီများ အားခြေရာခံထားသည့်မှတ်တမ်းကား အဘယ်နည်း? ၎င်းတို့ မည်သည့်စေတနာ့ဝန်ထမ်း အဆင့်အတန်းများကိုလိုက်နာကြသနည်း?
- သင့်နိုင်ငံက မည်သည့်နိုင်ငံတကာစာချုပ်များကို လက်မှတ်ရေးထိုး၊ ထပ်ဆင့်ထောက်ခံ သို့မဟုတ် အတည်ပြုထားပါသနည်း? ယင်းတို့ကို နိုင်ငံ့ဥပဒေများနှင့် ကိုက်ညီအောင် သို့မဟုတ် ပေါင်းစပ် ထားသနည်း?
- ဒေသခံလူထုအား မည်သူက ကိုယ်စားပြုသနည်း? ထိုကိုယ်စားလှယ်များအား မည်ကဲ့သို့ ရွေးချယ်ထားသနည်း?
- စာချုပ်လက်မှတ်ရေးထိုးခြင်းမပြုမီ ဒေသခံပြည်သူများအား စေ့စပ်ညှိနှိုင်းမှုများနှင့် ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းစဉ်များ အကြောင်း မည်မျှကြိုတင်သတင်းပေးထားသနည်း?
- ရည်ရွယ်ထားသည့် စီမံကိန်းဧရိယာ၏ တရားဝင်အဆင့်အတန်းကိုဖော်ပြပါ။ ယင်းသည် မည်သည့်တရားစီရင်မှုအောက်တွင် ကျရောက်သနည်း?

- အငှားစာချုပ် သက်တမ်းကုန်ဆုံးပါက မြေတွင် မည်သို့ဖြစ်မည်နည်း? ဒေသခံပြည်သူထို့ထံ ရှင်းပြထားပြီးပါပြီလား?
- စီမံကိန်းက ဒေသခံပြည်သူများအား မည်သို့အကျိုးပြုမည်နည်း?
- စီမံကိန်းအား သဘောတူခြင်းဖြင့် ဒေသခံပြည်သူများ မည်သို့အန္တရာယ် ရှိမည်နည်း? ၎င်းတို့အား မည်ကဲ့သို့ လျော်ကြေး ပေးမည်နည်း?
- စီမံကိန်းအကြောင်း သတင်းအချက်အလက်များ ဒေသခံပြည်သူလူထုနှင့် NGO များအတွက် သင့်တော်သည့်ပုံစံနှင့် ဘာသာစကား များဖြင့် အသင့်ရရှိအောင် မည်သို့ဆောင်ရွက်ထားသနည်း?
- မည်သည့် စေတနာ့ဝန်ထမ်း စံချိန်စံညွှန်းများကို ကုမ္ပဏီက လိုက်နာသင့်သနည်း? ယင်းတို့ကို တည်ဆဲ အမျိုးသားဥပဒေများ အရ မည်ကဲ့သို့အသုံးပြုမည်နည်း?
- အစိုးရများအနေနှင့် FPIC ကိုမည်ကဲ့သို့အကောင်အထည်ဖော်ရန် ရှင်းလင်းတင်ပြရန် အတွက် မည်သည့် စံချိန်စံညွှန်းနှင့် လုပ်ငန်းစဉ်များ ရှိပါသနည်း။ မည်သည်တို့ကိုရေးဆွဲရန် လိုအပ်ပါမည်နည်း?
- စီမံကိန်းအကျိုးကျေးဇူးများကို ဒေသခံပြည်သူများ လုံလောက်စွာ၊ အဂတိလိုက်စားမှုမရှိဘဲ ရရှိနိုင်အောင်သင်မည်ကဲ့သို့ ဆောင်ရွက်မည်နည်း?
- သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ ၎င်းတို့၏တာဝန်ဝတ္တရားများ ထမ်းဆောင်ရန် လူ့စွမ်းအား၊ ရုပ်ပိုင်းဆိုင်ရာ၊ ငွေကြေး၊ ဗဟုသုတ များ မည်သည့်အတိုင်းအတာအထိ ရှိရန်လိုအပ်သနည်း?
- ဒေသခံပြည်သူလူထု တိုင်ကြားလိုပါက တရားဝင် တရားစီရင်ရေးယန္တရားများအကြောင်း မည်မျှသိထားသနည်း။ မည်သည့် အတိုင်းအတာအထိ ရယူသုံးစွဲနိုင်သနည်း?
- ရည်ရွယ်ထားသည့် စီမံကိန်းဧရိယာတွင် မည်သည့်မြေပုံများ ရနိုင်သနည်း? ၎င်းတို့ကို ဓလေ့ထုံးတမ်း မြေယာတောင်းဆိုမှု များနှင့် အသုံးပြုမှုများအတွက် မည်မျှ ကိုယ်စားပြုနိုင်သနည်း?
- စီမံကိန်းကြောင့် ဒေသခံပြည်သူများအား ပြန်လည်နေရာချထားပေးရပါက မည်သို့ဆောင်ရွက်မည်နည်း?
- ဒေသန္တရနှင့် အမျိုးသား NGO များသည် တရားဝင်လုပ်ရှားမှုများ အကြောင်း မည်သို့သတင်းပေးနိုင်မည်နည်း? FPIC လုပ်ငန်းစဉ်တွင် ၎င်းတို့မည်သည့်အခန်းကဏ္ဍတွင် ပါဝင်နိုင်သနည်း?
- လုပ်ငန်းလည်ပတ်မှုများသည် ဒေသခံပြည်သူများ၏ အခွင့်အရေးများကို လေးစားလိုက်နာရန် မည်သည့် ပိတ်ဆို့အရေးယူမှုများ ရှိပါသနည်း? ရေးဆွဲရန်လိုအပ်ပါသနည်း?
- ကုမ္ပဏီအနေနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် စေတနာ့ဝန်ထမ်းစံချိန်စံညွှန်းများကို လိုက်နာရန် ပံ့ပိုးဖြည့်ဆည်းပေးမှုများ သို့မဟုတ် ခွင့်ပြုမှုများ ရှိရန် အစိုးရက ဘာလုပ်နေသနည်း?
- နိုင်ငံ့ဥပဒေများနှင့် မူဝါဒများက FPIC အားလေးစားလိုက်နာရန် မည်သို့ အကူအညီ သို့မဟုတ် အတားအဆီးဖြစ်စေပါသနည်း?

## NGO များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဌာနေတိုင်းရင်းသား အဖွဲ့အစည်းများ မိမိကိုယ်ကို မိမိ မေးရန် -

- သင့်အတွေ့အကြုံနှင့် ဦးတည်ချက်များက အဘယ်ကြောင့် FPIC လုပ်ငန်းစဉ်တွင် ပါဝင်နိုင်ရန်အတွက် သင့်တော်မှု၊ သက်ဆိုင်မှု ရှိစေသနည်း?
- ဒေသခံပြည်သူလူထုအတွက် လုံလောက်သောအချက်အလက်များရရှိရန် သင့်တော်သောပုံစံများနှင့် မည်သို့စုဆောင်းမည်နည်း?
- အဆိုပြုထားသည့် လုပ်ငန်းများအတွက် အခြားနည်းလမ်းများနှင့် အဆိုပြုထားသည့် လုပ်ငန်းအတွက် အရေးပါသည့်သတင်းအချက်အလက်ကို ရပ်ရွာလူထုအတွက် သင့်တော်သည့်ပုံစံများနှင့် မည်ကဲ့သို့ ပေးနိုင်မည်နည်း?
- အစိုးရနှင့် ကုမ္ပဏီများ ကဲ့သို့သော အခြားအဖွဲ့များထံသို့ သတင်းအချက်အလက်များ ရရှိစေရန် မည်ကဲ့သို့ ပြုလုပ်မည်နည်း?
- သင့်ဒေသ သို့မဟုတ် နိုင်ငံတွင် ဒေသန္တရရပ်ရွာများမှ လေ့လာထားသည့် အတွေ့အကြုံများနှင့် သင်ခန်းစာများ ဝေမျှ ခြင်းကို ပံ့ပိုးကူညီနိုင်မည့် NGO ကွန်ရက်ရှိပါသလား?
- ဒေသခံရပ်ရွာလူထု ၎င်းတို့၏အမြင်များထုတ်ဖော်ပြောရန်နှင့် နိုင်ငံရေးတွင် နေရာရစေရေး အကူအညီပေးရန် မည်သည့်စွမ်းရည်မြှင့်တင်ရေး ဆောင်ရွက်ချက်များ လုပ်ဆောင်နိုင်မည်နည်း?
- သင့်ဆောင်ရွက်ချက်များနှင့် ရည်ရွယ်ချက်များအား အခြားလုပ်ငန်းရှင်များမှ ဓမ္မဓိဋ္ဌာန်ကျစွာ၊ ပွင့်လင်းမြင်သာစွာ နှင့် တာဝန်ယူမှုရှိစွာ မည်သို့သေခြာသိရှိနိုင်မည်နည်း?
- သင့်အဖွဲ့အစည်းအား ဂရုတစ်စိုက်နှင့် လွတ်လပ်စွာ မည်ကဲ့သို့စောင့်ကြည့်နိုင်မည်နည်း?
- FPIC လုပ်ငန်းစဉ်တွင် စေ့စပ်ညှိနှိုင်းသူ သို့မဟုတ် ဖြည့်ဆည်းပေးသူအဖြစ် သင်မည်သည့် အခန်းကဏ္ဍက ပါဝင်ပါသနည်း?
- FPIC လုပ်ငန်းစဉ်အကောင်အထည်ဖော်ရာတွင် အစိုးရအရာရှိများနှင့် ကုမ္ပဏီများအား သင်မည်ကဲ့သို့ ပံ့ပိုးနိုင်မည်နည်း?
- ဒေသခံပြည်သူများအား နစ်နာကြေးပေးသည့်ယန္တရားတည်ဆောက်၊ ရယူသုံးစွဲနိုင်ရန် သင်မည်သို့ ပံ့ပိုးပေးနိုင်ပါသနည်း?
- မီဒီယာက လုပ်ငန်းဆောင်ရွက်သူများနှင့် သင့်နိုင်ငံရှိ ပိုမိုကျယ်ပြန့်သည့်ပြည်သူလူထုထံသို့ သတင်းများ တိကျစွာ မည်သည့်အတိုင်းအတာနှင့်ပေးနိုင်သည်ဟု သင်ခံစားရပါသနည်း?
- သင့်နိုင်ငံတွင် FPIC လုပ်ငန်းစဉ်အပြင် မည်သည့်ဥပဒေပြုပြင်ပြောင်းလဲမှုများနှင့် စံချိန်စံညွှန်းသတ်မှတ်သည့် လုပ်ငန်းစဉ်များ ရေးဆွဲရန် လိုအပ်သည်ဟု သင်ထင်ပါသနည်း?
- ပေးထားသည့် သို့မဟုတ် ဆုတ်ကိုင်ထားသည့် သဘောတူညီမှုသည် မေးခွန်းပါ ရပ်ရွာလူထု၏ ပိုမိုကျယ်ပြန့်သည့် အမြင်ကို ထင်ဟပ်စေရန် သင်မည်ကဲ့သို့ သေခြာအောင် ဆောင်ရွက်မည်နည်း?
- ပြည်သူ့သဘောထားခံယူမှုနှင့် စေ့စပ်ညှိနှိုင်းမှုများတွင် သင်မည်သည့်အခန်းကဏ္ဍက ပါဝင်မည်နည်း?

- ဒေသခံပြည်သူလူထု မည်မျှသိသည်၊ သတင်းအချက်အလက်အချို့ကို မည်သို့ပြင်ဆင်နိုင်မည်ဟု သင်ထင်ပါသနည်း?
- ပေးထားသည့်သဘောတူညီချက်ကို ဒေသခံပြည်သူများက လွတ်လပ်စွာ ပေးခြင်းလားသို့မဟုတ် ယင်းကို မည်သို့ သေခြာစွာသိနိုင်သနည်း?
- ကုမ္ပဏီအနေနှင့် အခြားလုပ်ငန်းလည်ပတ်မှုကို မှတ်တမ်းတင်ထားခြင်းနှင့် ကုမ္ပဏီက မည်သည့်စေတနာ့ဝန်ထမ်း စံချိန်စံညွှန်းများကို လိုက်နာသည်ကို သင်မည်ကဲ့သို့သိရှိနိုင်သနည်း?
- ဒေသခံပြည်သူလူထု အမျိုးသားနှင့် နိုင်ငံတကာဥပဒေများအရ ၎င်းတို့၏အခွင့်အရေးများကို မည်သည့်အတိုင်းအတာအထိ သိရှိပါသနည်း? ၎င်းတို့၏ FPIC ကို နားလည်မှုနှင့်ထိုအသိပညာမြှင့်တင်ပေးရန် မည်သည့် သင်တန်းများပေးနိုင်သနည်း?

# နောက်ဆက်တွဲ ၃ - **ကိုးကားစာရင်းနှင့် ဆက်လက်ဖတ်ရှုရန် စာအုပ်စာတမ်းများ**


**Amazon Watch.** 2011. *The right to decide: the importance of respecting free, prior and informed consent*. San Francisco & Washington, DC.

**Anderson, P.** 2011. *Free, prior, and informed consent: principles and approaches for policy and project development.* Bangkok, The Center for People and Forests (RECOFTC) & Deutsche Gesellschaft für Internationale Zusammenarbeit (GIZ).

**Barsh, R.L. & Bastien, K.** 1997. *Effective negotiation by indigenous peoples: an action guide with special reference to North America.* Geneva, International Labour Organization.

**CBD.** 2004. Akwe: *Kon voluntary guidelines for the conduct of cultural, environmental and social impact assessments regarding developments proposed to take place on, or which are likely to impact on, sacred sites and on lands and waters traditionally occupied or used by indigenous and local communities.* Montreal, Secretariat of the Convention on Biological Diversity.

**Colchester, M.** 2010. *Free, prior and informed consent: making FPIC work for forests and peoples.* The Forests Dialogue, Research Paper No. 11. New Haven, Connecticut, USA, Yale.

**Edwards, K., Triraganon, R., Silori, C. & Stephenson, J.** 2012. *A training manual: putting free, prior, and informed consent into practice in REDD+ initiatives.* The Center for People and Forests (RECOFTC), the Institute for Global Environmental Strategies (IGES) and the Norwegian Agency for Development Cooperation (Norad).

**EMRIP.** 2011. *Expert Mechanism advice no. 2 (2011): indigenous peoples and the right to participate in decision-making.* Geneva, The Expert Mechanism on the Rights of Indigenous Peoples.

**FAO.** 2009. *Participatory land delimitation: an innovative development model based upon securing rights acquired through customary and other forms of occupation,* by C. Tanner, P. de Wit and S. Norfolk. Land Tenure Working Paper 13. Rome.

**FAO.** 2010. *FAO Policy on Indigenous and Tribal Peoples*. Rome.

**FAO.** 2012. *Voluntary guidelines on the responsible governance of tenure of land, fisheries and forests in the context of national food security*. Rome.

**FAO.** 2013. *Governing land for women and men: a technical guide to support the achievement of responsible gender-equitable governance of land tenure.* Governance of tenure technical guide No. 1. Rome.

**Forest Carbon Partnership Facility & UN-REDD Programme.** 2011. *Draft guidelines on stakeholder engagement in REDD+ readiness with a focus on the participation of indigenous peoples and other forest-dependent communities.*

**Forest Peoples Programme.** 2008. *Free, prior and informed consent and the roundtable on sustainable palm oil: a guide for companies.* Moreton-in-Marsh, UK, Forest Peoples Programme.

**Herbertson, K., Ballesteros, A.R., Goodland, R. & Munilla, I.** 2009. *Breaking ground: engaging communities in extractive and infrastructure projects.* Washington, DC, World Resources Institute.

**Hill, C., Lillywhite, S. & Simon, S.** 2005. *Guide to free, prior and informed consent*. Carlton, Victoria, Australia, Oxfam Australia.

**IFC.** 2007. *Stakeholder engagement: a good practice handbook for companies doing business in emerging markets.* Washington, DC, International Finance Corporation.

**MacKay, F.** 2002. *Addressing past wrongs: indigenous peoples and protected areas: the right to restitution of lands and resources.* Moreton-in-Marsh, Forest Peoples Programme.

**Martin, S.** 2007. *Free, prior and informed consent: the role of mining companies*. Carlton, Victoria, Australia, Oxfam Australia.

**Mehta, L & Stankovich, M.** 2000. *Operationalisation of free prior informed consent*. Brighton, UK, Institute of Development Studies.

**Nelson, J.** 2007. *An overview of community mapping with FPP in Cameroon*. Moreton-in-Marsh, UK, Forest Peoples Programme.

**Phalan, B., Onial, M., Balmford, A. & Green, R.E.** 2011. *Reconciling food production and biodiversity conservation: Land sharing and land sparing compared.* Science 333(6047):1289–1291

**Puño, J.D. & Gutiérrez Laya, O.** 2007. *Starting point: self-determination – a Peruvian case study.* Moreton-in-Marsh, UK, Forest Peoples Programme.

**RSB.** 2011. *RSB guidelines for land rights: respecting rights, identifying risks, avoiding and resolving disputes and acquiring lands through free, prior and informed consent*. Geneva, Roundtable on Sustainable Biofuels.

**Sohn, J. (ed.)** 2007. *Development without conflict: the business case for community consent*. Washington, DC, World Resources Institute.

**UN Permanent Forum on Indigenous Issues (UNPFII).** 2005: *Report of the International Workshop on Methodologies Regarding Free, Prior and Informed Consent and Indigenous Peoples.* Document E/C.19/2005/3, submitted to the Fourth Session of the UNPFII, 16 – 17 May.

**UN-REDD Programme.** 2013. *UN-REDD Programme guidelines on free, prior and informed consent*. Geneva.

**World Bank.** 2005. *Operational Policy 4.10: Indigenous Peoples.* Washington, DC.

**World Commission on Dams.** 2000. *Dams and development: a new framework. The report of the World Commission on Dams.* London, Earthscan.

## လုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှုဆိုင်ရာ **နည်းပညာလမ်းညွှန်များ**

**FAO.** 2013. အမျိုးသမီးများနှင့် အမျိုးသားများအတွက် မြေယာ စီမံအုပ်ချုပ်မှု - မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ် ရာတွင် ကျား-မ သာတူညီမျှ တာဝန်ယူမှုရှိစွာ ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာလမ်းညွှန်။ လုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှုဆိုင်ရာ နည်းပညာလမ်းညွှန် အမှတ် (၁)၊ ရောမမြို့

**FAO.** 2013. သစ်တောလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှု တိုးတက်ရေး - လက်တွေ့လမ်းညွှန် လုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှုဆိုင်ရာ နည်းပညာ လမ်းညွှန် အမှတ် (၂)၊ ရောမမြို့


Food and Agriculture
Organization of the
United Nations

ဥပဒေအရ စိစစ်ကြပ်မတ်မှု အားနည်းသည့် မြေသိမ်းဆည်းမှုများသည် အထူးသဖြင့် အာဖရိကတိုက် ဆာဟာရတောင်ပိုင်းဒေသနှင့် အရှေ့တောင်အာရှတို့တွင် ကြီးမားသောပြဿနာများ ဖြစ်လာစေကာ စားနပ်ရိက္ခာဖူလုံရေး၊ ဒေသခံများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် ရေရှည်တည်တံ့သည့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုတို့အတွက် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်စေပြီး မြေယာပဋိပက္ခများနှင့် လူ့အခွင့်အရေးအလွဲသုံးမှုများကို စတင်ဖြစ်ပေါ်စေသည်။ အထူးသဖြင့်အန္တရာယ်ရင်ဆိုင်နေကြရသူများမှာ ဌာနေတိုင်းရင်းသားများ၊ အခြားသောဓလေ့ထုံးတမ်းမြေပိုင်ရှင်များ၊ အမျိုးသမီးများ၊ ဇာတ်နိမ့်သူများနှင့် တိုင်းရင်းသားလူနည်းစုများအပါအဝင် ခွဲခြားဆက်ဆံခံရသော လူမှုရေးအုပ်စုများဖြစ်ကြပါသည်။

ဤကောင်းစွာကြိုတင်အသိပေး၍ လွတ်လပ်သော သဘောတူညီမှုပေးခြင်း (FPIC) လုပ်ငန်းစဉ်အား လေးစားလိုက်နာရေး နည်းပညာ လမ်းညွှန်စာအုပ်တွင် အစိုးရဌာနများအနေနှင့် FPIC အား လေးစားလိုက်နာ၊ ကာကွယ်ပေးရန် လက်တွေ့ဆောင်ရွက်နိုင်သည့် နည်းလမ်းများနှင့် ကမ္ဘာတစ်ဝှမ်းမှ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ မြေအသုံးပြုသူများနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ အနေနှင့် FPIC နှင့် သက်ဆိုင်သည့် ၎င်းတို့၏ တာဝန်ဝတ္တရားများအား ဖော်ပြထားပါသည်။

**ဆက်သွယ်ရန်**

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)
Viale delle Terme di Caracalla
00153 Rome, Italy
VG-Tenure@fao.org



ISBN 978-92-5-134142-1
9 789251 341421
I3496MY/1/04.21